The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 31
တနင်္လာနေ့တိုင်းထုတ်ဝေသည်
August 14, 2017

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့တွေ့ဆုံ၍ ပဲစင်းငုံတင်ပို့နိုင်ရေးအတွက်ဆွေးနွေး

စာမျက်နှာ - ၃ ➢



## သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေ ဥရောပကို ပို့ကြမလား

စာမျက်နှာ - ၁၈ ➢

ASEAN Economic Community

## အာဆီယံသည် စီးပွားရေး ပေါင်းစည်းမှုဆောင်ရွက်နေကြောင်း ပြည်သူကို ပိုမိုအသိပေးသင့်

စာမျက်နှာ - ၁၅ ➢

## ကုန်သွယ်မှုမြှင့်တင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရနှင့် ထိုင်းနိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံကြမည်

စာမျက်နှာ - ၈ ➢

## ပန်းစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်ရရှိရေး ကြိုးပမ်းလုပ်ဆောင်သွားသင့်

စာမျက်နှာ - ၁၂ ➢




M.I.L
Myanmar Intelligent Logistic Trading Co., Ltd.
Your Satisfaction is our future
BUSINESS SCOPE
1. CUSTOM CLEARANCE SERVICES
2. TRUCK TRANSPORTATION
3. TRADING
4. FREIGHT FORWARDING
5. CROSS BORDER
No.16, Ground Floor, Warkhaema Street, Sanchaung Township, Myanmar.
Office: +951 502011, +959 262990524 Mobile : +959 252271277, +959 259639243 Email: wuttyee@myanmarintelligent.com


ကာလာအမိုးပြား နှင့်
ဆက်စပ် ပစ္စည်းထုတ်လုပ်ရေး
ကာလာအမိုးပြားအစုံ
OPP အပူခံပြား
အမိုးစရွေ
အာလိန်
ရေတာလျောက်ချိတ်
ဝါရှာ
Decking Sheet
C-Channel
Silicon
Gun
Ventilator
ထိပ်စိတ်(ရေတာလျောက်)
သံဇကာ
ဆူးကြိုး
ထိုင်ဝမ် အလင်းသွင်
ဝါးဆစ်ပိတ်
ချိန်းလိပ်
ရေတာလျောက် ဂေဆင်းပေါက်
ဖိုက်ဘာ အလင်းသွင်
ဆက်စပ်အိမ်ဆောက်ပစ္စည်းများ
ကာလာအမိုးပြားများကိုလူကြီးမင်းတို့ စိတ်တိုင်းကျ ကာလာစုံ၊ ဆိုဒ်စုံ၊ ဒီဇိုင်းစုံဖြင့် နေ့ချင်းပြီး ဝန်ဆောင်မှုပေးနေပါပြီ။
ကိုရီးယား နည်းပညာဖြင့် ထုတ်လုပ်သော အရည်အသွေးမြင့် POSCO KOREA C&C ကိုရီးယား အမိုးပြားများကိုလည်း ထုတ်လုပ်ရောင်းချပေးနေပါပြီ။
စက်ရုံ - မြို့ပတ်လမ်း၊ကျွဲရေကုန်းရွာထိပ်၊ ရွှေကျင်ရပ်၊မန္တလေးမြို့၊ ၀၉-၂၀၃၇၃၇၈၊ ၀၉-၂၀၀၄၆၆၇
ဆိုင်(၁) - ၈၄လမ်း၊ ၂၅လမ်းထောင့်၊မန္တလေးမြို့၊ ၀၂-၆၀၅၆၆၊ ၀၂-၃၅၅၅၀
ဆိုင်(၂) - ၂၄လမ်း၊ ၈၃ × ၈၄လမ်းကြား၊မန္တလေးမြို့၊ ၀၂-၃၅၅၉၁၊ ၀၂-၇၁၃၂၀
ပခုက္ကူ - ဇော်ဝင်းစက်ရုံခွဲ( 7 Colour စက်ရုံ)-စက်မှုဇုန် (၁)လမ်း၊မြစ်သာလမ်း၊ပခုက္ကူမြို့၊ ၀၉-၂၅၉၂၈၂၈၉၆၊ ၀၉-၂၅၉၂၈၂၈၉၇ ၀၆၂-၂၂၃၈၁

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri အား ဩဂုတ် ၁၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဧည့်ခန်းမ(၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံမှ မကြာသေးခင်က ထုတ်ပြန်ခဲ့သည့် ပဲစင်းငုံတင်သွင်းခြင်းဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တင်ပို့နေသည့် ပဲစင်းငုံများအပေါ် အကျုံးဝင်/မဝင် သိရှိလိုပါကြောင်း၊ မိမိတို့နိုင်ငံမှာ ပဲမျိုးစုံကို အဓိကတင်ပို့နေသည့်နိုင်ငံ ဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသည်လည်း အဓိကတင်သွင်းနေသည့် နိုင်ငံဖြစ်ရာ နှစ်နိုင်ငံအကျိုးစီးပွားကို ရှေးရှု၍ စဉ်းစားပေးသွားစေလိုပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အရလည်း စဉ်းစားဆောင်ရွက်သွားစေလိုပါကြောင်းနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုအလားအလာများ တိုးတက်လာစေရန် ဆောင်ရွက်သွားရမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အိန္ဒိယသံအမတ်ကြီးကလည်း မြန်မာနိုင်ငံမှ စိုက်ပျိုးသူ တောင်သူလယ်သမားများနှင့် အိန္ဒိယနိုင်ငံမှ စားသုံးသူတို့အကြား နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဆွေးနွေးခဲ့ သည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၄/ ၂၀၁၇) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၄/ ၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၉ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာ အသီးသီး၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် မော်တော်ယာဉ် တင်သွင်းခြင်းအပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်းအပိုင်းများကို လျင်မြန်ချောမွေ့စွာ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ ဌာနများမှ တင်ပြလာသော အမှာစာများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ကုမ္ပဏီများအနေဖြင့် မော်တော်ယာဉ် တင်သွင်းရာတွင်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်သွင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ အားနည်းချက် အားသာချက်များအား ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၂/ ၂၀၁၇) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ (၂/ ၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၀ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးတွင် ပို့ကုန်မြှင့်တင်ရေးကို အဓိက ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ပို့ကုန်တိုးတက်ရန် ဈေးကွက်ရှာဖွေပြီး အလားအလာရှိသည့် ပို့ကုန်များကို တိုးချဲ့ကြိုးပမ်းထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များကို အားပေးရမည်ဖြစ်ကြောင်း၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ (National Export Strategy) တွင်ပါဝင်သည့် ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရော်ဘာ အစရှိသည့် ပို့ကုန်များထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်ရေး နည်းပညာဆိုင်ရာ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးအား အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပခဲ့ပြီး ရေထွက်ကုန် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန် ငါးမွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေ သုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများအား ပြည်ပတင်ပို့မှု တိုးတက်လာစေရေး ကိစ္စရပ်များ၊ အမျိုးသားပို့ကုန် မဟာဗျူဟာကဏ္ဍ(၁၁)ရပ်မှ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်များ၊ လိုအပ်ချက်များနှင့် ကော်ဖီ၊ လက်ဖက် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဝါး၊ ကြံ၊ သကြား ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများမှ ဖော်ထုတ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်ဆန်စပါးဈေးကွက်တွင် ဆန်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ ကို ၁၀ သိန်းခွဲဈေးရှိပြီး ဆန်တစ်အိတ်လျှင် ကျပ် ၃၈၅၀၀ မှ ကျပ် ၃၉၀၀၀၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင်တင်း ၁၀၀ ကို ကျပ်ကိုးသိန်းခွဲ၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ မှ ၃၇၅၀၀၊ ညွှန့်မထအုပ်စုဝင် ရွှေသွယ်စပါးပေါင်၁၀၀ တင်း၁၀၀ကို ခုနစ်သိန်းဈေးရှိပြီး ဆန်တစ်အိတ်လျှင်ကျပ် ၂၈၀၀၀ မှကျပ် ၂၉၀၀၀၊ မနောသုခစပါးပေါင် ၁၀၀ တင်း ၁၀၀ကိုကျပ်ငါးသိန်းခွဲဈေးရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀၊ သီးထပ်ရင် စပါးပေါင် ၁၀၀ တင်း ၁၀၀ ကို ကျပ်ငါးသိန်းနှစ်သောင်း၊ ကျပ်ငါးသိန်းသုံးသောင်းရှိပြီး ဆန်တစ်အိတ်ကို ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၅၀၀ ဈေးနှင့် ဇူလိုင်လဈေးအတိုင်း ဩဂုတ်လဒုတိယပတ်အတွင်းဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ဒေသတွင်း ဟင်္သာတ၊ ကြံခင်း၊ မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် ရန်ကုန်သို့ ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

လက်ရှိစပါးပေါက်ဈေးနှုန်းမှာ တောဈေးနှုန်းဖြစ်၍ မြို့ပေါ်ရှိဆန်စက်များမှ ဝယ်ယူလျှင် ခရီးအကွာအဝေးပေါ်မူတည်၍ သယ်ယူစရိတ်ကျပ် ၁၀၀၀၀မှ ကျပ်၁၅၀၀၀ဈေးနှုန်းရှိပြီး ဆန်ဝယ်ယူသည့်အခါ လက်လီဈေးနှုန်းထက် လက်ကားအိတ်ရေများများဝယ်ယူလျှင် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အတွင်း ဈေးနှုန်းကွာခြားမှုရှိကြောင်း၊ လက်ရှိပုသိမ်ဈေးကွက်တွင် အခြားတိုင်းများမှ ဆန်များလာရောက်ဝယ်ယူလျက်ရှိပြီး ယခုအခါတွင် လက်ကျန်လှောင်စပါးများ ယခင်ထက်လျော့နည်းလာသော်လည်း ဆန်၊ စပါးဈေးနှုန်း ထူးထူးခြားခြားပြောင်းလဲမှုမရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်ချောဈေးငြိမ်နေပြီး ဆန်ကြမ်းအနည်းငယ် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအရောင်းအဝယ်အေးနေပြီး ဆန်ကြမ်းသာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ဆန်ချောဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၅၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်တစ်အိတ် ကျပ်၃၆၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ် အိတ်ကျပ် ၄၈၀၀၀မှ ၄၉၀၀၀နဲ့ ဈေးငြိမ်နေပြီး အရောင်းအဝယ်လည်း ငြိမ်နေကြောင်း သိရပါတယ်။

ဆန်ကြမ်းညွှန့်မထနဲ့ အိတ်စပို့၂၅ မှတ်တစ်အိတ်ကို ကျပ် ၃၀၀ ခန့် ဈေးတက်ပါတယ်။ ညွှန့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၂၀၆၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၁၈၃၀၀၊အိတ်စပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၈၀၀၀ မှ ၁၈၃၀၀ ဖြစ်ပြီး ဆန်ကြမ်းအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။နှွေသီးထပ်ရှယ် တစ်အိတ်ကျပ်၂၀၀၀၀ မှကျပ်၂၀၅၀၀၊ နှွေဆန်ရက် ၉၀တစ်အိတ်ကျပ်၂၁၀၀၀မှကျပ်၂၁၅၀၀၊မနောသုခ တစ်အိတ်ကျပ်၂၄၀၀၀မှ ကျပ်၂၅၀၀၀ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိနေပေမယ့် ယခုရက်ပိုင်းအတွင်း ဆန်အဝင် လျော့သွားတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ယခုတစ်ပတ် ဆန်ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ညွှန့်မထ ၅ မှတ်စူပါနဲ့ မော်ဘီတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ်၊ ညွှန့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၂၈ ယွမ်မှ ၁၂၉ ယွမ်၊ ညွှန့်မထ ၁၀ မှတ် စူပါတစ်အိတ် ယွမ်၁၃၀ မှ၁၃၁ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၁၈ ယွမ်မှ ယွမ်၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ယွမ် မှ၁၁၅ ယွမ်ရှိပြီး ဈေးနှုန်း အပြောင်းအလဲသိပ်မရှိကြောင်းသိရပါတယ်။ ဆန်အရောင်းအဝယ်လည်း ပုံမှန်သာရှိနေတယ်လို့ သိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဩဂုတ် ၃ ရက်မှ ၈ ရက်အထိ ၁၆၁၉၇ တန်ရှိပါတယ်။

**ယဉ်ယဉ်အေး**

# မုံရွာမြို့တွင် ဖြစ်ပေါ်နေသော ဩဂုတ်လအတွက် ဆန်ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် စပါးစိုက်ပျိုးလျက်ရှိသည့်ဒေသများမှာ ရွှေဘိုခရိုင်၊ ကသာခရိုင်၊ ယင်းမာပင်ခရိုင်၊ ခန္တီးခရိုင်၊မုံရွာခရိုင်၊စစ်ကိုင်းခရိုင်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်၂၀၁၆-၂၀၁၇ နွေစပါးစိုက်ဧကသုံးသိန်းကျော် စိုက်ပျိုးပြီး မိုးစပါးစိုက်ဧက ၁၈သိန်းကျော်တွင် ရွှေဘိုပေါ်ဆန်းသုံးသိန်းကျော်နှင့်ဧရာမင်းလေးသိန်းကျော်စိုက်ပျိုးခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေါ်ဆန်း၊ ဧရာမင်း၊ မဂျမ်းတောနှင့် ရွှေဝါထွန်းစပါး အမျိုးအစားများကို တစ်နှစ်ပတ်လုံး အများဆုံး စိုက်ပျိုးလျက်ရှိပါ သည်။ နွေစပါးဖြစ်သော 747၊ ပုလဲသွယ်၊ ရွှေသွယ်ရင်၊ ရွှေဘို-၁၊ မနောသုခများကို ဖေဖော်ဝါရီလနှင့်မတ်လတွင် စတင်စိုက်ပျိုးပြီး ဇွန်၊ ဇူလိုင်လတွင် ရိတ်သိမ်းကာဩဂုတ်လတွင် ဈေးကွက်သို့ဝင်ရောက်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသမျှဆန်များကို မန္တလေးတိုင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ချင်းပြည်နယ်၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်များသို့အများဆုံး စီးထွက်လျက် ရှိပါသည်။ ထို့ပြင် ရွှေဘိုပေါ်ဆန်းဆန်များကို ရန်ကုန်မြို့သို့အဓိကတင်ပို့ရောင်းချလျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ လစဉ်ဆန်အိတ်ရေ ပျမ်းမျှ သုံးသိန်းကျော် စီးထွက်လျက်ရှိပါသည်။

ဩဂုတ်လအတွင်း မုံရွာမြို့၌ ဖြစ်ပေါ်လျက်ရှိသည့် ပေါ်ဆန်းစပါးဈေးမှာ တစ်တင်းလျှင် အမြင့်ဈေး ၁၂၅၀၀ ကျပ်၊ ဧရာမင်းစပါးတစ်တင်းမှာ အမြင့်ဈေး ကျပ် ၉၀၀၀ နှုန်းဖြင့် ဈေးနှုန်းပေါက်လျက်ရှိပါသည်။

ယခုလအတွင်း ရွှေဘိုပေါ်ဆန်း(ရှယ်)တစ်တင်းခွဲဝင် တစ်အိတ် ဈေးနှုန်း ကျပ် ၄၈၅၀၀ ရှိပြီး တစ်ပြည်လျှင်ကျပ် ၂၁၀၀ ရှိပါသည်။ အလတ်စား တစ်တင်းခွဲတစ်အိတ်လျှင်ဈေးမှာကျပ် ၄၆၅၀၀ ရှိပြီး တစ်ပြည်လျှင်ကျပ် ၁၉၅၀ရှိပါသည်။ ဧရာမင်း(ရှယ်) တစ်တင်းခွဲအိတ်တစ်အိတ်လျှင်ကျပ် ၄၈၀၀၀ ရှိပြီး တစ်ပြည်လျှင်ကျပ် ၂၀၀၀ ရှိပါသည်။ အလတ်စား တစ်တင်းခွဲဝင်တစ်အိတ်လျှင် ကျပ် ၄၅၀၀၀ ရှိပြီး တစ်ပြည်လျှင် ကျပ် ၁၉၀၀ ရှိပါသည်။

ဆန်ဈေးနှုန်းများမှာ ဧပြီလမှစ၍ ယခုဩဂုတ်လအထိ တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ယခင်လက ရွှေဘိုပေါ်ဆန်းရှယ် တစ်တင်းခွဲဝင်တစ်အိတ်လျှင် ကျပ် ၄၆၀၀၀၊ တစ်ပြည်လျှင်ကျပ် ၂၀၀၀ ရှိပါသည်။

ရွှေဘိုပေါ်ဆန်းအလတ်စား တစ်တင်းခွဲဝင်တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ တစ်ပြည်လျှင်ကျပ် ၁၈၅၀ ရှိကြောင်း သိရှိရသည်။ မိုးရွာသွန်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ခြင်း၊လုပ်အားခမြင့်တက်၍ အလုပ်သမား ငှားရမ်းမှု ခက်ခဲခြင်းတို့ကြောင့် ဈေးမြင့်တက်ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**ဇေယျာကုန်သွယ်မှုဗဟိုဌာန**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၉-၈-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၂ | ၄၁၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၇ | ၃၉၇ | □ | ၄၁၀ | ၄၁၀ | □ | ၄၁၀ | ၄၁၀ | □ | ၄၁၀ | ၄၁၀ | □ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၉၁ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၉၁ | ၃၉၁ | □ | ၃၉၀ | ၃၉၀ | □ | - | - | - | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၂၅% | ၃၀၅ | ၃၀၅ | □ | ၃၇၅ | ၃၇၅ | □ | ၃၆၅ | ၃၆၅ | □ | ၃၆၀ | ၃၆၀ | □ |
| ပေါင်းဆန် | ၄၁၈ | ၄၁၉ | △ | - | - | - | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၃၀ | □ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၁၁-၈-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညွှန့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | △ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၉၇၀ | △ | ၂၀၅၀၀ | △ | ၇၉၇၀ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၄၇၀၀ | △ | ၁၈၅၀၀ | □ | ၆၇၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | □ | ၁၉၂၀၀ | □ | ၁၂၅၀၀ | □ | ၄၁၅၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၂၀ | □ | ၁၈၅၀၀ | △ | - | - | ၃၅၅၀၀ | △ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၃၉၀၀၀ | △ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၅၀ | △ | ၃၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၃၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | △ | ၁၈၅၀၀ | □ | - | - | ၃၉၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညွှန့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၇-၈-၂၀၁၇ မှ ၁၁-၈-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1007 | 53,061,037.871 |
| 2 | Form D | 79 | 3,104,480.260 |
| 3 | Form E | 118 | 3,525,441.420 |
| 4 | Korea GSP | 4 | 132,432.250 |
| 5 | Form AK | 99 | 10,081,606.920 |
| 6 | Form AJ | 10 | 1,046,825.940 |
| 7 | Form AI | 84 | 4,113,869.630 |
| 8 | Form AANZ | 9 | 51,941.244 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1410** | **74,117,635.535** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၈-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၇ | ၁၁/၈ | ပြောင်းလဲမှု | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၂၅ | ၁၂၅၃ | ▲ | ၁၂၈၃ | ၁၃၀၀ | ▲ | ၁၂၀၀ | ၁၂၆၅ | ▲ | ၁၂၁၅ | ၁၂၁၅ | ■ |
| ပဲစင်းငုံ | ၉၇၀ | ၈၃၀ | ▼ | ၉၃၀ | ၈၃၃ | ▼ | ၉၀၅ | ၈၁၅ | ▼ | ၉၀၅ | ၈၇၅ | ▼ |
| ပဲတီစိမ်း | ၁၇၁၅ | ၁၈၀၀ | ▲ | ၁၉၅၆ | ၁၉၇၃ | ▲ | ၁၈၉၅ | - | - | ၁၈၇၀ | ၁၅၇၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၇၀၀ | ▲ | ၂၂၀၁ | ၂၂၁၀ | ▲ | ၂၁၀၄ | ၂၂၃၇ | ▲ | ၂၀၆၅ | ၂၁၀၅ | ▲ |
| ပဲလွန်းဖြူ | ၁၇၀၀ | ၁၇၅၀ | ▲ | - | - | | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၂၃၁၁ | ၂၄၀၀ | ▲ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၈-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၅၆၀ | ၅၇၅ | ▲ | ၆၃၆ | ၆၉၀ | ▲ | ၆၁၂ | ၆၂၃ | ▲ |
| ပဲစင်းငုံ | ၄၅၅ | ၄၄၀ | ▼ | ၅၃၄ | ၆၃၉ | ▲ | ၅၄၂ | ၆၅၅ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၀၆ | ၇၆၄ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၈၂၀ | ၈၄၉ | ▲ | ၈၃၂ | ၈၅၃ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၇.၁၇)ထိ | ယခုတစ်ပတ် (၅.၈.၁၇)ထိ | (၁.၁.၁၇) မှ (၅.၈.၁၇) ထိ |
| မတ်ပဲ | ၃၁၅၄၄၄ | ၁၀၃၀၉ | ၃၂၅၇၅၃ |
| ပဲတီစိမ်း | ၉၇၇၃၂ | ၉၉၉ | ၉၈၇၃၁ |
| ပဲစင်းငုံ | ၁၈၀၅၀၅ | ၂၀၆၂ | ၁၈၂၅၆၇ |
| ကုလားပဲ | ၃၃၂၇၇ | ၆၁၀ | ၃၃၈၈၇ |
| ပဲလွန်းဖြူ | ၁၂၂၁၉ | ၂၈ | ၁၂၂၄၇ |
| မြေထောက်ပဲ | ၈၄၄၂ | ၁၄၄ | ၈၅၈၆ |

## ပြည်ပနီပြားလက်လီအဝယ်သာရှိပေမယ့်ဈေးပိုလာခဲ့

ယခုတစ်ပတ်ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီရောင်းဝယ်နေတဲ့ ပဲသီးနှံအချို့ဈေးမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ လက်ကားရောင်းဝယ်နေတဲ့ ပဲအချို့ဈေးအေးနေပေမယ့် လက်လီပဲဈေးကွက်ရှိ ပဲလွန်းဖြူ ထောပတ်ပဲစတဲ့ ပဲများအပြင် ပဲနီပြားလည်း ဈေးကောင်းရလျက်ရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ယခင်တစ်ပတ်ကထက် ဈေးထပ်မံမြင့်တက်ခဲ့တာကြောင့် တစ်တင်းကျပ် ၂၈၅၀၀နဲ့ လက်လီဝယ်ယူခဲ့တဲ့အတွက် အိတ်အနည်းငယ်ရောင်းချရခဲ့ပါတယ်။ ပဲနီပြားသီးနှံဟာ ပဲအထွက်လှိုင်ချိန်များတွင်သာ လက်လီ၊ လက်ကားရောင်းဝယ်မှုများပေမယ့် ယခုကာလများတွင် လက်ကျန်ပဲသာရှိတဲ့အတွက် လက်လီအရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပဲလက်ကျန်နည်းလို့အရောင်းအဝယ်ပါးသွားသော်လည်း ဈေးကောင်းရနေတဲ့ ပြည်ပဲလွန်းဖြူ

ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ကုလားပဲသီးနှံများဟာ လက်ကျန်ပဲများရှိခဲ့လို့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အချို့ပဲများကတော့ လက်ကျန်ပဲလည်း နည်းလာခဲ့ပြီဖြစ်လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံဟာလည်း လက်ကျန်ပဲအလွန်နည်းသွားပြီဖြစ်တာကြောင့် ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုနည်းသွားကာ နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါ တယ်။

ပြည်ပဲလွန်းဖြူက ဈေးကောင်းရတဲ့ပဲအမျိုးအစားထဲမှာ ပါဝင်နေတယ်လို့ဆိုရမှာဖြစ်ပြီး တစ်တင်းကျပ် ၃၄၅၀၀ နဲ့ ဘိုကိတ်၊ ပဲပုပ်၊ ပဲနီပြား၊ ထောပတ်ပဲများထက် ဈေးကောင်းပိုရလျက်ရှိတာကိုတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

# ဩဂုတ်လဒုတိယပတ်ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်းသစ်များ ဆက်လက်ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်သွက်နေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် ဩဂုတ်လဒုတိယပတ်အတွင်း ပဲဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့သလို ပဲသစ်သီးနှံအချို့ဈေးကွက်သို့ဝင်ရောက်ခဲ့ပြီး ပြည်ပဝယ်လက်ဝယ်လိုအားရှိတဲ့ ပဲများအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည်ဖြင့် ပြည်ပဝယ်လိုအားရှိတဲ့ပဲများအနက် ပဲတီစိမ်းသီးနှံဟာ ပဲသစ်များဝင်ရောက်လာတာကြောင့် ပြည်ပဝယ်လက်ရှိသော ပဲဈေးကွက်မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေသလို ပဲဈေးနှုန်းမှာလည်း မတ်ပဲ၊ ပဲစင်းငုံ သီးနှံများထက် ဈေးကောင်းပိုရနေခဲ့တယ်လို့သိရပါတယ်။ ပဲတီစိမ်းသီးနှံကို တရုတ်ဝယ်လက်ရှိတာကြောင့် မန္တလေးလိုင်းသမားများက အဝင်ရှိသလောက် ဝယ်ယူခဲ့ကြကာ နေ့စဉ်အိတ် ၃၀၀ ကျော် အရောင်းအဝယ်ရှိခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၃၆၀၀၀ ဖြင့် လဆန်းရက်က ဈေးအတိုင်း ဈေးအမြင့်နဲ့ ဈေးဆက်လက်ငြိမ်နေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ပဲအဝင်ရှိသော်လည်း နေ့စဉ်ဝင်ရောက်ခြင်းမရှိဘဲ အိတ် ၁၀၀ မှ ၁၅၀ ကျော်ရက်ခြားဝင်ရောက်ခဲ့ပြီး ဝယ်လက်အနေဖြင့် ရန်ကုန်ဝယ်လက်နေ့စဉ်ဝယ်ယူမှုရှိကြတာကြောင့် အိတ် ၂၀၀ ကျော်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းအနေဖြင့်ဈေးအနည်းငယ်ပြန်မြင့်လာခဲ့ပြီး တစ်တင်းကျပ် ၂၅၅၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း လက်ဝယ်ပဲလက်ကျန်ရှိသူ တောင်သူအချို့ကတော့ ထုတ်ရောင်းချမှုမရှိဘဲ ဈေးတက်လာမလား ဆက်မျှော်ကာ လက်ဝယ်သိုလှောင်ထားရှိမှုများရှိနေခဲ့ပါတယ်။ ဇူလိုင်လဆန်းက မတ်ပဲဈေးမှာ တစ်တင်းကျပ် ၂၈၀၀၀ ခန့်ရရှိနေခဲ့လို့ ယခုတစ်ပတ် ဈေးပြန်မြင့်လာတယ်ဆိုသော်လည်း ယခင်လလဆန်းရက်က ဖြစ်ပေါ်ခဲ့တဲ့ဈေးကို မမီခဲ့ဘူးလို့သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲရှိသော်လည်း ဈေးအေးနေခဲ့လို့ ထုတ်ရောင်းချမှုနည်းကာ အရောင်းအဝယ်ပါးနေခဲ့ပြီး တစ်ခါတစ်ရံမှသာ ရောင်းချရတာကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ မှ ၃၀၀ ခန့်ရောင်းဝယ်ခဲ့ရကြောင်းသိရပါတယ်။ ပဲဈေးမှာ ထပ်မံဈေးလျော့သွားတဲ့အတွက် တစ်တင်းကျပ် ၁၇၀၀၀ သာရရှိတဲ့အတွက် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် ၁၅၀၀ခန့် ကျဆင်းသွားခဲ့တာကိုတွေ့ရပါတယ်။

ကုလားပဲသီးနှံဟာဆိုလျှင် ပြည်တွင်းဝယ်လက်အဓိကထားဝယ်ယူမှုရှိတဲ့ ပဲဖြစ်သော်လည်း လက်ကျန်ပဲများရှိခဲ့လို့ နေ့စဉ်ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ကြရပြီး အိတ်၁၅၀ မှ ၂၀၀ ကျော်ရောင်းချခဲ့ကြရသလို ခွဲစက်သမားအဝယ်လိုက်သည့်ရက်တွင် အိတ် ၃၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၄၁၅၀၀ ဖြင့် ပဲကြီးသီးနှံလောက်ဈေးမမြင့်ပေမယ့် ပြည်ပ ဝယ်လက်ပဲများထက် ဈေးကောင်းရနေကာ တစ်တင်းကျပ်လေးသောင်းနှင့်အထက် ရရှိခဲ့ကြတာကြောင့် ဈေးကောင်းရရှိနေတဲ့ပဲသီးနှံအမျိုးအစားတစ်ခုဖြစ်နေခဲ့ပါတယ်။

မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲတီစိမ်းစသည့်ပဲများအရောင်းအဝယ်ဖြစ်မှုများသော်လည်း ကျန်ပဲများဖြစ်သော ဘိုကိတ်၊ ပဲပုပ်၊ ထောပတ်ပဲစသည့် ပဲသီးနှံများမှာ လက်လီဝယ်ယူမှုသာရှိခဲ့သလို ပဲလက်ကျန်လည်းနည်းခဲ့တဲ့အတွက် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းကာ ပဲဈေးများမှာတော့ ဘိုကိတ်ပဲတစ်တင်းကျပ် ၂၄၀၀၀၊ ပဲပုပ်တစ်တင်းကျပ် ၂၈၀၀၀၊ ထောပတ်ပဲတစ်တင်းကျပ် ၃၂၀၀၀ ဖြင့် အသီးသီး ဒေသတွင်းလက်လီဝယ်ယူသူများနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည်ပဲကြီးသီးနှံ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရလျက်ရှိနေတဲ့ပဲကြီးသီးနှံဟာ ပဲအဝင်မရှိတော့ဘဲ လက်ကျန်ပဲများနဲ့သာ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။ ပဲကြော်ဖိုသမားများသာ အဓိကအဝယ်ရှိခဲ့လို့တစ်ရက်အိတ် ၂၅၀ကျော်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ(ရွှေကျွန်း) တစ်တင်းကျပ် ၄၈၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၅၀၀၀ ဖြင့် ယခင်တစ်ပတ်ဈေးထက်တော့ တစ်တင်းကို ကျပ်တစ်ထောင်ခန့် လျော့နည်းသွားခဲ့ပေမယ့် ဈေးကွက်အတွင်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ Export ဝယ်လက်ပဲများထက်ပင် ဈေးကောင်းရနေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ် ဩဂုတ်လအတွင်း ပဲကြီးသီးနှံဈေးဟာ တစ်တင်းကျပ် သုံးသောင်းအောက်သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးဟာ ယခင်နှစ်ရဲ့ ဈေးထက်ကျပ်နှစ်သောင်းခန့်ဈေးပိုရရှိခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်လက်လီပဲဈေးကွက်မှာ ပြည်စားတော်ပဲဈေးကောင်းရ

ဩဂုတ်လအတွင်း ပြည်ပဲဈေးကွက်မှာ ပဲကြီးသီးနှံပြီးလျှင် ဒုတိယဈေးအမြင့်ဆုံးလိုက်နေတဲ့ ပဲသီးနှံကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။ စားတော်ပဲသီးနှံဟာ နေ့စဉ်လက်လီ အရောင်းအဝယ်ဖြစ်ပေမယ့် အိတ်အနည်းငယ်စီသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် လက်ကျန်ပဲများရှိမှုအပေါ် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာတစ်တင်းကျပ် ၄၆၀၀၀ နဲ့ ယခင်တစ်ပတ်ကဈေးထက် ကျပ် ၅၀၀ ခန့်ပိုရခဲ့တာကိုလည်း တွေ့ရပါတယ်။ အခြားပဲများဈေးအတက်အကျသိပ်မမှန်သော်လည်း စားတော်ပဲသီးနှံဟာ နှစ်စဉ်လိုလိုဈေးကောင်းရရှိခဲ့တဲ့ သီးနှံဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်မြေပဲဆန်ဈေးကွက်မှာ မိုးမြေပဲအသစ်များ ဝင်ရောက်မှုနည်းသေးလို့ ဈေးအတက်အကျရှိနေ

ပြည်ဈေးကွက်တွင် မိုးမြေပဲသစ်များ ထွက်ပေါ်နေပြီ ဖြစ်သော်လည်း တစ်နေ့လျှင် အိတ် ၂၀၀ ခန့်သာ ဝင်ရောက်မှုရှိသဖြင့် အဝင်နည်းသေးတာ တွေ့ရပါတယ်။ ရွှေတောင်၊ ပေါင်းတည်၊ ဇီးကုန်းနဲ့ ပေါက်ခေါင်းဘက်မှ ဝင်ရောက်မှုရှိပေမယ့် အနည်းငယ်သာ ဝင်ရောက်နေလို့ ဈေးမငြိမ်ဘဲ အတက်အကျရှိနေပါတယ်။ ဝယ်လိုအားရှိရင်ရှိသလို ဈေးမြင့်ပြီး ဝယ်လိုအားနည်းရင်နည်းသလို ဈေးကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ်၁၀၀ ဈေးပိုလာပြီး ဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ နဲ့ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပါတယ်။ လုံးဆန်(အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၅၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ် ၁၀၀ ဈေးပိုလာပြီး လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝေဝေမင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၀ .၈ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.PRIMROSE | P.Oil (In Bulk) ၄၃၀၀ တန်ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - SIMA PERFECT | ကုန်သေတ္တာ ၄၇၈ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - MAX CRUSADER | ကုန်သေတ္တာ ၄၉၇ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (၁) | - GA ZI | ဆန်တန် ၂၀၀၀၀ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၁) | - BAGAN STAR | ကုန်သေတ္တာ ၂၈၈ ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၂) | - ANAN BHUM | ကုန်သေတ္တာ ၅၂၆ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WARSAW | ကုန်သေတ္တာ ၅၆၄ ကုန်တင်ဆဲ<br>ကုန်သေတ္တာ ၃၉၀ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAJESTY | ဆန် ၂၅၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၂၀၅၀၀တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - AT 27 | ဆန် ၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | -TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - DYNAMIC OCEAN -27 | သကြား ၆၅၀၀ တန်ကုန်ချဆဲ |
| Myanmar Integrated Port Ltd | - V.TRE | Coal (In Bulk) ၂၈၀၂၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၁) | - YANTRA BHUM | ကုန်သေတ္တာ ၂၂၁ လုံးတင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - KALA PATI | Steel Products ၂၅၆၀ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - AEGIS FORTUNE | Steel Product & Fertilizar ၂၈၀၀၀ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - GEORGIOS-S | Coal (In Bulk) ၃၀၉၄၀ တန်ကုန်ချဆဲ |
| PHJ နန်းသီတာဆိပ်ကမ်း | - WEI THU KAMMA | Edible ၅၀၀ တန် ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AU CO-10 | Concrete Pipes ၄၉၃၂ တန် ကုန်တင်ရန် | VIETNAM | ၁၁.၈.၂၀၁၇ |
| LUCKY SOURCE | (Fertilizer)2227 (Steel & Equipment) ၇၅၁၉တန် ကုန်ချရန် | CHINA | ၁၁.၈.၂၀၁၇ |
| LOTUS LEADER | Units Vehicle (RO/RO) ၁၁၃ တန် ကုန်ချရန် | JAPAN | ၁၂.၈.၂၀၁၇ |
| THEO TOKOS | ဆန် ၂၀၀၀၀ တန် ကုန်တင်ရန် | SINGAPORE | ၁၂.၈.၂၀၁၇ |
| HELVETIA | Units CATMARANS 2 ကုန်ချရန် | NEWCASEL | ၁၆.၈.၂၀၁၇ |
| ASIAN LEADER | Units Vehicle (RO/RO) ၇၀၄ တန် ကုန်ချရန် | JAPAN | ၁၆.၈.၂၀၁၇ |
| BBC RASARIO | STATE TURBINE 101 ကုန်ချရန် | GERMANY | ၂၂.၈.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA RATNA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၈.၂၀၁၇ |
| THAN LWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၈.၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၁.၈.၂၀၁၇ |
| SANTOSA STAR | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၀.၈.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၂.၈.၂၀၁၇ |
| TYGRA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၃.၈.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၈.၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၈.၂၀၁၇ |
| PACITA | SINGAPORE | အလုံဆိပ်ကမ်း | ၁၃.၈.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၃.၈.၂၀၁၇ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၈.၂၀၁၇ |
| MCC MERGUI | SINGAPORE | စက်မှုဆိပ်ကမ် | ၁၄.၈.၂၀၁၇ |
| SAN GIOR GIO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၅.၈.၂၀၁၇ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၈.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN SUPREME | ဒီဇယ်ဆီ | (to MYATMYITA MONJETTY) | ၁၀.၈.၂၀၁၇ |
| MT. FLY MARLIN | ဒီဇယ်ဆီ | - | ၁၁.၈.၂၀၁၇ |
| MT.YURU | MOGAS 92 RON | SINGAPORE | ၁၃.၈.၂၀၁၇ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၄.၈.၂၀၁၇ |
| MT.BLUE OCEAN -02 | P.Oil (In Bulk) | INDONESIA | ၁၅.၈.၂၀၁၇ |
| MT.YA LONG WAN | ASPHALT | INDIA | ၁၅.၈.၂၀၁၇ |

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ပေါက်ဈေးနှုန်းမှာ ယခင်တစ်ပတ်ပေါက်ဈေးအတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခင်တစ်ပတ်ကဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သော်လည်း ယခုတစ်ပတ်မှာ ဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်အိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ(လုံးဆန်ဖြူ) ကျပ် ၂၃၅၀နဲ့ အိတ်၆၀၀၊ (လုံးဆန်နီ) ကျပ် ၂၂၅၀နဲ့ အိတ်၃၀၀၊ (ဆီဆန်)ကျပ် ၂၀၅၀နဲ့ အိတ် ၂၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကာ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနဲ့ ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဩဂုတ်လဒုတိယပတ် မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်တွင် လက်ကျန်ပဲနည်းလာလို့ ကုလားပဲဈေးဆက်မာ

ဩဂုတ်လဒုတိယပတ်တွင် မုံရွာကုန်စည်ဒိုင်ရဲ့ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လိုအားနည်းသွားပေမယ့် ပြည်တွင်းသုံးဝယ်လိုအားမြင့်နေဆဲမို့ ဈေးဆက်လက်မာခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်ကုလားပဲဖြူလုံးကြီးတစ်တင်းလျှင် ကျပ် ၄၂၅၀၀၊ ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ 929 တစ်တင်းလျှင်ကျပ်၄၀၅၀၀အထိ ဈေးအသီးအသီးမာနေပြီးဒေသတွင်းနှင့်မန်းဝယ်လက်အဆွဲရှိတာကြောင့် တစ်ရက်အိတ် ၈၀၀မှ၇၀၀ကြား အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ငုံနီတစ်တင်းလျှင် အမြင့်ဆုံးဈေး ၁၇၇၀၀ကျပ်ဝန်းကျင်ရှိပြီး ကျဈေးဖြင့် ဈေးအေးနေကာ တစ်ရက်အိတ် ၈၀၀-၁၀၀၀-၂၀၀၀ ဖြင့် ပုံမှန်မဟုတ်ဘဲအရောင်းအဝယ်မငြိမ်ဖြစ်နေတယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်မှာတော့ ပြည်ပဝယ်လက်ပါးခဲ့ကာ ဒေသတွင်းလှောင်လက်သမားများ အနည်းငယ်သာဝယ်ယူမှုရှိလို့တစ်ရက်အိတ်၂၀၀မှ၄၀၀ကြားအရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲအရည်အသွေးပေါ် မူတည်၍ တစ်တင်းလျှင် ပေါက်ဈေး ၂၈၀၀၀ မှ ၃၃၅၀၀ ကျပ်အထိ ဈေးအေးသွားခဲ့ပါတယ်။ယခုတစ်ပတ် မတ်ပဲဈေးကွက်မှာတော့ ပြည်ပဝယ်လက်ဆွဲအားကောင်း၍ ဒေသတွင်းနှင့် ပြည်တွင်းဝယ်လက်ပုံမှန်ရှိခဲ့လို့ တစ်တင်း ၂၅၃၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး တစ်ရက်အိတ် ၂၀၀ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ကျန်ဒေသသုံး ပဲလက်လီဈေးကွက်အနေနဲ့ ပဲအများစုဈေးဆက်လက်ငြိမ်နေခဲ့ရာ စွန်တာနီတစ်တင်းလျှင် ကျပ် ၂၈၀၀၀မှ ၂၈၃၀၀၊ ပဲနီလုံးကြား တစ်တင်းလျှင် ကျပ် ၃၁၀၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၅၃၀၀၀ မှ ၅၅၀၀၀၊ ပုဂံပဲ တစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ ပဲပုပ်စေ့ တစ်တင်းလျှင် ကျပ် ၃၁၅၀၀၊ ထောပတ်ပဲ တစ်တင်းလျှင် ကျပ် ၃၀၀၀၀၊ မြေထောက်ပဲ တစ်တင်းလျှင် ကျပ် ၃၂၀၀၀မှ ၃၅၀၀၀၊ ပဲယင်း တစ်တင်းလျှင် ကျပ် ၁၉၂၀၀ အသီးသီးပေါက်ဈေးဖြစ်ခဲ့ကာ ပဲတစ်မျိုးလျှင် အိတ် ၁၀၀ နှင့် အိတ် ၁၅၀အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်မှ လေ့လာသိရှိရပါတယ်။**လင်းလင်းသန့်**

## မအူပင် နွေစပါးအနိမ့်စ ၂၅ မှတ်ဆန် ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်သို့တင်ပို့

မအူပင်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၄၁၂၉၃ ဧက စိုက်ပျိုးရန်လျာ ထားပြီး အမှန်တကယ် စိုက်ဧကမှာ ၁၃၄၃၈၉ ဧကထိရှိခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် နွေစပါး ၇၉၇၄၄ ဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်း အမှန်တကယ် ရိတ်သိမ်းဧကမှာ ၄၁၂၉၇ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး ပျမ်းမျှအထွက်နှုန်းမှာ ၉၆ ဒသမ ၆၇ တင်းနှုန်းထွက်ရှိသဖြင့် နွေစပါးစုစုပေါင်းထွက်ရှိမှုမှာ ၄၁၈၅၉၉၇ တင်းထွက်ရှိကြောင်း သိရှိရပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် မအူပင်မြို့နယ် ဆန်စက်ကြီး၊ ဆန်စက်ငယ်များ၏လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းကမ်းစနစ်ကျသောလုပ်ငန်းရှင်များ ဖြစ်ပေါ်လာစေရန် ကွင်းဆင်းလေ့လာစိစစ်မှုများ ဆောင်ရွက်ရာတွင် ရေလဲကားလမ်းဘေးရှိ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်စက်တစ်စက်ချင်းဆီသို့ သွားရောက်တွေ့ဆုံမေးမြန်း ဆောင်ရွက်ခဲ့ပါသည်။

ဝင်းသီဂီ၊ စိန်သီဟ၊ စိုးမိုးအောင်၊ ရွှေလဝင်း၊ စိုးမိသားစု၊ နိုင်းဝမ်းတူးနှင့် ကျော်ပဒေသာဆန်စက်များရှိ လုပ်ငန်းရှင်များ၏တင်ပြချက်များမှာ မအူပင်မြို့နယ်ရှိ လက်ရှိဆန်၊ စပါးဈေးကွက်မှာ စက်အရောက် နွေစပါး တစ်တင်းလျှင် ကျပ် ၅၀၀၀နှုန်းဖြင့်လည်းကောင်း၊ မိုးစပါး တစ်တင်းလျှင် ကျပ် ၅၃၀၀ နှုန်းဖြင့်လည်းကောင်း၊ ပေါ်ဆန်းစပါးတစ်တင်းလျှင် ကျပ် ၉၃၀၀ နှုန်းဖြင့်လည်းကောင်း ဝယ်ယူနေရကြောင်း၊ ပေါ်ဆန်းဆန်များမှာ မအူပင် ဈေးကွက်နှင့် ရန်ကုန်ဈေးကွက်သို့ အနည်းငယ်သာတင်ပို့ရကြောင်း၊ မိုးစပါးမှာ ဈေးကွက်ရရှိမှုနည်းပါးပြီး မြို့တွင်းဈေးကွက်သာ အားထားနေရကြောင်း၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံများမှ နွေစပါးအနိမ့်စ ၂၅မှတ်ဆန်များကို တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ နှုန်းဖြင့် ရသလောက်ပေးပို့နေရကြောင်း ဆန်စက်ပိုင်ရှင်များ၏ ပြောကြားချက် အရ သိရှိရပါသည်။

**Consumer MT**

## မုံရွာကုန်စည်ဒိုင်မှာ နှမ်းအရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်နှမ်းအိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိပြီး နှမ်းညိုနှင့်နှမ်းနက်ကတော့ အရောင်းအဝယ်သွက်လျက်ရှိပြီး နှမ်းဖြူကတော့ ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၂၃၃ ကျပ်နဲ့ အိတ် ၁၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ ကျပ် နဲ့ အိတ် ၃၀၀ခန့်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်းနဲ့ အိတ် ၃၀၀ခန့် အသီးသီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး နှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ကျလာကာ အဝင်ရှိသလောက်တော့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်းသိရပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကို မန္တလေးဝယ်လက်က ဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ကြက်သွန်

### မူဆယ်မှကြက်သွန်နီ လျော့နည်းတင်ပို့

ဇူလိုင် ၂၉ ရက်မှ ဩဂုတ်၄ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၃၂၀ တန်ဖိုးရှိကြက်သွန်နီ ၁၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၂ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၆ တန်လျော့ နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ ကြက်သွန်နီတစ်တန်ကို လိုင်စင်စျေး အမေရိကန်ဒေါ်လာ ၅၂၀ ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၀၅၀၀တန်ဖိုးရှိ ကြက်သွန်ဖြူတန် ၁၅၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၁၆ တန်ဖိုးရှိ ကြက်သွန်ဖြူ သုံးတန်ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။

ကြက်သွန်နီကို ရှမ်းပြည်နယ်နဲ့ စလင်း၊ ပွင့်ဖြူ၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူနယ်များမှာ အဓိကစိုက်ပျိုးကြကြောင်း၊ ကြက်သွန်စျေးတက်ရတဲ့ အကြောင်းရင်းမှာ ဝါတွင်းကာလ ဆွမ်းလောင်းလှူကြတဲ့ ရာသီချိန်ကြောင့်ဖြစ်သလို မိုးအဆက်မပြတ်ရွာသွန်း၍ ကြက်သွန်အပျက်အစီးများမည်ဟု ခန့်မှန်းမှုကြောင့် လှောင်လက်များက အလုံးအရင်းနှင့် ကြက်သွန်အဟောင်းများကို ဝယ်ယူလာကြတဲ့အတွက် စျေးတက်ရတာဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ကြက်သွန်ပွဲရုံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### မုံရွာကြက်သွန်နီစျေးအမြင့်နဲ့စျေးငြိမ်လျက်ရှိ

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီစျေးကွက်မှာ ယခင်တစ်ပတ်ပေါက်စျေးနှုန်းအတိုင်း စျေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်နီ ပိဿာ ၅၀၀၀မှ၆၀၀၀ခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်၊မန္တလေးမြို့များသို့ အဓိကတင်ပို့ရောင်းဝယ်လျက်ရှိပြီး အရောင်းအဝယ်ကတော့ အသွက်ကြီးမဟုတ်ဘဲ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများမှာ ကြက်သွန်နီ တစ်ပိဿာ လက်ကားပေါက်စျေးနှုန်းမှာ(ကြီး)ကျပ်၁၆၀၀၊(လတ်)ကျပ်၁၅၀၀၊(သေး) ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ(ကြီး)ကျပ်၁၈၀၀၊(လတ်)ကျပ် ၁၆၀၀၊(သေး)ကျပ် ၁၅၀၀ နှုန်းနဲ့ရောင်းဝယ်လျက်ရှိပါတယ်။

မုံရွာကြက်သွန်ဖြူစျေးကွက်ကတော့ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်ဖြူ ပိဿာ ၁၀၀၀ခန့် အဝင်ရှိနေပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံ ပေါက်စျေးနှုန်းမှာ (ဗမာ)ကျပ် ၃၅၀၀၊ (ရှမ်း)ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်း၊ လက်လီပေါက်စျေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

### ပြည်ကြက်သွန်ဖြူစျေးကွက်သို့အဝင်များနေသော်လည်း အရောင်းအဝယ်အေးနေ

ပြည်စားဖိုဆောင်သီးနှံ(ပွဲရုံ)များသို့ ကြက်သွန်ဖြူအိတ်တွေ ယခုတစ်ပတ်အထိ ဆက်တိုက်အဝင်ရှိနေပြီး ပွဲစားနှင့်ဝယ်လက်တွေထံမှာ ကြက်သွန်ဖြူအိတ်တွေပုံလျက်ရှိနေပါတယ်။ အရောင်းအဝယ်မှာ ယခင်ထက်စာလျှင် အေးတယ်လို့ဆိုပါတယ်။ လက်လီအရောင်းအဝယ်နှင့်ဒေသတွင်း အရောင်းအဝယ်သမားများကတော့ စျေးကျနေတာကြောင့် ပုံမှန်ထက်ပိုမိုဝယ်ယူနေကြပေမယ့် ပိုမိုဝင်ရောက်နေတဲ့အတွက် အခုလို ပိုနေတာဖြစ်ပါတယ်။ ကြက်သွန်ဖြူစျေးဟာ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်က စျေးတွေအဆမတန် တက်ခဲ့ဖူးတာကြောင့် ပွဲစားများအနေနဲ့ ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူ ပွဲရုံစျေးတစ်ပိဿာလျှင် ရှမ်းကျပ် ၃၂၀၀၊ ကျပ် ၃၄၀၀နှင့် ကျပ် ၃၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး ကြူကုတ်စစျေးကတော့ ကျပ် ၂၀၀၀၊ ကျပ် ၂၁၀၀တို့ ဖြစ်ကြောင်း သိရပါတယ်။ ဒေသတွင်းလက်လီစျေးများတွင် ရှမ်းစတစ်ပိဿာလျှင် ကျပ် ၃၆၀၀နှင့်ကျပ် ၃၈၀၀တို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ်လုံးရေ ၃၅၀ ကျော် အရောင်းအဝယ်ဖြစ်နေပါတယ်။ ကြူကုတ်စ လက်လီစျေးကတော့ တစ်ပိဿာလျှင်ကျပ် ၂၅၀၀စျေးသာရှိပါတယ်။

**နီနီဝင်း**

## ချင်း

### ချင်းအဝင်နည်းသော်လည်း အရောင်းအဝယ်ဖြစ်

အောင်ပန်း စျေးကွက်မှာတော့ ချင်းအဝင်ရှိနေပါသေးတယ်။ အရင်လတွေလောက်အဝင် မများတော့ပေမယ့် ငါးရက်တစ်စျေးကိုတော့ ပိဿာချိန်တစ်သောင်းခန့် အဝင်ရှိနေပါတယ်။ ဝယ်လက်ကတော့ ပါးနေပါတယ်။အဓိကဝယ်ယူနေတာကတော့ ရန်ကုန်ဝယ်လက်ရယ်၊ ပြည်တွင်းလက်လီသမားတွေသာ အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပင်လယ်ရေကြောင်းက တင်ပို့ဖို့အတွက်နဲ့လှောင်ထားဖို့အတွက် ဝယ်ယူထားကြတာလို့ဆိုပါတယ်။ ပြည်တွင်းလက်လီသမားတွေဖြစ်တဲ့ မိတ္ထီလာ၊တောင်သာ၊မကွေး စတဲ့မြို့တွေကတော့ ထိုးချင်းပြုလုပ်ဖို့အတွက်ဝယ်ယူပြီး၊ တစ်ပတ်ကို ပိဿာချိန် ရာဂဏန်းခန့်သာ ဝယ်ယူတယ်လို့လည်း သိရပါတယ်။ အရင်ကတော့ တပ်ကုန်းဝယ်လက်တွေက ချင်း အချပ်ပြားတွေလုပ်ဖို့ဝယ်ယူ ခဲ့ပေမယ့် ဒီတစ်လနှစ်လမှာ အဝယ်နားသွားပါတယ်။ ချင်း(ဥမ)တွေက စျေးကွက်မှာ တော်တော်များများ ကျန်ရှိနေပြီး ယခုတစ်ပတ်မှာတော့ ကလောမြို့နယ်က ချင်းတက်(သစ်)တွေကလည်း စျေးကွက်မှာ အနည်းငယ်ဝင်စပြုနေပါပြီ။ ချင်းတက်သစ်ကိုတော့ မုံရွာဝယ်လက်တွေက လုပ်သားခ အပါအဝင် ကားပေါ်တင်အပြီး၊ တစ်ပိဿာကိုကျပ် ၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။

ချင်းခြောက်ကတော့တောင်သူတွေ လာရောက်ရောင်းချတာကိုပဲ ပွဲရုံတွေက ဝယ်ယူထားတဲ့ စျေးကွက်သာရှိပြီး၊ အခြားဝယ်လက်ကတော့ မရှိဘူးလို့ဆိုပါတယ်။ တောင်သူတွေကလည်း တစ်ခါလာရောင်းရင် ပိဿာချိန် ၁၀၀-၁၅၀ ခန့်သာရှိပြီး၊ ပွဲရုံတွေကလည်း စျေးကွက်မပျက်သွားဖို့အတွက်သာ ဝယ်ယူနေရတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းစျေးကွက်မှာချင်းတစ်ပိဿာ ပေါက်စျေးတွေက ချင်း(ဥမ)က ၃၃၀ ကျပ်၊ ချင်းတက်ကကျပ်၃၀၀ နဲ့ ချင်းခြောက်ကကျပ်၁၁၀၀ စျေးရှိတယ်လို့ ချင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

### ပင်လယ်ရေကြောင်းလမ်းမှ ချင်းပုံမှန်တင်ပို့

ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ရက်အထိ သီတင်းပတ်အတွင်း ချင်း ၄၅၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ ခဲ့ပါတယ်။ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၄၂၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၇၆၁၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ကြက်သွန်နီစျေးကွက်တွင် အရောင်းအဝယ်သိသိသာသာအေး

ယခုတစ်ပတ် ပြည်စျေးကွက်တွင် ကြက်သွန်နီစျေးနှုန်းများ မြင့်တက်လျက်ရှိနေသဖြင့် အရောင်းအဝယ်များ သိသိသာသာအေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အေးနေတာကြောင့် ပြည်ပွဲရုံများတွင် ယခုတစ်ပတ် လက်ကားစျေးတစ်ပိဿာလျှင် ပျမ်းမျှကျပ် ၁၀၀ ခန့် စျေးကျသွားခဲ့ပါတယ်။ လက်ကားစျေး အနည်းငယ်ကျပေမယ့် လက်လီဝယ်ရောင်းသမားများမှ ယခင်စျေးအမြင့်နှင့် ဝယ်ယူထားသည့် ပစ္စည်းလက်ကျန်များရှိနေသည့်အတွက် လက်လီစျေးမှာ ကျဆင်းမှုမရှိဘဲ ယခင်တစ်ပတ်ကအတိုင်း စျေးအမြင့်ဖြင့် လက်လီစျေးများတွင် ရောင်းချလျက်ရှိကြောင်း သိရပါတယ်။ ဝင်ရောက်မှုအနေဖြင့်လည်း အရောင်းအဝယ်မကောင်းသည့်အတွက် ပုံမှန်ထက် အဝင်နည်းနေတာ တွေ့ရပါတယ်။ အရောင်းအဝယ် သိသာစွာ အေးနေသည့်အတွက် စျေးနှုန်းများကျဆင်းလာနိုင်ဖွယ်ရှိကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များရဲ့သုံးသပ်ချက်အရသိရပါတယ်။ စျေးကွက်အတွင်း ပွဲရုံလက်ကားစျေး တစ်ပိဿာလျှင် ဟိုတယ်စ ကျပ် ၁၇၀၀၊ ထူးတစ်လုံး ကျပ် ၁၆၀၀-၁၆၅၀၊ရှယ်ကျပ် ၁၅၀၀-၁၅၅၀၊ RC ကျပ် ၁၃၀၀-၁၄၅၀ရှိပြီးလက်လီစျေးအသေးများတွင် ယခင်တစ်ပတ်ကအတိုင်း မပြောင်းလဲဘဲ ကြီး/လတ် ကျပ် ၁၈၀၀-၂၀၀၀၊ အသေးစကျပ် ၁၆၀၀-၁၇၀၀ နှင့် အသီးသီးရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။ ပြည်စျေးကွက်အတွင်း တရုတ်ကြက်သွန်နီနှင့် အိန္ဒိယကြက်သွန်နီများလည်းတွေ့ရပြီး အရည်အသွေးသိပ်မကောင်းသဖြင့် ဝယ်လိုအားပေါ် မူတည်၍သာမှာယူရောင်းချပြီး တစ်ပိဿာလျှင် လက်ကားလက်လီကျပ် ၉၀၀-၁၁၀၀-၁၂၀၀ တို့ဖြင့် ရောင်းဝယ်မှုရှိကြောင်း သိရပါတယ်။ ကြက်သွန် နီ သီးနှံအနေဖြင့် ယခုနှစ်သည် စျေးကောင်းရတဲ့နှစ်ဖြစ်ကြောင်းကို ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရပါတယ်။

| လအမည် | ကြက်သွန်နီ(အလတ်စ)ကာလတူ စျေးနှုန်း(ကျပ်) | | | |
|---|---|---|---|---|
| | ၂၀၁၆ | | ၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဇွန်လ | ၆၀၀ | ၇၀၀ | ၁၂၀၀ | ၁၄၀၀ |
| ဇူလိုင်လ | ၆၀၀ | ၇၀၀ | ၁၃၀၀ | ၁၅၀၀ |
| ဩဂုတ်လ(ဒုတိယပတ်) | ၆၀၀ | ၇၀၀ | ၁၆၀၀ | ၂၀၀၀ |

**ဝင်းလဲ့ဝါ (ပြည်)**

## နနွင်း

### ရှမ်းနနွင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကတော့ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေပါတယ်။ စျေးကွက်ကို ဝင်တဲ့နနွင်းစတွေကိုတော့ အရည်အသွေးပေါ် လိုက်ပြီး စျေးနှုန်းကလည်း အမျိုးမျိုးဖြစ်နေပါတယ်။ ဝယ်လက်တွေကတော့ ကိုယ့်စိတ်ကြိုက်ဝယ်ယူကြလို့ ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုပါတယ်။ စျေးကွက်မှာအဝင်လည်း နည်းသွားပါပြီ။ ငါးရက်တစ်စျေးကိုပိဿာချိန် ငါးဆယ်/တစ်ရာခန့်သာအဝင် ရှိပါတော့တယ်။ ဝယ်လက်တွေကတော့ သူတို့စားသုံးလိုတဲ့ နနွင်းတွေကို ရွေးချယ်ပြီး ဝယ်ယူခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ လက်လီသမားတွေက ခြင်ဆေးခွေပြုလုပ်ဖို့အတွက်သာ အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။ အောင်ပန်းစျေးကွက်မှာတော့ နနွင်းစျေးတွေက အရောအနှော တစ်ပိဿာကျပ်၁၀၀၀၊အင်းလေးစနဲ့ဟိုပုံးစတွေကလည်း ကျပ် ၁၀၀၀ ၊ တောင်ပို့လစ(၂)ကကျပ် ၁၀၀၀၊ တောင်ပို့လစ(၁)ကတော့ ကျပ် ၂၅၀၀မှ ကျပ် ၂၇၀၀ ရှိပါတယ်။ ခြင်ဆေးခွေပြုလုပ်ဖို့အတွက်ဝယ်ယူနေတဲ့နနွင်းခေါင်းကတော့ တစ်ပိဿာကျပ် ၁၅၀၀ စျေးရှိပါတယ်။

ဟိုပုံးနနွင်း(ကောင်း) တွေကိုတော့ ဝယ်လက်တွေက ထွက်ရှိတဲ့နေရာအထိ ဆင်းပြီးဝယ်ယူကြပါတယ်။ မူဆယ်ဝယ်လက်တွေက ပိုပြီးအဝယ်များတယ်လို့လည်းသိရပါတယ်။ ဟိုပုံးစ(ညံ့)တွေကိုတော့ စျေးကွက်များတဲ့ အောင်ပန်းသို့ ပို့ရတယ်လို့လည်း ဒေသခံတွေထံမှ သိရပါတယ်။ ဟိုပုံးစျေးကွက်မှာ ထိပ်စတွေသာ အဝယ်လိုက်ပြီး ညံ့စတွေကတော့ အရောင်းအဝယ်သိပ်မဖြစ်လို့ အောင်ပန်းကို တင်ပို့ဖြစ်တယ်လို့လည်း သိရပါတယ်။ဒီတစ်ပတ် ဟိုပုံးစျေးကွက်မှာနနွင်းတစ်ပိဿာပေါက်စျေးက အနိမ့်ဆုံးကျပ်၁၂၀၀မှ အမြင့်ဆုံးကျပ် ၁၇၀၀ စျေးရှိပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတန်ချိန် ၂၉၀ နီးပါးတင်ပို့

ဇူလိုင် ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၈၃ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ တန်ချိန် ၉၀၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ၈၄ တန်၊ သီရိလင်္ကာနိုင်ငံသို့တန်ချိန် ၂၀နဲ့ အိန္ဒိယနိုင်ငံသို့၈၉ ဒသမ ၉၉၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတစ်တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၂၈၀ကျော် တင်ပို့မှုပိုခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၉၇၅၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က နနွင်းတစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၇၅၀-၇၇၀ ဝန်းကျင်ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၀၀-၇၀၅ ဝန်းကျင်သာရရှိခဲ့တယ်လို့သိရတယ်။ **သီတာဝင်း(DOT)**

# ရာသီဥတုလား၊ ကမ္ဘာ့နိုင်ငံရေး ရာသီဥတုလား၊ ဘာပြောင်းလဲသလဲ

ခင်မောင်သို(ဘောဂဗေဒ)

မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်နဲ့ တစ်နယ်ထဲမှာ မွေး၊ တစ်ခါတစ်ရံ သူနဲ့အတူ ဟောပြောပွဲသွားတတ်ပေမယ့်မိုးလေဝသအကြောင်း၊ ရာသီဥတုအကြောင်း ဘာမျှမသိ။ ရူပဗေဒလည်း မတတ်၊ ပထဝီဆိုတာမြေပုံတောင် ကောင်းကောင်း မဆွဲတတ်လို့ အမှတ်အနည်းဆုံး ဘာသာရပ်။ ဒါကြောင့်လည်း ရာသီဥတု အပြောင်းအလဲနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတစ်ခု လုပ်မယ်ဆိုတာ ကြားရတော့ လေ့လာသူတစ်ယောက်အနေနဲ့ တက်ခွင့်တောင်းခဲ့တာပါ။

ရာသီဥတု ပြောင်းလဲမှုနဲ့ပတ်သက်လို့ ပဲရစ်သဘော တူညီချက် (Paris Agreement) ဆိုတာ ရှိသတဲ့လို့ အရင်က ကြားဖူးပါတယ်။အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်က သူ့ပုံစံအတိုင်း အဲဒီသဘောတူချက်ကနေ ထွက်မယ်တဲ့။ မြန်မာက လက်မှတ်ထိုးပြီးပြီ။ အတည်မပြုရသေးဘူးတဲ့။ ၁၇၅၁ ခုနှစ် ကနေ ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာကြီးက ကာဗွန်ဒိုင်အောက်ဆိုဒ် မီးခိုးတွေ ထုတ်လွှင့်ခဲ့ကြတာ ၂၀၁၄မှာ တန်ချိန် ၃၆ဒသမ၁၇ ဘီလီယံ၊ ၂၀၁၅ မှာ ၃၆ ဒသမ ၁၈ ဘီလီယံရှိတယ်။ အခုကမ္ဘာကြီးမှာ ပိုပြီးပြင်းထန်တဲ့မုန်တိုင်းတွေ ခပ်စိတ်စိတ်တွေ့လာရတယ်။ ဝေးဝေးမပြောနဲ့ ရန်ကုန်မြို့ကြီးတောင် မိုးရွာပြီဆိုရင် လေရောမိုးရော ပါလာတာပဲ။

သမုဒ္ဒရာကြီးလည်းအချဉ်တွေပေါက်၊ ရေအောက်က အပင်နဲ့ သတ္တဝါလေးတွေ ကြွကုန်၊ ရေခဲတွေက အရည်ပျော်၊ သမုဒ္ဒရာရေမျက်နှာပြင်ထက် ရေအေးစီးကြောင်းတွေနေရာမှာ တစ်ခဏတာ မဟုတ်၊ တစ်ဘဝတာ တက်လာမှာက ရေနွေးစီးကြောင်းတွေပါလား။ ရောဂါ အသစ်အဆန်းတွေပေါ်၊ပင်လယ် ရေမျက်နှာပြင်မြင့်တက်၊ မိုးခေါင်ရေရှားတာတွေ၊ တောမီးလောင်တာတွေ ခဏခဏဖြစ်၊ သတ္တဝါလေးတွေ မျိုးတုံး။ ဒါတွေကတော့ လူတွေလုပ်လို့ဖြစ်တာ မဟုတ်ရပါဘူး။

ဒါပေမယ့် လူတွေအပေါ် ဂယက်မရိုက်ခတ်ဘဲ မနေဘူး။ ရာသီဥတုတွေ၊ပိုးမွှားတွေ၊ ရေတိုက်စားမှုတွေ၊ ငါးတွေလျော့တာတွေကြောင့် စားနပ်ရိက္ခာမဖူလုံမှာ စိုးရိမ်ရတယ်။ စွမ်းအင်ဖူလုံပါ့မလား ပူရတယ်။ ရာသီဥတုအပြောင်း အလဲဆိုတာကြီးကြောင့် ပြည်တွင်းပြည်ပ အခြေပျက် အိုးအိမ်တွေများလာမယ်။ ရှားပါးတဲ့သယံဇာတအပေါ် အကြိတ်အနယ် ပြိုင်ဆိုင်မှုတွေ ပိုများလာမယ်။ ဒီလိုဆို နိုင်ငံရဲ့လုံခြုံမှုကို ထိခိုက်မယ်။

ဒီအသံကြားတော့ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံမှာ သန်းချီဒုက္ခရောက်မယ့်သူတွေရဲ့ ဒဏ်ကို မြန်မာနိုင်ငံက ခံရလေမလားလို့ ပညာရှင်တစ်ယောက်က အတော်လေး စိုးရိမ်ပူပန်သွားပေမယ့် ဘယ်သူကမှ သူ့ကို မဖြေသိမ့်နိုင်ကြဘူး။

ရာသီဥတု ဒဏ်ကြောင့် လူသားတွေရဲ့ ဘဝအပေါ် ဘိုးဘိုးအောင် မပါရဘဲ အဆတွေတိုးပြီး၊ ထိခိုက်မယ်ဆိုပါလား။

ဒါဖြင့် ရာသီဥတု အပြောင်းအလဲဒဏ်ကို ဘယ်လို ရင်ဆိုင်ကြမလဲ။ တစ်နည်းကတော့ တဖြည်းဖြည်းပဲ ရာသီဥတုပြောင်းအောင် မီးခိုးထုတ်တာတွေလျှော့၊ နောက်တစ်နည်းကတော့ ရာသီဥတုပြောင်းလာတဲ့ ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေဖြစ်အောင်နေ၊ ပိုကောင်းတဲ့ ကျန်းမာရေး၊ စားနပ်ရိက္ခာနဲ့ စွမ်းအင်စနစ်တွေဖော်ထုတ်၊ အရေးတကာ့ အရေးအကြီးဆုံးနဲ့ အခက်ဆုံးက စီးပွားရေးတိုးတက်မှုနဲ့ ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုရဖို့ကြိုးစား။

ပဲရစ် သဘောတူညီချက်က နိုင်ငံအားလုံးပါဝင်ပြီး ကမ္ဘာ့အပူချိန် နှစ်စင်တီဂရိတ်အောက်မှာပဲ တိုးလာအောင်တာဝန်ယူကြဖို့။ အပေါ်ကနေ ချပေးတာမဟုတ်။ ကိုယ့်သဘောနဲ့ကိုယ် နိုင်ငံအလိုက် တာဝန်ယူကြဖို့ပါ။ မလုပ်မနေရလို့ ချုပ်နှောင်ထားတာကမရှိ။ နိုင်ငံအရေးနဲ့ ဒေသအရေး၊ ကမ္ဘာ့အရေး၊ အကျိုးစီးပွားချင်း ထိပ်တိုက် တိုးတာတွေကလည်းရှိလေတော့ ရာသီဥတု ပြောင်းလဲတဲ့အရေးဟာ တကယ်အရေး ပါရဲ့လား။ တကယ်မှ အရေးပါရဲ့လား။ စဉ်းစားစရာ၊ စိတ်ပူစရာကြီးပါ။ လတ်တလော လုပ်ရမယ်ဆိုပေမယ့် ဘယ်သူက ဘယ်တော့ လုပ်မှာလဲဆိုတာက မရေမရာ မပြတ်မသား။ ဒီတော့လည်း ပညာရှင်တွေပြောတာ စောင့်နားထောင်။ ငါးနှစ်တစ်ကြိမ် အခြေအနေ သုံးသပ်တာ ဖတ်ရုံပဲ ရှိလေရဲ့။

ပြင်ပ ရာသီဥတု ပြောင်းလဲနေသလို ကမ္ဘာ့နိုင်ငံရေးရာသီဥတုကလည်း ပြောင်းနေလေတော့ အကောင်းဘက်မှဖြစ်ပါ့မလား။ အမေရိကန်မပါပေမယ့် တရုတ်နဲ့ အိန္ဒိယကိုအားကိုးလို့ ရနိုင်လေမလား။ စွမ်းအင်ရယူပုံ စနစ်တွေ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောနဲ့ သတ္တုတွင်းဆိုင်ရာ မူဝါဒတွေ ပြောင်းလဲနိုင်ကြပါ့မလား။ စီးပွားရေးမူဝါဒတွေဟာ ပြိုင်ဆိုင်တာကို ပူးပေါင်းတာထက် ဆက်လုပ်နေကြမလားဆိုတာတွေကို ပဲရစ်သဘောတူချက်က စိုးရိမ်ပူပန်ပါတယ်။

ရှေ့မှာ ပြောခဲ့သလို ပင်လယ်ရေမျက်နှာပြင် တစ်မီတာတက်လာရင် ဘင်္ဂလားဒေ့ရှ်က လူ ၁၅ သန်း၊ တစ်မီတာခွဲတက်လာရင် ၁၈သန်း ဒုက္ခရောက်ကြမှာဆိုတော့ သူ့ဒုက္ခက ကိုယ့်ဒုက္ခမဖြစ်ဖို့ အရေးကြီးတယ်လေ။

စွမ်းအင် အသုံးပြုပုံပြောင်းလဲရာမှာ အားတက်စရာတချို့တော့ ရှိလေရဲ့။ ဆိုလာပြားတွေနဲ့ လေကရတဲ့ စွမ်းအင်ရဲ့ဈေးနှုန်းတွေ ကျလာနေတာပါတဲ့။ ဒါကြောင့်လည်း ဆိုလာပြားတပ်ဆင် အသုံးပြုမှုတွေ ပိုများလာတယ်။ ဒီကိစ္စက လောလောဆယ် စွမ်းအင်နယ်ပယ်မှာ ခြယ်လှယ် နေတဲ့ လုပ်ငန်းကြီးတွေရဲ့ အကျိုးစီးပွားနဲ့ ဆက်နွယ်နေတဲ့ နှစ်ဒီဂရီစင်တီဂရိတ် အောက်လောက်ပဲ အပူချိန်တက်လာဖို့၊ အမေရိကန်ဒေါ်လာ ထရီလီယံ ၁၀၀ လောက်တန်တဲ့ ပိုင်ဆိုင်မှုတွေကို စွန့်ပစ်ရမယ့်သဘောမျိုးလည်း ဖြစ်နေတယ်။ ကုမ္ပဏီတွေသာမက နိုင်ငံတွေကလည်း စွန့်ပစ်စရာတွေ ရှိနေတယ်။

ဒါကြောင့် အနာဂတ်မှာနိုင်ငံတကာစွမ်းအင်အေဂျင်စီတို့၊ အာဆီယံအေဂျင်စီတို့၊ ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ အစည်းတို့ရဲ့ အခန်းကဏ္ဍက ကျဆင်းသွားပြီး ပြည့်ဖြိုးမြဲစွမ်းအင် အေဂျင်စီရဲ့ အခန်းကဏ္ဍက တက်လာမယ်တဲ့။

အရှေ့တောင်အာရှနိုင်ငံတွေဟာ စွမ်းအင်ထုတ်လုပ်တာနဲ့ သုံးစွဲတာယှဉ်ကြည့်ရင် ကွာဟချက်က ကြီးမားနေတာတွေ့ရတယ်။ ဒီတော့ ဘယ်နည်းဘယ်ပုံ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတာ ဒေသအနေနဲ့ စဉ်းစားဖို့လိုလာတယ်။

ပြောမယ့်သာ ပြောနေရတာ ရာသီဥတု အပြောင်းအလဲနဲ့ ပတ်သက်တဲ့ သုတေသနတွေ၊ စာရင်းအင်းတွေက သိပ်ရှိတာမဟုတ်တဲ့ အကြောင်း အာဆီယံ အသင်းဝင်နိုင်ငံတိုင်း လိုလိုလားလား တင်ပြကြတာ တွေ့ရတော့၊ ဒီတော့လည်း မသိတော့ မကြောက်ဆိုသလို ဖြစ်နေကြပုံရပါတယ်။ သိတော့လည်း လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ဆိုတာ ငွေရေးကြေးရေး၊ နည်းပညာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လိုပြန်ပါတယ်။ ကျွမ်းကျင်သူဆိုတာကလည်း ဘာသာရပ် အသစ်၊ နယ်ပယ်အသစ်အတွက်ခပ်ရှားရှား။

အာဆီယံက ပတ်ဝန်းကျင် ထိခိုက်မယ့် အရေးကို စဉ်းစားနေဆဲမှာ ကျောက်မီးသွေးကနေ လျှပ်စစ်ထုတ်ယူမှုကို ၂၀၁၃ မှာ ၃၂ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၄၀ မှာ ၅၀ရာခိုင်နှုန်းအထိ တိုးမြှင့်ဖို့စီမံကိန်းတွေကလည်း ရှိနေပြန်တယ်။

အာဆီယံမှာ သဘောတူညီချက်တွေတော့ ရှိပေမယ့် နောက်ဆုံးမှာ ပြည်တွင်းရေးတို့၊ အချုပ်အခြာ အာဏာထိပါးရေးဆိုတာတွေက ရှိနေပြန်တယ်။ နိုင်ငံတွေက ကိုယ်လုပ်မယ့် အစီအစဉ်တွေ ရေးဆွဲထားတာတော့ရှိတယ်။ ရာသီဥတု အပြောင်းအလဲကြောင့် ပေါ်ပေါက်လာမယ့် ဘေးရန်အန္တရာယ်တွေနဲ့ ကြုံတွေ့ရတဲ့ ဒုက္ခသည်တွေကို ဘယ်လိုကူညီစောင့်ရှောက်ကြမလဲဆိုတာ ပြင်ဆင်ထားသလို ပတ်ဝန်းကျင် ထိခိုက်မှုကာကွယ်ရေးကိုလည်း စဉ်းစားကြတယ်။

သေချာပေါက် ပြောနိုင်တာကတော့ ရာသီဥတုပြောင်းလဲမှုကို သူ့ချည်းသီးသန့် မစဉ်းစားဘဲ ဖွံ့ဖြိုးရေးမဟာဗျူဟာရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့လိုပါတယ်။ သက်ဆိုင်ရာနယ်ပယ်က ပုဂ္ဂိုလ်တွေသာမက အများပြည်သူပါ ပျံ့နှံ့သိရှိအောင်လုပ်ဖို့လည်း အရေးကြီးပါတယ်။

စီးပွားရေး မတိုးတက်ရင်လည်း ဘာမျှမတတ်နိုင်တာမို့ စီးပွားရေးတိုးတက်မှုနဲ့ ပတ်ဝန်းကျင် မပျက်စီးရေးဆိုတာ ဟန်ချက်ညီညီလုပ်ဖို့လိုပါတယ်။ ရာသီဥတု အပြောင်းအလဲနဲ့ ပတ်ဝန်းကျင် ကိစ္စတွေဟာ သမားရိုးကျမဟုတ်တဲ့ နယ်စပ်ဖြတ်ကျော် လုံခြုံရေးကိစ္စတွေ ဖြစ်လာနေတယ် မဟုတ်ပါလား။

## ကုန်သွယ်မှုမြှင့်တင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရနှင့် ထိုင်းနိုင်ငံခြား ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံကြမည်

ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကုန်သွယ်မှုမြှင့်တင်ရေး အားထုတ်နိုင်ရန်အတွက် ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်သွားမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ အဒူချိုတီနီ ဆခွန်းက ခရီးစဉ်အား ဩဂုတ် ၇ ရက်မှ၁၂ ရက်အထိ သွားရောက်ရန် စီစဉ်လျက်ရှိပြီး ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များကိုလည်း ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ရန်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံမှ နယ်စပ်ကုန်သွယ်မှု ပမာဏအား ငါးရာခိုင်နှုန်း မြှင့်တက်ပြီး တန်ဖိုး ဘတ် ၁ ဒသမ ၈ ထရီလီယံရရှိရန် မျှော်မှန်းထားပါသည်။

ယခုကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့ ထိုင်းနိုင်ငံသို့ လာရောက် လည်ပတ်ခဲ့သည့် ခရီးစဉ်အပေါ် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထိစပ်နေကြောင်း မစ္စတာအဒူက ပြောကြားခဲ့ပါသည်။ ရှမ်းပြည်နယ်သည် ထိုင်းရင်းနှီးမြှုပ်နှံသူများအား ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်မှု လုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းနှင့် ခရီးသွားလာမှု လုပ်ငန်း နှင့်ဆက်စပ်သည့် စီးပွားရေး လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ရှမ်းပြည်နယ်တွင် နာမည်ကျော် ခရီးသွားလာရေး ဒေသများအဖြစ် အင်းလေးကန်၊ တောင်ကြီးမြို့တို့ရှိပြီး အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ကျော်ကြားလာနိုင်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

အဆိုပါခရီးစဉ်အတွင်း ထိုင်းနိုင်ငံမှ ကုမ္ပဏီအများစု လိုက်ပါကြမည်ဖြစ်ကြောင်း၊ ၎င်းတို့တွင် Provincial Electricity Authority (PEA)၊ Bangkok Mass Transit System Plc ၊ the Port Authority of Thailand နှင့် Amata Corporation Plc တို့လည်း ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှု တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှု ပမာဏမှာ ဘတ် ၁ ဒသမ ၄ ထရီလီယံရှိခဲ့ပြီး အဆိုပါပမာဏသည် GDP တန်ဖိုးဘတ် ၁၃ ထရီလီယံအနက် ၁၀ ရာခိုင်နှုန်းကျော် ပါဝင်ခဲ့ကြောင်း ဖော်ပြသွားပါသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် နယ်စပ်ကုန်သွယ်မှုအား ၅ ရာခိုင်နှုန်းတိုးတက်၍ ယခင်နှစ်ဆောင်ရွက်မှု ၁ ဒသမ ၄ ထရီလီယံမှ ၁ ဒသမ၈ ထရီလီယံရောက်ရှိအောင် မျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်၊ မယ်ဆိုင် စစ်ဆေးရေးဂိတ်မှ ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် နယ်စပ်ကုန်သွယ်မှုတန်ဖိုးမှာ ယခုနှစ်တွင် ဘတ် ၈ ဒသမ ၉ ဘီလီယံရရှိထားပြီး ၎င်းအနက် ပို့ကုန်တန်ဖိုးမှာ ၈ ဒသမ ၇ ဘီလီယံပါဝင်၍ ကုန်သွယ်မှုပိုငွေ များစွာရရှိထားကြောင်း ဖော်ပြထားပါသည်။ အကျိုးဆက်အနေဖြင့် မယ်ဆိုင်ခရိုင်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုကုန်စည်ပြပွဲအား ဩဂုတ်လ ၂၅ ရက် မှ၂၉ ရက်အတွင်း ဆောင်ရွက်ရန်လျာထားကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းအား အရှိန်မြှင့်တင်ရန်နှင့် စီးပွားရေးရာဆွေးနွေးပွဲများ ကျင်းပသွားရန် စီမံချက်ချထားကြောင်း ဖော်ပြထားပါသည်။

မစ္စတာ အဒူက ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံခဲ့ရာတွင် ၎င်းတို့အနေဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ရှိ မဲဆောက်နှင့် မြန်မာနိုင်ငံ မန္တလေးကိုဖြတ်ကျော်ပြီး တရုတ်နိုင်ငံသို့ သယ်ယူပို့ဆောင်ရေးကွင်းဆက်အား စိတ်ဝင်စားမှုရှိကြောင်း ဖော်ပြခဲ့သည်ဟု ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

သောင်းနိုင်(တာချီလိတ်)

သတင်းရင်းမြစ် -Bangkok Post

## ခတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၈၀၀၀၀ ကျော်ဝင်

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၂၂၁၀၃၈၀ တန်ဖိုးရှိ ဒီဇယ် ၄၈၁၈၀ ဒသမ ၆၄၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၃၅၂၂၆၆၉ တန်ဖိုးရှိ ခတ်ဆီ ၃၃၈၅၆ ဒသမ ၆၁၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၄၄၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာဒီဇယ်တန်ချိန် ၆၃၀၀ ကျော်အဝင်လျော့ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၂၅၀၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၈၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ခဲ့ပြီး ခတ်ဆီအဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၂၇၄၀၀ တန်ဖိုးရှိ ဒီဇယ်၁၇၅၀ တန်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၃၆၀၄ တန်ဖိုးရှိ ဒီဇယ် ၄၄၄ ဒသမ ၁၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၃၈၄၃ တန်ဖိုးရှိခတ်ဆီ ၁၃၆ တန် တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၆ တန်ဖိုးရှိ Re-Export ဒီဇယ် ၄၅၂၇ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၀၆၁ တန်ဖိုးရှိ Re-Export ဒီဇယ် တန်ချိန် ၃၆၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာ ဈေးငြိမ်နေပြီး အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၆၇၀၊ အောက်တိန်း (92) ကျပ် ၆၇၀ ၊ အောက်တိန်း (95) ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၉၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၃၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၁၀ ရက်တွင် ဝယ်ဈေးကျပ် ၁၀၀၀၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ် ၇ ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ဈေး အတက်အကျ ကျပ် ၁၀၀၀ ဝန်းကျင်ဖြစ်ခဲ့ပေမယ့် ခတ်ဆီက ဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၇၈၅ ကျပ်၊ ဒီဇယ် တစ်လီတာ ကျပ် ၆၆၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၆၈၀၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၆၉၀ ၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၇ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၇၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (၉၂) ဈေးမှာ ဩဂုတ် ၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၈၀၀၀၊ ရောင်းဈေးကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (95) မှာဈေးငြိမ်နေပေမယ့် အောက်တိန်း (92) မှာဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၇၂၀၊ အောက်တိန်း (95) ကျပ် ၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ အတက်အကျအနည်းငယ်သာရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း ငွေလဲနှုန်းများသည် အတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်အေးခဲ့သည်။ သို့သော် ယခုတစ်ပတ် ဈေးစဖွင့်ရက်ဖြစ်သည့် ဩဂုတ် ၇ ရက်တွင် အနိမ့်ဈေးဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဩဂုတ် ၈ ရက်တွင် နှစ်ကျပ်ခန့်မြင့်တက်ခဲ့သည်။ နောက်ပိုင်းရက်များတွင်မူ ဈေးပြန်လည်ကျဆင်းခဲ့ကာ ယခင်တစ်ပတ်ကဈေးအတိုင်း ရှိခဲ့သည်။

"ဒီတစ်ပတ်မှာ ငွေလဲနှုန်းက ပြီးခဲ့တဲ့တစ်ပတ်ကလိုပဲ အတက်အကျ နည်းနည်းနဲ့ပဲအရောင်းအဝယ်ဖြစ်တယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ။ ဒါပေမယ့် ဩဂုတ် ၈ ရက်ကတော့ အရောင်းအဝယ်နည်းနည်းဖြစ်တယ်။ ဈေးတက်လာမယ့် အရိပ်အယောင်ပြလာတဲ့အတွက် အဝယ်လိုက်လာတာပါ။ ဒါပေမယ့် နောက်ရက်တွေမှာတော့ ဈေးပြန်ကျသွားတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြင်ပငွေလဲစင်တာများတွင် ဩဂုတ် ၇ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၇ကျပ်၊ ဝယ်ဈေး၁၃၅၅ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၈ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၁ ရက်တွင်ဈေးပြန်လည်ကျဆင်းခဲ့ပြီး ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၃ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး အမြင့်ဆုံးသို့ရောက်ရှိ

ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့ ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများ စံချိန်တင် မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် တစ်ပတ်အတွင်းက ကမ္ဘာ့ရွှေဈေးများ ငြိမ်သက်ခဲ့သဖြင့် ပြည်တွင်းရွှေဈေးများလည်း ငြိမ်သက်ခဲ့သည်။ သို့သော်ယခုတစ်ပတ်တွင်မူ ကမ္ဘာ့ရွှေဈေးသည် အမြင့်ဆုံးဈေးအဖြစ် တစ်အောင်စလျှင် ၁၂၈၅ အမေရိကန်ဒေါ်လာအထိ ရောက်ရှိခဲ့သည်။

"ဒီတစ်ပတ်ရွှေဈေးကတော့ စံချိန်တင်လောက်တယ်။ သကြင်္န်မတိုင်ခင်နဲ့ သင်္ကြန်အပြီးတုန်းက ဖြစ်ပေါ်ခဲ့တဲ့ဈေးလောက်ကို ရောက်လာတယ်။ ဒီထက်ထပ်တက်မယ်ဆိုရင် ဈေးက စံချိန်တင်အမြင့်ဆုံးဈေးကို ရောက်သွားနိုင်တယ်။ အခုဈေးက နှစ်ဆန်းတစ်ရက်နေ့မှာ ဖြစ်ခဲ့တဲ့ ကျပ် ၉၁၅၀၀၀ ကိုမှီတော့မယ့် အနေအထားပါ။ ကမ္ဘာ့ရွှေဈေးက ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းနဲ့ ဆက်စပ်နေသလို ကမ္ဘာ့ရေနံစိမ်းဈေးနဲ့လည်း ပတ်သက်နေပါတယ်"ဟု ရွှေကုန်သည် ဦးစိမ့်မြင့်က ဆိုသည်။ပြည်တွင်းရွှေဈေးများသည် ဩဂုတ် ၇ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၀၆၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၁၀ ရက်တွင် ကျပ် ၉၁၀၀၀၀ သို့ မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၁ ရက်တွင် ကျပ် ၉၁၄၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၂ ရက်တွင် ၉၁၅၀၀၀ ကျပ်သို့ ထပ်မံမြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၇ ရက်က တစ်အောင်စလျှင် ၁၂၅၉ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် ၁၂၇၅ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၁ ရက်တွင် ၁၂၈၅ ဒေါ်လာသို့ဆက်လက်မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၂ ရက်တွင် ၁၂၉၅ ဒေါ်လာသို့ ထပ်မံမြင့်တက်ခဲ့သည်။

**မယ်သီတာ**

# MTSH ၏ ရှယ်ယာဈေးများ ဆက်လက်ကျဆင်းကာ ပြန်လည်ရောင်းချသူများ များပြားလာ

ယခုတစ်ပတ်အတွင်း MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းလာခဲ့ကာ အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၂၀၀ မှ ကျပ် ၃၆၀၀ အထိ ကျဆင်းသွားခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ရန်ကုန် စတော့အိတ်ချိန်းတွင် အစု ရှယ်ယာများကိုနေ့စဉ်ရောင်းဝယ်လျက်ရှိရာ ကျန်စာရင်းဝင် ကုမ္ပဏီသုံးခု၏ ဈေးနှုန်းများမှာ အတက်အကျ အနည်းငယ်သာရှိခဲ့သည်။

ဈေး ကျဆင်းလာမှုကြောင့် MTSH ၏ အစုရှယ်ယာရှင်အများစုမှာ ဈေးထပ်မံကျဆင်းလာမည်ကို စိုးရိမ်သဖြင့် ရောင်းချလျက်ရှိသည်။ ယင်းကဲ့သို့ ရောင်းချလျက်ရှိမှုကြောင့် တစ်နေ့လျှင် အနည်းဆုံးအစုပေါင်း ၁၀၀၀၀ နီးပါး အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ဆိုသည်။

"MTSH ရဲ့ရှယ်ယာဈေးကျဆင်းချက်က တော်တော်ကို ဆိုးပါတယ်။ ဈေးကျနေတဲ့အတွက် ထုတ်ရောင်းတဲ့သူတွေများလာလို့ ဈေးက ပိုကျလာတာပါ။ သီလဝါမှာလည်း လုပ်ငန်းတွေက သူ့အနေအထားနဲ့သူလုပ်ကိုင်နေကြပေမယ့်ငွေလိုတဲ့သူတွေက ထုတ်ရောင်းနေကြတော့ ဈေးကွက်ထဲမှာ ပြန်ရောင်းတာ များလာတော့ ဈေးက ထိုးကျသွားတာပါ"ဟု MTSH အစုရှယ်ယာရှင်တစ်ဦးက ပြောကြားခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

August 4, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.26 |
| BDT | Bangladesh Taka | 80.92 |
| CAD | Canada Dollars | 1.26 |
| CNY | China Yuan Renminbi | 6.72 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 63.69 |
| I DR | Indonesia Rupiahs | 13318.13 |
| JPY | Japan Yen | 110.13 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 105.39 |
| PHP | Philippines Pesos | 50.21 |
| RUB | Russia Rubles | 60.38 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1124.42 |
| LKR | Sri Lanka Rupe | 153.40 |
| THB | Thailand Baht | 33.25 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22732.01 |

Source:xe.com

## World Gold Price

August-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 31 | 1269 | 1269 | 1269 |
| 1 | 1269 | 1267 | 1267 |
| 2 | 1268 | 1268 | 1268 |
| 3 | 1265 | 1263 | 1263 |
| 4 | 1273 | 1270 | 1270 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 31-7- 2017 | 905.50 | 905.70 |
| 1-8-2017 | 907.20 | 907.20 |
| 2-8- 2017 | 906.50 | 906.10 |
| 3-8 -2017 | 905.50 | 905.10 |
| 4-8- 2017 | 907.00 | 907.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6 .73 | 33.30 | 81.37 | 64.20 |
| 1 | 6. 72 | 33.28 | 81.28 | 64.07 |
| 2 | 6 .72 | 33.29 | 80.69 | 63.89 |
| 3 | 6 .73 | 33.28 | 80.76 | 63.64 |
| 4 | 6.72 | 33.25 | 80.92 | 63.69 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31- July | 16.69 | 2847.26 | 1924.61 | 6444.26 | 936.00 |
| 1- August | 16.62 | 2341.47 | 1923.94 | 6386.02 | 948.00 |
| 2- August | 16.64 | 2807.62 | 1933.57 | 6390.94 | 942.00 |
| 3 - August | 16.48 | 2864.96 | 1933.79 | 6424.77 | 946.00 |
| 4- August | 16.70 | 2859.58 | 1923.71 | 6428.35 | 965.00 |

Source:kitco.com

## Energy NYMEX

4-8-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.91 | -0.12 | -0.24 |
| Brent Crude Futr (USD/bbl) | 51.89 | -0.12 | -0.23 |
| Gasoline Rbob Fut (Cent/gal) | 163.13 | -0.06 | -0.04 |
| Natural Gas Futr (USD/MMBtu) | 2.78 | -0.02 | -0.64 |
| Heating Oil Futr (Cent/gal) | 163.73 | -0.17 | -0.10 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၁၀၀ ကျော်ဝင်

ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၀၄၇ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၃ ဒသမ ၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀ နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၃ ဒသမ ၄၈ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၈၃၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ ခုဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိသီတင်းပတ် အတွင်းမှာ ဘိလပ်မြေ တန်ချိန် ၃၂၀၀၀ နီးပါးတင်သွင်းခဲ့တာကြောင့် ဒီနှစ်မှာ ဘိလပ်မြေ တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက်တော်တော်များများအရောင်းအေး

ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၂၀ ကျော်အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၃၃၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၂၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၂၁၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၉၆၂၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၂၅၆၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီးနယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် နည်းနည်းဖြစ်တယ်။ဒီတစ်ပတ် မော်လမြိုင်ဆင်က ဈေးနည်းနည်းကျပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ်၅၅၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်အပါချီနဲ့ ကြံ့ဘိလပ်မြေများက ဈေးနည်းနည်းကျပြီးဆင်(ထိုင်း) ဘိလပ်မြေက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၃၅၀၊ အပါချီ (ထိုင်း)ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၀၀၊ မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၉၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၄၅၀၀၊ ကျားခေါင်း ကျပ် ၄၅၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀၊ ကြံ့ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ခတ်မြေဩဇာ

# ဒီတစ်ပတ်မြေဩဇာအဝင်လျော့

ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၆၀၇၄၂၀ တန်ဖိုးရှိ မြေဩဇာ ၁၅၁၄၂ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ၅၀ တန်၊ တရုတ်နိုင်ငံမှ ၈၆၃၂ တန်၊ အီရန်နိုင်ငံမှ ၂၀၅၀ တန်၊ ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၁၀၊ ပါကစ္စတန်နိုင်ငံမှ ၁၁၇၇ ဒသမ ၅၀ တန်၊ ပိုလန်နိုင်ငံမှ ၁ ဒသမ ၈၀ တန်၊ စပိန်နိုင်ငံမှ ၄ တန်၊ ဆွီဒင်နိုင်ငံမှ ၂ ဒသမ ၇၀ တန်၊ ထိုင်းနိုင်ငံမှ ၂၃၃၂ တန်နဲ့ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်း ခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်း ဆာလဖိတ်၊ ယူရီးယား၊ တီစူပါ၄၆%၊ ကွန်ပေါင်း၊ ခတ်ဆားနဲ့ ဩဂဲနစ်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၃၀၅၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန်၁၅၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

# မြေဩဇာဈေးကွက် အရောင်းအေးနေဆဲ

ဇူလိုင် ၃၀ ရက်မှ ဩဂုတ်လ၅ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၁၅၁၄၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၀၅၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၃၄၆၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၂၀၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၅၅၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင် လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့တောင်ကြီးမှာ အရောင်းအေးပြီး မန္တလေးနဲ့ရန်ကုန်မှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)မှာဈေးအနည်းငယ်မြင့်ခဲ့ပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်)ကျပ်၁၃၅၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့စုံစမ်း သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးပြီးဈေးကအပြောင်းအလဲ မရှိဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ ကျပ် ၁၆၀၀၀၊ဆင်၁၀း၁၀း၅ ကျပ် ၁၅၈၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၈၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၁၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၅၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၃၀၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီအချိန်က အရောင်းအဝယ်ပုံမှန်ရှိတယ်။ ဒီတစ်ပတ်မှာယူရီးယားကဈေးငြိမ်နေပေမယ့် တီစူပါကဈေးနည်းနည်းကျလာတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (နေရွှက်လှေ-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၅၅၀၀၊ တီစူပါ(သံကွင်း-တရုတ်) ကျပ် ၂၃၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ဒီတစ်ပတ် နှံ့ဆီ/နှံ့မှုန့်အဝင်လျော့

ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၀၃၁၄၂ တန်ဖိုးရှိနှံ့ဆီ ၂၆၆ ဒသမ ၇၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တီးပေါ့(ပ်) တံဆိပ်နှံ့ဆီ တစ်မျိုးသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၆၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၀ ကျော် အဝင်လျော့ခဲ့ပါတယ်။

နှံ့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၄၈ ဒသမ ၉၉ တန်၊ နယူးဇီလန်နိုင်ငံမှ ၃၄ ဒသမ ၂၉ တန်နဲ့ စင်ကာပူနိုင်ငံမှ ၁၆ ဒသမ ၇၅၇၊ စုစုပေါင်း ၁၀၀ ဒသမ ၀၃၇ တန်ကို တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့် တန်ချိန် ၂၉၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နှံ့မှုန့်တန်ချိန် ၁၉၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နှံ့ဆီရော နှံ့မှုန့်ပါ အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၇ မှ ၄/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၇ မှ ၂၈/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၁.၀၀ | ၆၀.၀၀ | (+) | ၃၁.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၂၈.၀၀ | ၅၄၀.၀၀ | (+) | ၈၈.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၇၂၂.၀၀ | ၁၉၄၇.၀၀ | (+) | ၇၇၅.၀၀ |
| ၅။ | တာချီလိတ် | ၄၅၀၀.၀၀ | ၃၈၀၀.၀၀ | (+) | ၇၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၃၆၅၀.၀၀ | ၃၀၅၀.၀၀ | (+) | ၆၀၀.၀၀ |
| ၈။ | မြိတ် | ၆၀၀.၀၀ | ၂၂၅.၀၀ | (+) | ၃၇၅.၀၀ |
| | စုစုပေါင်း | ၁၂၁၉၁.၀၀ | ၉၆၂၂.၀၀ | (+) | ၂၅၆၉.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ခတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၇ မှ ၄/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၇ မှ ၂၈/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၈၉၀.၆၀ | ၁၄၂၆၀.၆၀ | (+) | ၄၆၃၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၆၄၆.၂၀ | ၄၇၀.၀၀ | (+) | ၁၇၆.၂၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၁၂.၇၅ | ၂၅၁၀.၇၅ | (+) | ၁၁၀၂.၀၀ |
| ၄။ | ကန်ပိုက်တီ | ၁၀၂၀.၀၀ | ၂၃၂၀.၀၀ | (-) | ၁၃၀၀.၀၀ |
| ၅။ | မြဝတီ | ၁၀၁၆၃.၅၁ | ၁၉၂၅.၅၉ | (+) | ၈၂၃၇.၉၂ |
| ၆။ | ကော့သောင်း | ၁၀၀.၀၀ | - | (+) | ၁၀၀.၀၀ |
| ၇။ | မြိတ် | - | ၉၀.၀၀ | (-) | ၉၀.၀၀ |
| ၈။ | ရိဒ် | ၂၀၀.၀၀ | ၅၀၀.၀၀ | (-) | ၃၀၀.၀၀ |
| | စုစုပေါင်း | ၃၄၆၃၃.၀၆ | ၂၂၀၇၆.၉၄ | (+) | ၁၂၅၅၆.၁၂ |

ခင်မိုးသူ

## နှမ်း

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နှမ်းပိုမိုတင်ပို့

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၀၅ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၃၂၃၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ် ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၂၉၇၇ တန်ဖိုး ရှိ နှမ်းရောင်စုံ တန် ၆၀ ခွဲကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မြဝတီမှ နှမ်းတင်ပို့မှု မရှိဘဲ မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၈၆၁ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်မှတစ်ဆင့် နှမ်း ၃၇၁တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်ဈေး ၁၃၇၀၅၁၈ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၆၇၃၃၁ ကျပ်ရှိတယ်လို့ သိရပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကို စခန်းအလိုက် တန်ချိန်အရေ အတွက်နဲ့ ဖော်ပြပေးလိုက်ပါတယ်-

တန်ချိန်-ကိန်းပြည့်

| အမျိုးအစား | မူဆယ် | ချင်းရွှေဟော် | မြဝတီ |
|---|---|---|---|
| နှမ်းဖြူ | ၁၂၉ . ၄၀ | ၂၃၂ . ၀၀ | - |
| နှမ်းနက် | ၃၈၅ . ၅၀ | ၂၁၃၈ . ၄၅ | ၂၈ . ၃၅ |
| နှမ်းညို | ၅၈ . ၉၀ | ၂၂၈ . ၉၅ | ၃၂ . ၁၈ |
| နှမ်းဖြူ(အခွံချွတ်) | ၅၉ . ၄၅ | | - |

**မော်မော်အောင်**

# ပြည်နှမ်းဈေးကွက်တွင် မိုးနှမ်းအသစ်များ ဝင်ရောက်မှု နည်းသေးသော်လည်း ဝယ်လက်များရှိ

ပြည်နှမ်းဈေးကွက်သို့ မိုးနှမ်းနီအသစ်များကို မြန်အောင်၊ ကြံခင်းနှင့် ပြည်မြို့အနီးတစ်ဝိုက် ကျေးရွာများမှ တစ်နေ့လျှင် နှမ်းအိတ် ၅၀၀-၆၀၀ခန့် ဝင်ရောက်လာသဖြင့် အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ နေ့စဉ် အဝင်ရှိသော်လည်း မိုးရွာတဲ့ရက်ဆိုရင် အဝင်ပါးပြီး အရောင်းအဝယ်မဖြစ်တာ တွေ့ရပါတယ်။

နှမ်းနက်နှင့် စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိသော်လည်း နှမ်းနက်မှာ ယခင်တစ်ပတ်ထက် ဈေးပြန်ကျပြီး စမုံနက်နှမ်း မှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဖြင့် ဆီစက်သမားများက အဝယ်လိုက်လာလို့ ဈေးမြင့်လာပြီး နှမ်းနက် သုံးတင်းတစ်အိတ်လျှင်ကျပ် ၉၃၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၈၀၀၀ ခန့်ဈေးပြန်ကျလာပါတယ်။ ဒါပေမယ့် စမုံနက်နှမ်းကတော့ သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၂၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေး နှစ်ပတ်အတွင်း အကျိုးအမြတ်များရရှိမည်ဟုဆို

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် လာမည့်နှစ်ပတ်အတွင်း အကျိုးအမြတ်များ ကြီးမားစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ကာလများက အရှုံးပေါ်ခဲ့သည်များကို ပြန်လည်ထေမိစေမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ စားအုန်းဆီနှင့် ဆက်စပ်နေသည့် စားသုံးဆီဈေးကွက် ပိုမိုခိုင်မာအားကောင်းလာသည့် အတွက်ကြောင့် ဖြစ်ရကြောင်း စတားအွန်လိုင်းသတင်းတွင် ဩဂုတ် ၈ ရက်က ဖော်ပြထားသည်။



ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် အောက်တိုဘာလအတွက် စားအုန်းဆီစံထားဈေးနှုန်းသည် ဈေးပိတ်ချိန်တွင် နှစ်ရာခိုင်နှုန်း မြင့်တက်ပြီး ၂၆၂၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၂ ဒသမ ၉၈) နှုန်းရှိခဲ့သည်။ အဆိုပါဈေးနှုန်းသည် ဇူလိုင် ၂၅ ရက်နောက်ပိုင်း ရရှိခဲ့သည့် အမြင့်ဆုံးဈေးနှုန်းဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက စားအုန်းဆီဈေးသည် တစ်ရက်အတွင်း အနိမ့်ဆုံးဈေးအဖြစ် ၂၅၇၂ ရင်းဂစ်သို့ ကျဆင်းခဲ့သည်။ ဩဂုတ် ၈ ရက် ညနေပိုင်းတွင် ရောင်းချရမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၄၁၄၇၃ရှိခဲ့သည်။

"စားအုန်းဆီဈေးက ချီကာဂိုဈေးကွက်မှာရော ဒါလီယံဈေးကွက်မှာပါ အရောင်းအဝယ်ဖြစ်နေပါတယ်။ တချို့ကုန်သည်တွေက ဈေးကွက်ထဲမှာ အရင်ကတည်းက ရောင်းပြီးသားဖြစ်နေပါတယ်"ဟု ကွာလာလမ်ပူရှိကုန်သည် တစ်ဦးက ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ပဲပုပ်ဆီရောင်းချရမှုမှ အမြတ်ရရှိမှုကို ကိုးကားပြီး ပြောကြားခဲ့သည်။

"စားအုန်းဆီထုတ်လုပ်မှုက အမြင့်ဆုံးကိုရောက်ရှိခဲ့ပြီး လက်ကျန်တွေလည်း နောက်လအနည်းငယ်အတွင်းမှာ မြင့်တက်လာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် အနာဂတ်ကာလမှာဖြစ်ပေါ်လာမယ့် ဝယ်လိုအားနဲ့ ရောင်းလိုအားက ဈေးကွက်ထဲမှာ အကောင်းဆုံးအနေအထားမှာ ရှိနေမှာပါ"ဟု ၎င်းကပြောကြားခဲ့သည်။

စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူကုန်သည်များ၏သဘောထားကို ဇူလိုင်လအတွင်း ကောက်ယူခဲ့ရာ စားအုန်းဆီထုတ်လုပ်မှုပမာဏမှာ ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၆၈သန်းရှိခဲ့သည်။

သို့သော် ကုန်သည်များကမူ လေးရာခိုင်နှုန်းသာ မြင့်တက်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၄၃ သန်းသာ ရှိခဲ့သည်ဟု ဆိုသည်။

ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီဈေးနှုန်းသည် အမြတ် ၁ ဒသမ ၄ ရာခိုင်နှုန်းရရှိချိန်တွင် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ အောက်တိုဘာလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးသည် သုည ဒသမ ၉ ရာ ခိုင်နှုန်း မြင့်တက်ခဲ့သည်။

စားအုန်းဆီနှင့်ဆက်စပ်နေသည့် အခြားသောစားသုံးဆီဈေးကွက်တွင် ဇန်နဝါရီလအတွက် စာချုပ်ချုပ်ဆိုဈေးများမှာ သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၁-၈-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၆၀၀ | ၃၈၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၃၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၅၀၀ | ၃၆၀၀ | △ | ၁၈၇၀ | ၁၈၄၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၈-၂၀၁၇ US$/Ton

| အမျိုးအစား | ဇူလိုင်ပဥ္စမပတ် | ဩဂုတ်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | ၆၃၂.၀၀ | |
| RBD P.Olein | ၆၅၃.၀၀ | ၆၃၇.၀၀ | ▽ |
| RBD P.Stearin | - | ၆၀၇.၀၀ | |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁-၈-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၅၇.၈၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၁၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၀၅.၆၅၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၈-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၀၀ဒေါ်လာနှင့် USD ဈေး ၁၃၆၂ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၁-၈-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပန်းစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်ရရှိရေး ကြိုးပမ်းလုပ်ဆောင်သွားသင့်



စောမောင် (တောင်ကြီး)

*ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက်က ညောင်ရွှေမြို့နယ် ရေပယ်ရွာ ပန်းစိုက်ပျိုးရေးဇုန်တွင် ပန်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးဖိုးကင်းနှင့်တွေ့ဆုံပြီး ပြည်တွင်း ပြည်ပ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။*

**ပြည်နယ်ဦးစီးမှူး။ ပန်းအစုအဖွဲ့ကို ဘယ်လိုရည်မှန်းချက်တွေနဲ့ ဆောင်ရွက်နေပါသလဲ။**

**ဦးဖိုးကင်း။** ပန်းအစုအဖွဲ့ကို ရည်မှန်းချက် သုံးရပ်နဲ့ ဆောင်ရွက်နေပါတယ်။အဲ့ဒီ ရည်မှန်းချက်တွေကတော့ ခေတ်မီစိုက်ပျိုးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး၊ ဈေးကွက် ပိုမိုထိုးဖောက် ရရှိလာနိုင်ရေးတို့ ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာပန်းကို ဘယ်မြို့တွေမှာ အများဆုံးစိုက်ပျိုးပါသလဲ။**

**ဦးဖိုးကင်း။** ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပန်းအများဆုံး စိုက်ပျိုးတဲ့ မြို့/ရွာတွေ ကတော့ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အင်းခေါင်း၊ဝါးရုံပင်၊ လက်ပံပင်၊ရွာတော်၊ ပေါပဲ၊ မြက်ဆက်၊ ဥသကံ၊ နတ်တော်မူ၊ ဘော်နင်းကုန်း၊ တောင်လေး လုံးရွာများမှာ စိုက်ပျိုးကြ သလို တောင်ကြီးမြို့နယ် အေးသာယာမြို့၊ ညောင်ရွှေမြို့နယ် ရေပယ်နဲ့ ညောင်ဝန်းရွာများမှာလည်း စိုက်ပျိုးကြပါတယ်။ စုစုပေါင်းဧက ၃၀၀ ခန့် စိုက်ပျိုးကြပါတယ်။

**ပြည်နယ်ဦးစီးမှူး။ စိုက်ပျိုးတဲ့ ပန်းများနဲ့စိုက်ချိန်၊ ခူးချိန် ဈေးကွက်တင်တဲ့ ကာလသက်တမ်းကို ပြောပြပေးပါ။**

**ဦးဖိုးကင်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) မှာ ပန်းမျိုးစုံ စိုက်ပျိုးကြရာ အများဆုံးစိုက်ပျိုးတဲ့ ပန်းကတော့ ဂန္ဓမာပန်း ဖြစ်ပါတယ်။ ဂန္ဓမာပန်းဆိုရာမှာလည်း အချိန်ရာသီကို လိုက်ပြီး စိုက်ကြတဲ့ ပန်းအမျိုးအစားများရှိတယ်။ နှစ်စဉ်ဧပြီလနဲ့ မေလတို့မှာ စတင်စိုက်ပျိုးပြီး၊ ဇူလိုင်လနှောင်းပိုင်း ဩဂုတ်၊ စက်တင်ဘာလတို့မှာ ဈေးကွက်တင်တဲ့ ပန်းတွေကတော့ ချက်စိမ်း၊ ချယ်ရီပွင့်၊ ချယ်ရီဖြူ၊ သစ်ခွ၊Five Star၊ One Star၊ သစ်ခွနီ၊ လိပ်ပြာ၊ စံပယ်ဖြူ၊ ကြွေစိမ်း၊ ကိုရီးယား၊ ရွှေဝါ၊ လိမ္မော်ရွှေ စတဲ့ အမျိုးအစားများဖြစ်ပါတယ်။ အဲဒီပန်းတွေကတော့ အခက်၊ အလက်၊ အပွင့်များစွာရတဲ့ ပန်းတွေဖြစ်ပါတယ်။နှစ်စဉ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့မှာ စတင်စိုက်ပျိုးပြီး ဇွန်၊ ဇူလိုင်လတွေမှာ ဈေးကွက်တင်လို့ရတဲ့ ပန်းတွေကတော့ ဆမ်းမားဖြူ၊ ဆမ်းမားဝါ၊ လပ်ကီး၊ ရွှေဟင်္သာ စတဲ့ အမျိုးအစားများ ဖြစ်ပါတယ်။ အဲ့ဒီပန်းတွေကတော့ တစ်ပင်လျှင် တစ်ပွင့်သာယူတဲ့ အမျိုးအစားများ ဖြစ်ပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာလတို့မှာ စိုက်ပျိုးတဲ့ ပန်းကတော့ ဆောင်းနှင်းဖြူ အမျိုးအစားဖြစ်ပါတယ်။ ဖေဖော်ဝါရီနဲ့ မတ်လတို့မှာ စိုက်ပျိုးပြီး ဇူလိုင်လမှာ ဈေးကွက်တင်တဲ့ ပန်းကတော့ ကြွေနီအမျိုးအစားဖြစ်ပါတယ်။ မေလနဲ့ ဇွန်လတို့မှာ စိုက်ပျိုးပြီး စက်တင်ဘာလနဲ့ နိုဝင်ဘာလတို့မှာ ဈေးကွက်တင်ကာ တစ်ပွင့်ထိုးအဖြစ်နဲ့ ရယူသလို ပဒေသာအဖြစ်နဲ့လည်း ယူပါတယ်။ ဒါကြောင့် ဇွန်လမှ ဇန်နဝါရီအထိ ပန်းထွက်ရာသီ ရှိနေတာကြောင့် တစ်နှစ်မှာ ရှစ်လထုတ်လုပ်တင်ပို့ ရောင်းချနိုင်တဲ့ ကုန်စည်ဖြစ်ပါတယ်။ စိုက်ပျိုးပင် သက်တမ်း ရက်ပေါင်း ၁၆၀ ရက်မှ ၁၈၀ ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ဂန္ဓမာပန်းတစ်ဧကဝင်ဆန့်တဲ့ အပင်အရေအတွက်နဲ့ ကုန်ကျစရိတ်၊ ကျရောက်တဲ့ပိုးများနဲ့ သုံးစွဲရတဲ့ဆေးများကို ပြောပြပေးပါ။**

**ဦးဖိုးကင်း။** ဂန္ဓမာပန်း တစ်ဧက ဝင်ဆံ့တဲ့ အပင်အရေအတွက်ကတော့ သုံးသိန်းခွဲခန့် ဝင်ဆံ့ပြီး ပန်းတစ်ဧကအတွက် တစ်နှစ်ကို ကုန်ကျစရိတ် ကျပ်သိန်း ၁၄၀ ခန့်ရှိပါတယ်။ ဂန္ဓမာပန်းမှာ ကျရောက်တတ်တဲ့ ပိုးများကတော့ စုပ်စားပိုး၊ ငါးမြှောင်တောင်ပိုး၊ ရွက်ထွင်းပိုးတို့ ဖြစ်ပါတယ်။ အရွက်အောက်တွင် အဖြူပြောက်များကျတဲ့

## တရုတ်ပန်းဝင်ရောက်လာချိန်မှာ ပြည်တွင်းပန်းဈေးကွက် ကျဆင်းပါတယ် …..

ကျောက်ဖြူရောဂါအတွက်ကိုတော့ အင်ဗန်ဒိုင်၊ အင်တာနက် နှင့် ဖလင်းဆေးကိုသုံးရပါတယ်။ ရွက်ထွင်းရောဂါအတွက်ထွိုင်ဆိုဗာ အုပ်စု ဆေးကိုသုံးရပြီး မှိုရောဂါအတွက် အင်ဗန်ဒိုဆေးကို သုံးရပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပြည်တွင်း၊ ပြည်ပဈေးကွက် အခြေအနေကို ပြောပြပေးပါ။**

**ဦးဖိုးကင်း ။** ပန်းဈေးနှုန်းကတော့ ဧပြီလကုန်၊မေလဆန်းမှာ ပန်းတစ်ပွင့်ကို ကျပ်၈၀ မှ ကျပ် ၁၀၀ ဈေးရခဲ့ပြီး ဇွန်၊ ဇူလိုင်မှာ ပန်းတစ်ပွင့်ကို ၂၅ ကျပ်မှ ကျပ် ၃၀ဈေးနှုန်းရပါတယ်။ ဂန္ဓမာပန်းကို တင်ပို့တဲ့မြို့တွေကတော့ ရန်ကုန်၊ မော်လမြိုင်၊ နေပြည်တော်၊ မိတ္ထီလာ၊ လွိုင်ကော်၊ တာချီလိတ်၊ တောင်ကြီး၊ ဆီဆိုင်၊ ဆိုက်ခေါင်မြို့များနဲ့ ဧရာ ဝတီတိုင်း၊ ပဲခူးတိုင်းသို့တင်ပို့ပါတယ်။ ရန်ကုန်မြို့မှတစ်ဆင့် အောက်မြန်မာပြည်အရပ်ရပ်သို့ စီးဆင်းပါတယ်။ ပြည်ပဈေးကွက် အနေနဲ့ စင်ကာပူနိုင်ငံသို့ တစ်ကြိမ်သာ တင်ပို့နိုင်ခဲ့ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ခြင်း မရှိသေးပါဘူး။

**ပြည်နယ်ဦးစီးမှူး။ ပန်းထုပ်ပိုးမှုနှင့် သယ်ယူပို့ဆောင်မှု အခြေအနေကို ပြောပြပေးပါ။**

**ဦးဖိုးကင်း။** ပန်းကို တင်ပို့တော့မယ်ဆိုရင် ပန်းတွေကို စက္ကူပုံးနဲ့ ထုပ်ပိုးပါတယ်။ Ruby စက္ကူပုံး တစ်ပုံးလျှင်ကျပ် ၉၀၀ နဲ့ ဝယ်ယူပြီး Ruby သုံးပုံးကို နှစ်ပုံးပြန်လည်ပြုလုပ်ရပါတယ်။ တစ်ပုံးကို ကုန်ကျစရိတ်ကျပ် ၁၃၅၀ ခန့်ရှိပါတယ်။ အရွယ်အစားအနေနဲ့ ပြောရရင်တော့ အလျားသုံးပေခွဲ၊ အနံ တစ်ပေခွဲ၊ အမြင့် ကိုးလက်မ ဖြစ်ပါတယ်။ ပြန်လည်ပြုပြင်ပြီးပုံးကို အနည်းဆုံး သုံးခါလောက်သုံးလို့ရပါတယ်။ ပုံးခွံအပေါ်မှာတြိဂံပုံ အပေါက်လေးတွေ ဖောက်ပေးရပါတယ်။ သယ်ယူပို့ဆောင်မှုကတော့ ၁၀ ပေ x ၁၂ ပေရှိ အအေးခန်းကားများ၊ မှန်လုံကားများ၊ ကုန်တင်ကားများနဲ့ တင်ပို့ရပါတယ်။ ကားတစ်စီးမှာ ပုံး ၁၂၀ မှ ၁၅၀ အထိ ဝင်ဆံ့ပြီး တစ်ပုံးလျှင် ပန်းပွင့် ၅၀၀ မှ ၆၀၀ အထိ ထည့်သွင်းနိုင်ပါတယ်။ သယ်ယူပို့ဆောင်ခကတော့ ပန်းတစ်ပုံးလျှင် ကျပ် ၃၀၀၀ မှကျပ် ၄၀၀၀ အထိ ပေးရပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ဂန္ဓမာပန်းအရောင်အသွေးများနဲ့ပြည်ပမှ ဝင်ရောက်တဲ့ပန်းများ ကြာရှည်ခံနိုင်မှု၊ ဈေးကွက် အခြေ အနေတို့ကို ပြောပြပေးပါ။**

**ဦးဖိုးကင်း ။** စိုက်ပျိုးထားရှိတဲ့ ဂန္ဓမာပန်း အရောင်အသွေးကတော့ အဖြူ အနီ၊အဝါ၊လိမ္မော်၊ ခရမ်း၊ မရမ်း၊ ကြက်သွေးရောင်၊ဆင်စွယ်ရောင်တို့ဖြစ်ပါတယ်။ ပြည်ပမှ ပန်းဝင်ရောက်မှုကတော့ တရုတ်နိုင်ငံမှ လီလီ၊ ပဲဟော့၊ ကာနေးရှင်းပန်းများ ဝင်ရောက်ပါတယ်။ တရုတ်ပန်းဝင်ရောက်လာချိန်မှာ ပြည်တွင်း ပန်းဈေးကွက် ကျဆင်းပါတယ်။ တရုတ်ပန်းတွေကတော့ နှစ်စဉ်ဧပြီလမှ အောက်တိုဘာ၊ နိုဝင်ဘာလအထိ ဝင်ရောက်တတ်ပါတယ်။ ပြည်တွင်းပန်းကတော့ တစ်ပတ်/ဆယ်ရက်ကြာ အသုံးပြုလို့ရပါတယ်။ တရုတ်ပန်း ကတော့ နှစ်ပတ်သာ အသုံးပြုနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ လုပ်သားငှားရမ်းအသုံးပြုမှုနှင့် တစ်ဧက ကုန်ကျစရိတ် အကျိုးအမြတ်များကို ပြောပြပေးပါ။**

**ဦးဖိုးကင်း။** လုပ်သားကိုတော့ နှစ်ပေါက် ငှားရမ်းအသုံးပြုတဲ့ အနေအထား ရှိပါတယ်။ လုပ်သားခုနစ်ဦး နှစ်ပေါက် ငှားရမ်းထားပါတယ်။ တစ်ဦးလျှင် တစ်ရက်ကို အမျိုးသားဆိုရင်ကျပ် ၄၀၀၀ ၊ အမျိုးသမီးဆိုရင် ကျပ် ၃၅၀၀ နှုန်း ရှင်းပေးရပါတယ်။ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်အနေနဲ့ ပြောရမယ်ဆိုရင် အမျိုးသားလုပ်သား သုံးဦးနှစ်ပေါက် ငှားရမ်းမှုအတွက်တစ်ဦးလျှင်တစ်ရက်ကျပ် ၄၀၀၀ နှုန်းနှင့် ကျပ် ၄၃၈၀၀၀၀ ၊ အမျိုးသမီးလေးဦး နှစ်ပေါက် ငှားရမ်းမှုအတွက် တစ်ရက်လျှင် ကျပ် ၃၅၀၀ နှင့်ကျပ် ၅၁၁၀၀၀၀ ၊ ဓါတ်မြေဩဇာ မျိုးစုံ ၁၅ အိတ်ခန့် အသုံးပြုခြင်း ကုန်ကျစရိတ်ကျပ်၄၀၅၀၀၀၊ သဘာဝမြေဩဇာ (နွားချေး) ကားတစ်စီး လျှင်ကျပ် ၁၃၅၀၀ နှုန်းနှင့် လေးစီးအတွက်ကျပ် ၅၄၀၀၀၊ ပျိုးပင် ၃၅၀၀၀၀ ပင်ကို တစ်ပင် လျှင် သုံးကျပ်နှုန်းဖြင့် ကျပ် ၁၀၅၀၀၀၀ ကုန်ကျပါတယ်။ ဆေးဖိုးအနေနဲ့ အင်ဗန်ဒို၊ အင်ဗန်ဒိုင်၊ ထွိုင်ဆိုဗာ၊ ဖလင်း၊ အင်တာနက် အစရှိတဲ့ အားဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ဆေးဖျန်းပုံး စသည့် ပစ္စည်းများ ဝယ်ယူခြင်းအတွက် ကျပ် ၂၀၀၀၀၀၀ ကုန်ကျပါတယ်။ ဈေးကွက်သို့ ပန်းပုံးကားများနဲ့တင်ပို့ရတဲ့အတွက် ပန်းတစ်ပုံးလျှင် သယ်ယူခ အနည်းဆုံးကျပ် ၃၀၀၀ နဲ့ ပန်းပုံး ၄၇၀ အတွက်ကျပ် ၁၄၁၀၀၀၀ ကုန်ကျပါတယ်။ ပန်းတစ်ရာသီအတွက် ဂျပ်ဖာ ဝယ်ယူ အသုံးပြုမှု ကုန်ကျငွေမှာ ကျပ် ၂၁၁၅၀၀ ခန့် ရှိပါတယ်။ ပန်းတစ်ဧက ကို ထွန်ယက်ခကျပ် ၁၅၀၀၀၀ ခန့်ကုန်ကျရာ စုစုပေါင်း ကျပ် ၁၄၇၇၀၅၀၀ ခန့်ကုန်ကျပါတယ်။ ပန်းစိုက်တစ်ဧကမှ ပန်းပွင့် ရေ၃၁၀၀၀၀ ခန့်ကို တစ်ပွင့်လျှင် ၅၀ ကျပ်နှုန်းနှင့် တန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀ ခန့် ရရှိနိုင်တဲ့အတွက် ပန်းစတင်စိုက်ပျိုးတဲ့ ပထမနှစ်တွင် တစ်ဧကကို ကျပ် ၇၂၉၅၀၀ ခန့် အကျိုးအမြတ်ရရှိပြီး အမြတ် ငါးရာခိုင်နှုန်း ရရှိပါတယ်။ ဒုတိယနှစ်မှာ တစ်ဧကအတွက် ပန်းမျိုး ကုန်ကျငွေ ကျပ် ၁၀၅၀၀၀၀ ကို တခြားမှဝယ်ယူရန်မလိုဘဲ မိမိစိုက်ခင်းမှ မျိုးပြန်လည် ရရှိနိုင်တဲ့အတွက် (၇၂၉၅၀၀+၁၀၅၀၀၀၀) ဒုတိယနှစ်မှာ တစ်ဧကကို ကျပ် ၁၇၇၉၅၀၀ ခန့် အကျိုးအမြတ် ရရှိနိုင်ပြီး အမြတ် ၁၂ ရာခိုင်နှုန်းခန့် ရရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ဂန္ဓမာပန်းမျိုး ထုတ်ယူတဲ့ နည်းစနစ်များကို ရှင်းပြပေးပါ။**

**ဦးဖိုးကင်း ။** ဂန္ဓမာပန်းကို မျိုးထုတ်ယူတဲ့ စနစ်သုံးမျိုးရှိပါတယ်။ သားစို့၊သားတက် ( အမြစ်မှပွားခြင်း) ထုတ်ယူ စိုက်ပျိုးတဲ့စနစ် ဆိုတာကတော့ စိုက်ပျိုးခင်းမှ ပန်းပင်သက်တမ်း ၄၅ ရက်တွင် အမြစ်မကြီးမှ အဖု၊အတက် ထွက်ပေါ်လာခြင်းအား နုတ်ဖဲ့ယူ၍ စိုက်ပျိုးတဲ့ စနစ်ဖြစ်ပါ တယ်။ လမိုင်းငုတ်ကို ပြန်လည်ပြုစု ခြင်းစနစ် ဆိုတာကတော့ စိုက်ခင်းမှာ ပန်းခူးဈေးကွက် တင်ပြီးချိန်မှာ ကျန်ရှိတဲ့ လမိုင်းငုတ်များအား မြေပြင်ကပ်လျက် ဖြတ်တောက်ကာ ပြန်လည်ပြုစု စိုက်ပျိုးတဲ့ စနစ်ဖြစ်ပါတယ်။ ခေါင်ညွန့်ဖြတ် စိုက်ပျိုးယူတဲ့စနစ် ဆိုတာကတော့ စိုက်ပင် ၄၅ ရက်သားခန့်တွင် အပင်အမြင့် ခြောက်လက်မခန့်ရှိရာမှ နှစ်လက်မခန့် ခေါင်ညွန့်ဖြတ်ယူ၍ စိုက်ပျိုးတဲ့စနစ် ဖြစ်ပါတယ်။ ဒီစနစ်ကတော့ ခေါင်ညွန့်ဖြတ်ယူ စိုက်ပျိုးတာဖြစ်တဲ့အတွက် အပွင့်မြန်မြန် ပွင့်နိုင်တာကြောင့်ဈေးကွက်ကို မှန်းဆတွက်ချက် စိုက်ပျိုးရတဲ့ စနစ်ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကမ္ဘာလုံးဆိုင်ရာ အဆင့်သတ်မှတ်ခြင်းတွင် တရုတ်နိုင်ငံများ၏လုပ်ငန်းများ အဆင့်မြင့်တက်

တရုတ်နိုင်ငံ၏ စီးပွားရေးအသွင်ပြောင်းလဲမှုနှင့်အတူ လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ စာရင်းဝင်ကုမ္ပဏီ ၅၀၀ ၏ အဆင့်သတ်မှတ်ခြင်းတွင် တရုတ်နိုင်ငံ လုပ်ငန်းများ၏ အဆင့်များ ဆက်လက်မြင့်တက်ခဲ့ကြောင်း The Fortune Global 500 list ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၇ခုနှစ်အား စီးပွားတက်လာသည့်နှစ်အဖြစ် ရှုမြင်ခဲ့သည်။ တရုတ်နိုင်ငံရှိ လုပ်ငန်းများမှာ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ထုတ်ပြန်ခဲ့သော ၂၀၁၇ခုနှစ် စာရင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၁၅ အထိ နေရာယူနိုင်ခဲ့သည်။ ထိပ်တန်းလုပ်ဆောင်ချက်များ ကောင်းမွန်သော အမေရိကန်ထက် ၁၇နေရာသာ လျော့နည်းခဲ့သည်။ အဆင့်သတ်မှတ်ခြင်းတွင် ဤသို့မြင့်တက်လာခြင်းမှာ တရုတ်နိုင်ငံ၏ ၁၄နှစ်မြောက် အဆင့်မြင့်တက်ခြင်းပင်ဖြစ်သည်။

အဆင့် သတ်မှတ်ခြင်းတွင် အဓိကအားဖြင့် တရုတ်နိုင်ငံကုမ္ပဏီများအနေဖြင့် အင်တာနက်လုပ်ငန်းများ၊ လက်လီရောင်းဝယ်ရေး၊ ဘဏ္ဍာရေးလုပ်ငန်း၊ စွမ်းအင်နှင့် အိမ်ခြံမြေကဏ္ဍတို့ ပါဝင်သည်။ တရုတ်နိုင်ငံ၏ State Grid နှင့် ရေနံကုမ္ပဏီကြီးဖြစ်သော Sinopec Corpမှာ ဒုတိယနှင့် တတိယအကြီးဆုံးဖြစ်ပြီး ၂၀၁၆ခုနှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၃၁၅ ဘီလီယံနှင့် ၂၆၈ဘီလီယံ အသီးသီး ရရှိခဲ့သည်။ Huawei ကုမ္ပဏီမှာ ယမန်နှစ်တွင် ၁၂၉ နေရာမှ ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဘက်များအားလုံးကို ကျော်တက်လျက် အဆင့် ၈၃ အထိ မြင့်တက်ခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၆ ခုနှစ်တွင် တည်ငြိမ်စွာ ချဲ့ထွင်လာခဲ့ပြီး ယခုနှစ် ပထမနှစ်ဝက်တွင် လုပ်ငန်းကြီးများ၏ တိုးတက်မှုကိုဖြစ်စေခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ဆက်လက်တိုးမြင့်လာပြီး ပြိုင်ဘက်အမေရိကန်ထက် လာမည့် သုံးနှစ်မှငါးနှစ်အတွင်း အဆင့်သတ်မှတ်ခြင်းတွင် ကုမ္ပဏီအရေအတွက် ပိုမိုများပြားလာနိုင်မည် ဖြစ်သည်။ တရုတ်လုပ်ငန်း ၁၀ ခုမှာ အဆင့်ဝင်စာရင်းတွင် ပထမဆုံးအကြိမ်ပါဝင်လာခြင်းဖြစ်ပြီး အများစုမှာ အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီကြီးများဖြစ်သည့် Alibaba နှင့် Tencent အပါအဝင် ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည်။

ပေါင်းစည်းခြင်းနှင့် ပြန်လည်ဖွဲ့စည်းခြင်းမှာလည်း တရုတ်နိုင်ငံပိုင်လုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်ရေးအတွက် များစွာအကူအညီဖြစ်စေခဲ့သည်။ စက်မှုဆိုင်ရာ အရင်းအမြစ်များ အကောင်းဆုံးခွဲဝေအသုံးချခြင်းဖြင့် ဗဟိုအစိုးရ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း စုစုပေါင်း ၄၈ ခုမှာ အဆင့်ဝင်စာရင်းတွင် ပါဝင်လာခဲ့သည်။ တရုတ်နိုင်ငံ၏ Minmetals ကော်ပိုရေးရှင်းမှာ ယမန်နှစ်တွင် ၃၂၃ နေရာမှ ၁၂၀ နေရာသို့ မြင့်တက်ခဲ့သည်။

တရုတ်အစိုးရအနေဖြင့် နိုင်ငံပိုင်ကဏ္ဍများအကြား ပေါင်းစည်းခြင်းနှင့် ပြန်လည်ဖွဲ့စည်းခြင်းအား တွန်းအားပေးမြှင့်တင်ခဲ့ပြီး ကုမ္ပဏီများ၏ စွမ်းဆောင်ရည် မြင့်တက်စေရန် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအရေအတွက်အား ၁၀၀ အောက်ထိ လျှော့ချရန် စီမံကိန်းချမှတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ အလုပ်အကိုင်ဈေးကွက်၊ စက်မှုဆိုင်ရာ ဖွဲ့စည်းမှု၊ စားသုံးမှုလိုအပ်ချက်နှင့် ပြည်တွင်း၊ ပြည်ပ စီးပွားရေး အခြေအနေများမှာ နောင်အနာဂတ်တွင် ပြောင်းလဲမှုများစွာ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ဗန်ကောက်ဘဏ် (BBL) က ဘဏ်ခွဲ ၂၀ တိုးချဲ့ဖွင့်လှစ်မည်

ထိုင်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်အများစု၏ ဘဏ်ခွဲဖွင့်လှစ်မှု အခြေအနေသည် ကျဆင်းနေသော်လည်း အကြီးဆုံးဘဏ်တစ်ခုဖြစ်သော ဗန်ကောက်ဘဏ် (Bangkok Bank-BBL) သည် ယခုနှစ်တွင် ဘဏ်ခွဲ ၂၀ ကို တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဘဏ်ခွဲများ၏ အခန်းကဏ္ဍသည် အချို့နေရာဒေသများတွင် ဖောက်သည်များအတွက် အလွန်အရေးပါနေဆဲဖြစ်ကြောင်း၊ ဗန်ကောက်ဘဏ်အနေဖြင့် နေထိုင်မှုပုံစံနှင့် ဖောက်သည်များ၏ ဘဏ္ဍာရေးဆောင်ရွက်မှုအလေ့အထ ပြောင်းလဲလာမှုများနှင့်အညီ ၎င်း၏ဝန်ဆောင်မှုလုပ်ငန်းများအပေါ် သုံးသပ်လျက်ရှိကြောင်း၊ အချို့သော ဘဏ်ခွဲများ၏ ဝန်ဆောင်မှုသည် လူပုဂ္ဂိုလ်များကို ဦးစားပေးခဲ့ရာမှ လုပ်ငန်းများကို ပြောင်းလဲအလေးထားလာကြောင်း၊ ဘဏ်ဖောက်သည်များသည် အီလက်ထရောနစ် ပေးချေမှုစနစ်များကို အသုံးပြုရန် ပိုမိုနှစ်သက်ပါက ဘဏ်ခွဲများအနေဖြင့် အခြေအနေပေါ်မူတည်၍ ဝန်ဆောင်မှုများပေးနိုင်ရန် လိုအပ်ကြောင်း၊ ဗန်ကောက်ဘဏ်သည် မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်လျော်ညီစွာ ဘဏ်ခွဲနှင့် ATM ငွေထုတ်စက်များကို တိုးချဲ့မည်ဖြစ်ကြောင်း ဗန်ကောက်ဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr.Thaweelap Rittapirom ကပြောကြားပါသည်။

ဗန်ကောက်ဘဏ်သည် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဘဏ်ခွဲခုနစ်ခုကို ဖွင့်လှစ်ခဲ့ပြီးနောက် ဘဏ်ခွဲစုစုပေါင်း ၁၁၆၄ ခုထိ တိုးတက်လာပါသည်။ တစ်ချိန်တည်းတွင် အခြားဘဏ်အများစုသည် ဘဏ်ခွဲများပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ကြရာ ဘဏ်ခွဲစုစုပေါင်း ၆၆ ခုကို ပိတ်သိမ်းခဲ့ပါသည်။ ထိုင်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်အားလုံးသည် ဘဏ်ခွဲစုစုပေါင်း ၆၉၅၀ ဖွင့်လှစ်ထားရှိကြောင်း တွေ့ရှိရပါသည်။ ဘဏ်ခွဲအများဆုံးလျှော့ချခဲ့သည့် ဘဏ်မှာ Krungthai ဘဏ်ဖြစ်ပြီး ဘဏ်ခွဲ ၂၇ခုကိုပိတ်သိမ်းခဲ့သဖြင့် ဘဏ်ခွဲစုစုပေါင်း ၁၁၈၆ ခုသာ ကျန်ရှိပါသည်။ ထို့နောက် Kasikorn bank (KBank) သည် ဘဏ်ခွဲ ၂၆ ခုကိုလျှော့ချခဲ့သဖြင့် ဘဏ်ခွဲစုစုပေါင်း ၁၁၈၆ ခု နှင့် Thanachart ဘဏ်သည်လည်း ဘဏ်ခွဲ ၂၆ ခုကို လျှော့ချခဲ့သဖြင့် ဘဏ်ခွဲစုစုပေါင်း ၅၆၇ ခုကျန်ရှိပါ သည်။

သမားရိုးကျဘဏ်ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုသည် ထပ်မံကျဆင်းမည့်အခြေအနေတွင် ရှိသော်လည်း ရှော့ပင်းမောလ်ကဲ့သို့သော အချို့နေရာများရှိ ဘဏ်ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုသည် တိုးတက်လျက်ရှိကြောင်း၊ ဗန်ကောက်ဘဏ်သည် ဘဏ်ဖောက်သည်အသစ်များသို့ ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်အတွက် ဒစ်ဂျစ်တယ်ဘဏ်စနစ် တိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း Mr.Thaweelap က ဆက်လက်ပြောကြားပါသည်။

ထိုင်းစတော့အိတ်ချိန်းတွင် ဇွန် ၁၃ ရက်ရှိ ဗန်ကောက်ဘဏ်၏ အစုရှယ်ယာဈေးနှုန်းသည် ရှယ်ယာတစ်စုလျှင် ဘတ် ၁၈၀ ဖြင့် ပြောင်းလဲမှုမရှိခဲ့ဘဲ အရောင်းအဝယ် ပမာဏ စုစုပေါင်း ဘတ်သန်း ၈၄၀ ရှိကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အိန္ဒိယနိုင်ငံရှိ ရာဂျတ်စသန်ပြည်နယ် အဝေးပြေးလမ်းမကြီး ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ADB ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၂၀ ရယူ

အိန္ဒိယနိုင်ငံ ရာဂျတ်စသန်ပြည်နယ် အဝေးပြေးလမ်းမကြီးတစ်လျှောက် ဆက်သွယ်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး တိုးတက်ကောင်းမွန်လာစေရန်နှင့် ခရီးသည်များ၊ မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးတို့ကို ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် အိန္ဒိယအစိုးရတို့သည် အမေရိကန် ဒေါ်လာသန်းပေါင်း ၂၂၀ ရယူမည့် ချေးငွေသဘောတူစာချုပ်တစ်စောင်ကို ဇူလိုင် ၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြ ကြောင်း သိရှိရပါသည်။

ADB ဘုတ်အဖွဲ့သည် အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် အသုံးပြု ဆောင်ရွက်မည့် ရာဂျက်စသန်ပြည် နယ်အဝေးပြေးလမ်းမကြီး ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (Rajasthan State Highways Investment Program) ကို ယခုနှစ် မေလက အတည်ပြုခဲ့ကြောင်း၊ ယင်းစီမံကိန်းအရ ရာဂျတ်စသန် ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ်ရှိ လမ်းအရှည်ကီလိုမီတာ ၂၀၀၀ ခန့်အား အဆင့်မြှင့်တင်ခြင်း၊ အဓိကကျသည့် ခရိုင်ချင်းဆက်လမ်းများအား နှစ်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုလက်မှတ်ရေးထိုးသည့် ချေးငွေစာချုပ်သည် Rajasthan State Highways Investment Program အတွက် ADB၏ ပထမအရစ်ချေးငွေ ဖြစ်ပြီး ယင်းချေးငွေဖြင့် ရာဂျတ်စသန်ပြည်နယ် အဝေးပြေးလမ်း အရှည်ကီလိုမီတာ ၁၀၀၀ ခန့်အား အဆင့်မြှင့်တင်ခြင်းနှင့် အဓိကကျသည့် ခရိုင် ချင်းဆက်လမ်းများအား အဆင့်မြှင့်တင်ခြင်းတို့ကို ဦးစွာအကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ချေးငွေသက်တမ်းမှာ ၂၅ နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလ ရှစ်နှစ်ပါဝင်ကြောင်း၊ နှစ်စဉ်အတိုးနှုန်းမှာ ADB ၏ LIBOR ကို အခြေခံ ထားသည့် ချေးငွေဝန်ဆောင်မှုနှုန်းထားများနှင့်အညီ သတ်မှတ်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ရာဂျတ်စသန် အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် စုစုပေါင်းကုန်ကျမည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၅ ဘီလီယံဖြစ်ပြီး အစိုးရက အမေရိကန်ဒေါ်လာ ၄၆၅ သန်း၊ ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၄၅၀ နှင့်သက်သာသောချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ တို့ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်သူ့ရေးရာ လိုအပ်ချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ရာ၌ အစိုးရတစ်ခုတည်းသာမက ပုဂ္ဂလိကကဏ္ဍပါ ပါဝင်လာစေရေး ဆွဲဆောင်မှုတစ်ရပ်အနေဖြင့် PPP စနစ် အားကောင်းလာစေရေးလည်း ဦးတည်ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၈–၂၀၁၇)

ဇော်ဝင်း



## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲဈေး ဆက်လက်တက်ရိပ်ပြပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်တက်ရိပ်ပြခဲ့ပေမယ့် ပဲစင်းငုံနီဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၇၅၆၀၀၀ နဲ့ ပြန်လည်ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၇၆၉၀၀၀ အထိဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၈၉၁၀၀၀ နဲ့ပြန်လည်ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၉၆၉၀၀၀ အထိ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်တန် ကျပ် ၅၉၉၀၀၀ အထိဈေးပြန်မြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၁၀၀၀၀ နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC) က တစ်တန်ကို ကျပ် ၁၃၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၇၈၀၀၀ အသီးသီးဈေးမြင့်ခဲ့ပြီး ပဲစင်းငုံနီကတော့ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၈၉၀၀၀ ပြန်လည်ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၇၄ ယွမ်မှ ၈၃ ယွမ် (တစ်တန်ယွမ် ၁၄၈၀ မှ ယွမ် ၁၆၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှုမှာတော့ ယခင်တစ်ပတ်က တန်ချိန် ၁၁၆၀၀ ကျော် တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၉၀၀၀ ကျော်သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပြီး ဈေးငြိမ်ပေမယ့် အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာပြောင်းဈေးငြိမ်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ် ၃၀၆၁၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၃၃၆၀၈၀၇ ပိဿာရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာ ၃၀၄၄၈၀၀ သာ ရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြသော်လည်း ပဲတီစိမ်း(အညာ)ရွှေဝါဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်လည်တက်ရိပ်ပြလာပေမယ့်ပဲတီစိမ်း (အညာ) ရွှေဝါက ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကျပ် ၁၂၅၀ ထိဈေးဆက်တိုက်ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၃၀၀ (တစ်တန်ကျပ် ၇၆၉၁၀၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါတစ်ပိဿာ ၂၀၀၉ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန်ကျပ် ၁၁၉၇၈၃၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ်ဝယ်လက်က ဝယ်လိုအား နည်းတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက် စမုံတစ်ပိဿာ ၂၈၈၉ ကျပ်နဲ့ ဈေးမြင့်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၄ ကျပ် (တစ်တန်ကျပ် ၁၇၄၁၆၃၀) နဲ့ ပြန်လည်ဈေးကျခဲ့ပါတယ်။ အလားတူ နှမ်းဖြူထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၇၈ ကျပ်နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀) အထိ ပြန်လည်ဈေးကျခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းက ဈေးနှုန်းအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၅၁၉ ကျပ်(တစ်တန်ကျပ် ၃၁၇၈၃၀)နဲ့ ဆက်လက်ဈေးငြိမ်ခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့ သူများနဲ့ အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေး တက်ရိပ်ပြသော်လည်း ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးပြန်လည်တက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီကဈေးပြန်လည် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကျပ် ၁၂၀၀ ထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၅ ကျပ် (တစ်တန်ကျပ် ၇၇၄၆၇၀) အထိဈေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကိုရန်ကုန်ဝယ်လက်က အရည်အသွေးကောင်းမွန်မှုကိုရွေးချယ်၍ ဝယ်ယူကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၉၀၅ ကျပ်နဲ့ပြန်လည်ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၈၀၀ (တစ်တန်ကျပ် ၄၈၉၉၁၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၉၅ ကျပ်နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၄၂ ကျပ်(တစ်တန်ကျပ် ၁၁၂၈၀၂၀)အထိ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်က အရည်အသွေးပေါ်မူတည်၍ ရွေးချယ်ဝယ်ယူကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၈၄ ကျပ်နဲ့ဈေးငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၃၇ ကျပ်(တစ်တန်ကျပ် ၁၃၆၉၉၁၀ )နဲ့ ပြန်လည်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မန္တလေးတင်ပို့မယ့်သူများက ပုံမှန်သာ ဝယ်ယူလျက်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲဈေးငြိမ်သော်လည်း ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေပေမယ့် ပဲစင်းငုံနီကတော့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးအနေနဲ့ တစ်ပိဿာ ၁၂၁၅ ကျပ်(တစ်တန်ကျပ် ၇၄၄၀၅၀)နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၉၀၅ ကျပ်နဲ့ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၇၅ ကျပ်(တစ်တန်ကျပ် ၅၃၅၈၄၀)နဲ့ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် (အသစ်) တစ်ပိဿာ ၂၈၄၅ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၈၀၀(တစ်တန်ကျပ် ၁၇၁၄၆၉၀) နဲ့ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ မန္တလေးတင်ပို့မယ့်သူများက သိပ္ပံနှမ်းနက်အသစ်ကို ဝယ်လိုအားများတာကြောင့် အ ရောင်းအဝယ်ဖြစ်မှုများကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၂၆၀၀ နဲ့ ဈေးပြန်မြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၆၂၅ ကျပ်(တစ်တန်ကျပ် ၁၆၀၇၅၂၀) နဲ့ ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ နှမ်းဖြူထိပ်စမှာ အရည်အသွေး ကောင်းမွန်မှုကြောင့် မြို့ခံနှမ်းလှော်လုပ်ငန်းများနဲ့ မန္တလေး တင်ပို့မယ့်သူများက ဝယ်လိုအားများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက် ကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၈၇၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၇၆၅ ကျပ်(တစ်တန်ကျပ် ၁၀၈၀၈၆၀)နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မန္တလေးတင်ပို့မယ့်သူများက ဝယ်လိုအားနည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၂၀၅၀ နဲ့ဈေးမြင့်ခဲ့ပြီး ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၂၁၀၀ (တစ်တန်ကျပ် ၁၂၈၆၀၁၀) နဲ့ဆက်လက်ဈေးမြင့်ခဲ့ကာ မြို့ခံပဲခွဲစက်များက ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံမှာ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေပြီး နှမ်းနီတစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၀၈၀ (တစ်တန်ကျပ် ၁၂၇၃၇၇၀)၊ သိပ္ပံနှမ်းနက် တစ်ပိဿာကျပ် ၂၆၇၀ (တစ်တန်ကျပ် ၁၆၃၅၀၈၀) နဲ့အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ မန္တလေးတင်ပို့မယ့်သူများက နှမ်းနက်ကိုဝယ်လိုအားများသလို မြို့ခံဆီစက်လုပ်ငန်းများက နှမ်းနီကို ဝယ်လိုအားများတာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၉၃၅ ကျပ်နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၅၀ (တစ်တန်ကျပ် ၅၂၀၅၃၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်း(လုံးသေး) ကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၇၆၀ နဲ့ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတစ်ပိဿာ ၁၇၆၅ ကျပ် (တစ်တန်ကျပ် ၁၀၈၀၈၆၀ )နဲ့ ဈေးပြန်လည်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း(လုံးသေး) ကို မန္တလေးဝယ်လက်က ဝယ်လိုအားရှိပေမယ့် ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းတာကြောင့် အရောင်းအဝယ်နည်းလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပြောင်းဈေးကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၂၃၅ ကျပ်သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၃၁၀ (တစ်တန်ကျပ် ၈၀၂၂၃၀)နဲ့ ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်များက ဝယ်လိုအားများပေမယ့် ရောင်းသူများကတက်ဈေးမျှော်၍ရောင်းချမှုနည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာကျပ် ၄၉၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၅၇ ကျပ်(တစ်တန်ကျပ် ၂၇၉၈၆၀) နဲ့ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကို ရန်ကုန်အစာစပ်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

××××××××××××××××

# ဒုတိယဝန်ကြီး ဦးအောင်ထူး TPR Roundtable Workshop သို့တက်ရောက် အမှာစကားပြောကြား

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် ကနဦးဆောင်ရွက်ချက်တစ်ခုဖြစ်သော TPR Roundtable Workshop အခမ်းအနားကို ဩဂုတ် ၉ ရက်တွင် နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။




ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ ဆန်းစစ်ခြင်း အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံး၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၄ ခုနှစ်၊ မတ် ၁၁ ရက်တွင် ကျင်းပခဲ့ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အနေနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာမှုရှိစေရေး လုပ်ငန်းစဉ်အဖြစ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အစည်းအဝေးများကို စီစဉ်ကျင်းပပေးလျက်ရှိပြီး ကုန်သွယ်မှုဆောင်ရွက်နိုင်မှု အခြေအနေအရ သတ်မှတ်ထားသည့် နှစ်အပိုင်းအခြားအလိုက် ကျင်းပရပါကြောင်း၊ TPR Roundtable Workshop ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ ဆန်းစစ်ခြင်းနှင့် Workshop များ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု အတွေ့အကြုံအရ အခြားဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များကို Role Model အဖြစ် အသိပေး ဆွေးနွေးနိုင်ရေးနှင့် အခြားဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းဆိုင်ရာ အတွေ့အကြုံကောင်းများ ဖလှယ်ရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် နည်းပညာဆိုင်ရာ အထောက်အပံ့များအတွက် စနစ်တကျ ဖော်ထုတ်ပေးနိုင်သော ဆန်းစစ်မှုတစ်ခုဖြစ်ပြီး ယခုကျင်းပသည့် ဆွေးနွေးပွဲတွင် အကျိုးမဲ့ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ ကုန်သွယ်မှုနှင့် စီးပွားရေး အခြေအနေများကို စုပေါင်းဖော်ထုတ်ရန် နိုင်ငံအချင်းချင်း ဖြေရှင်းဆောင်ရွက်ရမည့် အတွေ့အကြုံများကို ဝေမျှပေးနိုင်ခြင်း၊ မိမိနိုင်ငံအတွင်းရှိ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများကို ပြန်လည် သုံးသပ်ခြင်းဖြင့် ခိုင်မာသော မူဝါဒများ ပြင်ဆင်ပြောင်းလဲရာတွင် အထောက်အကူဖြစ်စေပြီး သင့်တင့်သော ကုန်သွယ်မှုနည်းဗျူဟာများ ချမှတ်နိုင်ရေးအတွက် လမ်းညွှန်တစ်ခုလည်းဖြစ်စေခြင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး LDCs နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade negotiations များတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် H.E Dr. Yonov Frederick Agoh ကလည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ တဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# အာဆီယံသည် စီးပွားရေးပေါင်းစည်းမှုဆောင်ရွက်နေကြောင်း ပြည်သူကို ပိုမိုအသိပေးသင့်

**သိန်းမြင့်ဝေ**

စီးပွားရေးပေါင်းစည်းမှု (Economic integration) အောင်မြင်လိုပါက အာဆီယံနိုင်ငံများသည် မိမိတို့၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို ပြည်သူလူထုသို့ ပိုမိုချပြအသိပေးရန် လိုအပ်သည်။ ထို့ပြင် အာဆီယံနိုင်ငံများကြားတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြိုင်ဆိုင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို အကောင်အထည်ဖော်ခဲ့သည်မှာ (၂)နှစ်ပြည့်မြောက်တော့မည်ဖြစ်သော်လည်း အရှေ့တောင်အာရှဒေသသည် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှုတွင် ဒေသတွင်းအခက်အခဲများနှင့် စိန်ခေါ်မှုများ (Internal challenges) ကို ရင်ဆိုင်နေရဆဲ ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများကြား ပေါင်းစည်းညီညွတ်မှုမရှိခြင်း (Lack of cohesiveness) ကြောင့် အရေးပါသော ကိစ္စရပ်များသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲဖြစ်နေကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။ ဥပမာအားဖြင့် အာဆီယံသည် နိုင်ငံတကာမျက်နှာစာတွင် ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိနေသော်လည်း ဆက်သွယ်ချိတ်ဆက်မှု (Connectivity) ကဲ့သို့သော အရေးကြီးသည့်အပိုင်းတွင် တိုးတက်မှုနှေးကွေးလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများကြား စိတ်တူသဘောတူဖြစ်သော ဘုံရပ်တည်ချက်တစ်ရပ် (Common identity) ကို ဖန်တီးထားရှိရပါမည်။ Common Identity မရှိပါက အာဆီယံနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်တွဲဖော်များ (Partner) အဖြစ် မရှုမြင်ဘဲ ပြိုင်ဘက်များ (Competitors) အဖြစ် အမြဲတမ်းလိုလို ရှုမြင်ကြမည် ဖြစ်ပါသည်။

ဥပမာအားဖြင့် အာဆီယံချိတ်ဆက်မှု ပင်မစီမံကိန်း (Master Plan of Asean Connectivity-MPAC) သည် အဖွဲ့ဝင်နိုင်ငံများကြား မတူညီမှုများကြောင့် ဆက်လက်မတိုးတက်ဘဲ ဖြစ်နေသည်။ ၂၀၂၅ ခုနှစ် MPAC သည် အာဆီယံကို ဘက်စုံပေါင်းစည်းချိတ်ဆက်ပေးသော ဒေသဆိုင်ရာလမ်းပြမြေပုံ (Regional road map) ဖြစ်သည်။

အာဆီယံ၏ ဂျီဒီပီ (GDP) သည် အမေရိကန်ဒေါ်လာ ၃ ထရီလီယံရှိပြီး ကမ္ဘာ့စီးပွားရေးအတိုးတက်ဆုံး ၁၀ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အာဆီယံသည်ဒေသ၏ စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြား နှစ်စဉ်ပျမ်းမျှ GDP တိုးတက်မှုနှုန်းကို ၅ ဒသမ ၂ ရာခိုင်နှုန်း လျာထားသတ်မှတ်ထားသည်။ စက်မှုလုပ်ငန်းရှုထောင့်မှကြည့်ပါက ဒေသဆိုင်ရာပေါင်းစည်းမှုသည် အချင်းချင်းအပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရာမှ အာဆီယံအတွက် ကြီးမားသော အခွင့်အလမ်းကို ရရှိစေနိုင်ကြောင်း တွေ့မြင်ရပါသည်။

အာဆီယံအသင်းကြီးအဖြစ် စုပေါင်းဆောင်ရွက်ခြင်းအားဖြင့် တစ်နိုင်ငံချင်းစီ၏ စီးပွားရေးအကျိုးအမြတ်ကို ဖြစ်ထွန်းစေနိုင်သည်။ စင်ကာပူနိုင်ငံ၏ စက်မှုကုန်ချောထုတ်လုပ်သည့်ကဏ္ဍ (Manufacturing sector) သည် တိုင်းပြည်ဝင်ငွေ GDP ၏ ၂၀ ရာခိုင်နှုန်း ပါဝင်နိုင်ကြောင်း သိရှိရပါသည်။ ထိုနည်းတူစွာ အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ စက်မှုကုန်ချောထုတ်လုပ်မှုကို ပိုမိုမြှင့်တင်သင့်ပါသည်။ စင်ကာပူဈေးကွက်သည် အလွန်သေးငယ်ခြင်းနှင့် ပြည်ပဈေးကွက်များကို ချဲ့ထွင်ရန် လိုအပ်ခြင်းတို့ကြောင့် အာဆီယံသည်ပင် စင်ကာပူအတွက် အရေးကြီးဆုံးဈေးကွက်ဖြစ်နေပါသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံသည် တန်ဖိုးပြောင်းလဲမှုကွင်းဆက် (Manufactoring value chain) တစ်လျှောက် အာဆီယံနိုင်ငံအားလုံးနှင့် လက်တွဲရန်အတွက် ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးပုံစံ (Collaborative business model) ကို ကျင့်သုံးလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံအလိုက် အားကောင်းသည့်အချက်ကို အသုံးပြုပြီး အကျိုးအမြတ်ရရှိစေရန် ဆောင်ရွက်သင့်သည်။ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံသည် ကုန်ပစ္စည်းထုပ်ပိုးသည့် လုပ်ငန်းစု (Packaging industry) ကိုလည်းကောင်း၊ လာအိုနိုင်ငံသည် လူ့စွမ်းအားအရင်းအနှီး (Human capital) ကိုလည်းကောင်း၊ စင်ကာပူသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (Intellectual property rights) ကိုလည်းကောင်း ပိုမိုအသုံးပြု၍ အကျိုးရှိအောင်ဆောင်ရွက်သင့်သည်။

နိုင်ငံအသီးသီး၏ အားသာချက်များကို အသုံးချခြင်းအားဖြင့် အာဆီယံသည် ဆွဲဆောင်မှုရှိသောဒေသ သို့မဟုတ် ဆွဲဆောင်မှုရှိသော ဈေးကွက် ဖြစ်လာနိုင်သည်။ ကမ္ဘာ့ဈေးကွက်အတွင်း ပိုမိုထိုးဖောက် ဝင်ရောက်ရေးအတွက်လည်း စက်မှုကုန်ချောထုတ်လုပ်ရန် အချက်အခြာကျသော နေရာဖြစ်လာနိုင်သည်။ ဤကဲ့သို့ အာဆီယံဈေးကွက်အတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းကို အာဆီယံနိုင်ငံများကြား ပြိုင်ဆိုင်မှုဟူ၍ မရှုမြင်သင့်ဘဲ လက်တွဲပူးပေါင်းခြင်းဟု ရှုမြင်ရပါမည်။ အာဆီယံနိုင်ငံများကြား ဘုံပိုင်ဆိုင်မှု သို့မဟုတ် စုပေါင်းပိုင်ဆိုင်မှု (Common ownership) မရှိဘဲ ပူးပေါင်းဆောင်ရွက်မှုမှရရှိသော ကောင်းကျိုးများကို ပြည်သူများက သတိထားသိရှိကြမည်မဟုတ်ပေ။

Institute of Southeast Asean Studies (ISEAS) က ၂၀၁၄ ခုနှစ်တွင် ပြုလုပ်သော လူထုသဘောထားစစ်တမ်းအရ အာဆီယံ(၁၀) နိုင်ငံရှိ ပြည်သူများ၏ ၅၅ ဒသမ ၈ ရာခိုင်နှုန်းသာ ASEAN သို့မဟုတ် AEC ကို သတိထား၊ သိရှိကြပါသည်။ ထို့ကြောင့် အာဆီယံနိုင်ငံအချင်းချင်း ပြိုင်ဆိုင်မှုမပြုဘဲ ပိုမိုပူးပေါင်းသင့်ကြောင်း၊ စီးပွားရေး ပေါင်းစည်းနေခြင်းကို ပြည်သူများအား ပိုမိုအသိပေးသင့်ကြောင်း တိုက်တွန်းလိုသည်။

**Source: The Jakata Post**

# ရိဒ်ကုန်သွယ်ရေးစခန်းသည် ဇူလိုင်လကုန်သွယ်မှုအနီးစပ်ဆုံး ကာလထက်ရော ယမန်နှစ် ကာလတူထက်ပါပိုမို

ရိဒ်ကုန်သွယ်ရေးစခန်းသည် ဇူလိုင်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၄ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ သုည ဒသမ ၅၉၂ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄၆ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဇူလိုင်လကုန်သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇွန်လကုန်သွယ်မှုနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၂ သန်းနဲ့ ကာလတူဖြစ်တဲ့ ဇူလိုင်လထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၉ သန်း ပိုမိုဆောင်ရွက်ခဲ့ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဇူလိုင်လ ကုန်သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇွန်လကုန်သွယ်မှုနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ငရုတ်ကောင်းနှင့် ဆေးရိုးတို့ကို ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း အဓိကပို့ကုန်ပစ္စည်းဖြစ်တဲ့ ကွမ်းသီးလျော့နည်းတင်ပို့ခဲ့ခြင်းကြောင့် ပို့ကုန်ပိုင်းတွင် ယခင်လထက် လျော့နည်းခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် လူသားဆံပင်၊ တောင်လုံးကျော်၊ မုတ်ခါး၊ နိုင်လွန်ချည်တို့ကို ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဇွန်လထက် ကုန်သွယ်မှုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဇူလိုင်လအတွင်း အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ကွမ်းသီး၊ ငရုတ်ကောင်း၊ ဆေးရိုး၊ စီးကရက်၊ စောင်၊ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ကလေးဝမ်းဆက်၊ မဝတ်တီရှပ်၊ မစီးဖိနပ်တို့ဖြစ်ပြီး အများဆုံး တင်သွင်းတဲ့ သွင်းကုန်ပစ္စည်းများကတော့ ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ တောင်လုံးကျော်၊ မုတ်ခါး၊ နိုင်လွန်ချည်တို့ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၂ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၀၄၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၃၁ တန်နဲ့ နှိုင်းယှဉ်ပါက ၁၁၅ တန်ပိုမို တင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၄ သန်း ပိုမိုရရှိခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးစီဖောင်းနဲ့ ပုစွန်ဖွဲ့ ပိုမိုတင်ပို့ခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေး မှာ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၁၀၀၀၊ ကဏန်းတစ်တန်လျှင် ၅၃၉၃၄ ယွမ်ရှိကြောင်း မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော့မထဆန်တန် ၈၀၀ ကျော်တင်ပို့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်း ပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၀ သန်းတန်ဖိုးရှိ ညှော့မထ ၂၅ မှတ် ဆန် ၈၃၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၁၅ တန်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ တန် ၈၂၀ ခန့် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၈ သန်းတန်ဖိုးရှိ ညှော့မထ ၂၅ မှတ်ဆန် ၅၄၇ တန်ခန့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ပြီးဖြစ်တယ်လို့ သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော့မထဆန် ၂၅ မှတ်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ချင်းစို၊ ဆီးဖတ်၊ ဆီးယိုထုပ်တို့ကို ၇၆၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် တင်ပို့မှုမရှိဘူးလို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှသကြားပိုမိုတင်ပို့ပြီး မြဝတီမှ လျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသုံးခုမှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၃၄ သန်းတန်ဖိုးရှိ Re-export သကြား ၁၈၅၁၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၇၆၄၅ တန်၊ လွယ်ဂျယ်မှ ၃၃၂ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၅၃၆ တန်ကျော်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၄၆၁၄ တန်၊ လွယ်ဂျယ်မှ ၉၉၉ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၉၉၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ သကြား လျော့နည်း တင်ပို့ခဲ့ပေမယ့် မူဆယ်မှ ၃၀၃၁ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုရက်သတ္တပတ်အတွင်း မူဆယ် ကုန်စည်ဒိုင်ရဲ့ သကြားတစ်တန်ဈေးကတော့ ကျပ် ၇၄၈၂၄၀ ဖြစ်ပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၇၆၀ ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၀ သန်းတန်ဖိုးရှိRe-export သကြား ၂၂၅၅ တန်ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ တန် ၂၇၃၀ နဲ့ နှိုင်းယှဉ်ပါက ၄၇၅ တန်လျော့နည်းတင်သွင်းလာတာ တွေ့ရပါတယ်။

**မော်မော်အောင်**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁၃ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၁၆၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၉၆၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၀၄ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ ပိုမို တင်ပို့ခဲ့ပေမယ့် ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်တို့ကို ၉၂တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်၊ ကင်းမွန်၊ အခြားရေထွက်၊ ရေဘဝဲတို့ကို ၁၁၂၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်း မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေခန်ပုစွန်၊ ကင်းမွန်၊ သဲကဏန်းတို့ကို ၉၄၅ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြိတ်ကုန်သွယ်ရေးစခန်းတွင် ဇူလိုင်လအတွင်း ကုန်သွယ်မှုကျဆင်း

မြိတ် ကုန်သွယ်ရေးစခန်းသည် ဇူလိုင်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၅၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ဒသမ ၇၆၅ သန်းဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ၁၁၉ သန်း ဆောင်ရွက်ခဲ့ပါတယ်။

အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇွန်လထက် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈၅ သန်း လျော့နည်းခဲ့သလို ယမန်နှစ်ကာလတူအောက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၉သန်း လျော့နည်းခဲ့ပါတယ်။



အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇွန်လအောက် လျော့နည်းရခြင်းမှာ ရေထွက်ကုန်ပစ္စည်းအုပ်စုဖြစ်တဲ့ ငါးအသားလွှာ၊ ကင်းမွန်၊ ရေခန်ပုစွန်၊ ငါးမှုန့်၊ ငါးခြောက်တို့ တင်သွင်းမှု လျော့နည်းခဲ့ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမဖမ်းရ ရာသီကို ယခင်နှစ်၌ဇွန်လ မှ ဩဂုတ်လအထိ သတ်မှတ်ခဲ့သော်လည်း ယခုနှစ်တွင် ရှေ့တစ်လတိုးပြီး မေလမှစတင်၍ ဇူလိုင်လအထိ ငါးမဖမ်းရရာသီ သတ်မှတ်ပြီး ယခင်နှစ်တွင် ငါးဖမ်းရေယာဉ် စီးရေ ၄၀ ရာခိုင်နှုန်းကို ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ရေယာဉ်စီးရေ၏ ၃၀ ရာခိုင်နှုန်းသာ ငါးဖမ်းဆီးခွင့်ပြုသည့်အတွက်ကြောင့်လည်းကောင်း၊ ယခုရာသီသည် မုန်တိုင်းများဖြစ်ပေါ်လေ့ရှိတဲ့ရာသီဖြစ်ပြီး ငါးဖမ်းရေယာဉ်များသည် မုန်တိုင်းသတင်းများရရှိပါက လုပ်ငန်းများရပ်နားပြီး နီးစပ်ရာကျွန်းများတွင် မုန်တိုင်းခိုရခြင်းများကြောင့် လည်းကောင်း ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းဖြစ်ကြောင်း သိရပါတယ်။

သွင်းကုန်ပိုင်းအနေဖြင့် ယခုဇူလိုင်လတွင် လူသုံးကုန်ပစ္စည်းအုပ်စုမှ ကြက်စာ၊ ရော်ဘာလက်အိတ်၊ ဆပ်ပြာ တို့ကို တင်သွင်းမှု ပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်း အုပ်စုမှ ဘိလပ်မြေ၊ ငါးမှုန့်စက်နှင့်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် ဓာတ်ဆီ၊ သံချောင်းတင်သွင်းမှု လျော့နည်းခြင်းကြောင့် ဖြစ်ကြောင်း သိရပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှဝါဂွမ်းလျော့နည်းတင်ပို့ပြီး ပိုးအိမ်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၈၄၀၂၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၁၂၉ တန်ကျော် တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၃၇ တန်နဲ့ နှိုင်းယှဉ်ပါက ခုနစ်တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဝါဂွမ်းနဲ့အတူ ပိုးအိမ် ရှစ်တန်ကို အမေရိကန် ဒေါ်လာ ၂၈၀၀၀ ဖိုး တင်ပို့ခဲ့ရာ ယခင် တစ်ပတ်ကလည်း တရုတ်နိုင်ငံသို့ ပိုးအိမ် ရှစ်တန် တင်ပို့ခဲ့တာကြောင့် ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။

မင်းဘူးခရိုင် စလင်းမြို့တွင် တောင်သူများ ချည်မျှင်ရှည်ဝါအထွက်နှုန်း ပိုမိုတိုးပွားစေရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ချည်မျှင်ရှည်ဝါမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားမှု အခြေအနေများကို တောင်သူများအား ပညာပေးကွင်းပြပွဲတွေ ပြုလုပ်ပေးခဲ့ကြောင်း၊ တောင်သူတွေအနေနဲ့ မြေအနေအထား၊ ရာသီဥတုအခြေအနေနဲ့ ကိုက်ညီမယ့် ဝါအမျိုးအစား၊ မိမိအတွက် အထွက်နှုန်းကောင်းစေမယ့် ဝါကို ရွေးချယ်စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# pm;o[illegible]v;pm;yg

ခင်မြင့်မြင့်သန်း(နေပြည်တော်)

နေ့စဉ်လူမှုဘဝနေထိုင်မှုများတွင် လက်ရှိခေတ်ကာလအနေအထားအရ စားသုံးသူများအနေဖြင့် စားသုံးသူ အခွင့်အရေးများတစ်မျိုးမဟုတ်တစ်မျိုး ချိုးဖောက်ခံနေကြရတယ်လို့ စိတ်ထဲမှာခံစားမိနေပါတယ်။ ကုန်စည်ပဲဖြစ်ဖြစ် ဝန်ဆောင်မှုပဲဖြစ်ဖြစ် လူတစ်ဦးချင်းစီနေ့တိုင်းတွေ့ကြုံဝယ်ယူစားသောက်လုပ်ကိုင်ဆောင်ရွက်ရင်း စစ်မှန်သည့်ကုန်ပစ္စည်း၊ အန္တရာယ်ကင်းသည့်အစားအသောက်၊ ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာ၊ စိတ်ကျေနပ်မှုရရှိစေသည့် ဝန်ဆောင်မှုများ စိတ်ချရသည့် ထုတ်ကုန်များ ရရှိနိုင်ရန်အခွင့်အလမ်းများစွာ နည်းပါးလာတာကိုတွေ့မြင်နေရပါတယ်။ ဓာတုဆိုးဆေးပါသောမုန့်များ၊ စားသုံးရန်မသင့်မုန့်နှင့်အစားအသောက်များ၊ စားသုံးရန်မသင့်ဆီ၊ ဆိုးဆေးပါသောငါးပိနှင့်အရောင်တင်မှုန့်၊ မန်ကျည်း၊ သံပုရာ၊ ရှောက်သဘာဝအချဉ်အစား ဈေးသည်များအသုံးပြုနေကြသောအချဉ်ခဲများ၊ ဆန်နှင့်ပဲများပိုးမထိုးစေရန် အသုံးပြုသည့်ပိုးသတ်ဆေး၊ ငှက်ပျောသီး၊ သရက်သီးများအမြန်မှည့်စေရန်ဈေးသည်များ သုံးစွဲလေ့ရှိသည့်ဈေးကွက်အတွင်းတရားမဝင်ရောင်းချသည့်မှည့်ဆေး၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံများမှ တရားမဝင် တင်သွင်းသည့်ရေခဲမုန့်၊ ဖျော်ရည်၊ သရက်ကင်၊ နာနတ်သီး၊ ဖရဲသီးများတွင်အသုံးပြုသည့်မူရင်း သကြားထက် အဆ ၅၀၊ အဆ ၁၀၀၊ အဆ ၂၀၀ ချိုသောအမျိုးအစား သုံးမျိုးရှိသည့် ပါဝါဆေးသကြား၊ ငါးအစိုအခြောက်များ ယင်မနားစေရန် အသုံးပြုသည့် ယင်မနားဆေးခေါ် ပိုးသတ်ဆေးတို့နှင့်ပြုပြင်ဖန်တီးထားသည့် အန္တရာယ်ရှိ အစားအသောက်များကိုစားသုံးသူတို့ နေ့စဉ်စားသောက်သုံးစွဲနေကြရခြင်းကပင် စားသုံးသူတို့၏ အခွင့်အရေးများ ဆုံးရှုံးနေကြရပြီးစားသုံးသူ အခွင့်အရေးချိုးဖောက်ခံနေကြရခြင်းပင်ဖြစ်ပါတယ်။

ဝိသမလောဘသား စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ်ချိုးဖောက်၍ ဘယ်သူသေသေငတေမာပြီးရောစိတ်နှင့် ကိုယ်ကျိုးစီးပွားရှာနေကြတဲ့ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ တင်ပို့တင်သွင်းသူများကြောင့် ရဟန်းသံဃာမှစ လူကြီးလူငယ် လူရွယ်လူလတ် ကလေးပါမကျန် ထိခိုက်နစ်နာ ရောဂါဘယထူပြော၍ မိသားစုကျန်းမာရေးကိုယ်စိတ်နှစ်ဖြာ အေးချမ်းရေးစတဲ့ အခွင့်အရေးများဆုံးရှုံးကြရပါတယ်။ မသန့်ရှင်းသည့်ရေသန့်၊ မသန့်ရှင်းသည့် အစားသောက်များနှင့် ပတ်သက်၍လည်း လူမှုကွန်ရက်များတွင် နေ့စဉ်မြင်တွေ့နေရတာ စိတ်မချမ်းမြေ့စရာဖြစ်ပြီး စားပြီးသားအစာ ဘယ်လိုမျိုချရမည်မသိတဲ့အဖြစ်၊ ဆိတ်သား၊ ဆတ်သားအမည်ခံပုပ်သိုးအမဲသားများနှင့်အခြားအသားများ၊ ယင်တလောင်းလောင်းနှင့် မသန့်ရှင်းမလတ်ဆတ်သော အသားများအရောင်လှလှဆိုး၊ ဈေးကွက်အတွင်း တွင်တွင်ကျယ်ကျယ် လိမ်ညာရောင်းချခဲ့တာကိုလည်း စားသုံးသူများကြုံနေရဆဲပင်ဖြစ်ပါတယ်။ ဆိုးဆေးဝါဝါနဲ့ လက်ဖက်ကို ပလတ်စတစ်ရေသန့်ဘူးထည့်ကြော်ထားတဲ့ပဲကြော်ကျွတ်ကျွတ်လေးဖြူး အကြိုက်လွေးနေကြဆဲဖြစ်တဲ့ရွှေမြန်မာ စားသုံးသူများဘဝကလည်းတွေးကြည့်ရင် ရင်လေးစရာပင်ဖြစ်လို့နေပါတယ်။ ဈေးကွက်အတွင်းက အရည်အသွေးမမီလျှပ်စစ်ပစ္စည်း၊ အရည်အသွေးမမီလူသုံးကုန်၊ အလှကုန်၊ အရက်အတု ဆန်အတုစတဲ့စစ်မှန်မှုမရှိတဲ့ စားသောက်ကုန်၊ အာမခံချက်အပြည့်အဝ မရရှိတဲ့ ဝန်ဆောင်မှုများကြား စားသုံးသူတွေ ကတော့ ခန္တီပါရမီ အပြည့်ရှိနေကြတာအမှန်။

အညာဓလေ့ နံနက်ခင်းစာ ထမင်းပူပူဆီဆမ်းဖို့ ပဲဆီနှမ်းဆီစစ်စစ်မရခဲ့တာ ဆယ်စုနှစ်ဘယ်နှစ်ခုရှိပြီဆိုတာမသိတော့ ရိုးရာပိန္နဲသီးကိုတောကြက်သားအဖြစ်တင်စားပီး မြိန်ရှက်စွာချက်စားခဲ့တဲ့အသီးတစ်ခု အခုတော့ ချွတ်ဆေးနဲ့ချွတ်ထားတဲ့အတွက်အစေးမပါ ဖွေးဖွေးဖြူနေလို့ မစားရဲတာလည်းကြာခဲ့ပြီ။ သက်သတ်လွတ်သမားတွေအတွက် ဟင်းတစ်ခွက်ဖြစ်စေတဲ့ ပဲသွေးပဲပြားနဲ့ မုန့်တီဆိုတဲ့မြန်မာ့ရိုးရာ အစားအစာကို လူသေမှာစိမ်တဲ့ ဖော်မလင်ထည့်၊ တစ်ရက်ကနှစ်ရက် တာရှည်အထားခံ ယင်တောင်မနားဝံ့တဲ့အစားအစာကိုပြည်သူတွေ အသက်နဲ့လောင်းကြေးထပ် စားသုံးနေကြရတာထုတ်လုပ်သူတွေ ရောင်းချသူတွေကိုယ်ချင်းစာသင့်ကြပါပြီ။ မှိုတက်ငရုတ်သီးမှုန့်၊ ဖွဲနဲ့ရောတဲ့ငရုတ်သီးမှုန့်တွေစားပြီးစားသုံးသူ ပြည်သူဘယ်နှစ်ဦး ကင်ဆာရောဂါဖြစ်နေကြပြီလဲ ဆိုတာမစဉ်းစားရဲတော့ပါ။ ကော်ဖီမစ်ကလည်း မသောက်သင့်၊ ဆေးဝါးတွေကလည်း အတုကြာရင် မျိုးဆက်သစ်ပြည်သူတွေ လူညွန့်တုံးတဲ့အဖြစ်ရောက်တော့မှာဖြစ်ပါတယ်။ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအနေနဲ့ ဘာသာရေးကပဲ ကြည့်ကြည့် လူမှုရေးကပဲကြည့်ကြည့် လူမျိုးရေးကပဲကြည့်ကြည့် သမာအာဇီဝနဲ့ စီးပွားရှာသင့် ပါတယ်။ တစ်နပ်စားဉာဏ်၊ တစ်ဘဝစံအတွက် မကြည့်သင့်၊ ဝဋ်မှာအမြဲ ငရဲမှာအပဆိုတဲ့ စကားကို လည်းမမေ့သင့်ပေ။ တစ်နေရာမှာ ထုတ်လုပ်သူဖြစ်ပေမယ့် ကျန်နေရာများတွင် စားသုံးသူဖြစ်နေမှာကို ဆင်ခြင်သင့်ပါတယ်။ မိမိထုတ်လုပ်လိုက်တဲ့ လုံခြုံစိတ်ချရမှုမရှိကုန်စည်ကို အခြားသူများစားသကဲ့သို့ အခြားသူထုတ်လုပ်သော အရည်အသွေးမမီကုန်စည်ကိုလည်း မိမိဝယ်ယူစားသုံးရမှာ ဖြစ်ပါတယ်။

စားသုံးသူသံသရာလည်နေမှာဖြစ်ပါတယ်။ မိမိရဲ့ မသန့်ရှင်းမလတ်ဆတ်သောအသား ငါး၊ အစားအသောက်များ အိမ်ရှင်မများချက်ပြုတ်ဆွမ်းလောင်းတဲ့အခါ ရဟန်း၊ သံဃာတော်များဘုန်းပေးရပါတယ်။ ကလေးသူငယ်များစားသုံးရပါတယ်။ အနာဂတ်လူငယ်လူရွယ်များစားသုံးရပါတယ်။ စားသောက်တဲ့ အစားအသောက်ကအာဟာရမဖြစ် ဘေးအန္တရာယ်ဖြစ်စေရင် ရောဂါထူပြော၊ ကျန်းမာရေးချို့တဲ့၊ လုပ်အားတွေဆုံးရှုံး၊ အသိပညာတွေဆုံးရှုံး၊ ဉာဏ်ရည်ဉာဏ်သွေးမမီ၊ ငွေကြေးဆုံးရှုံးမှုများမှတစ်ဆင့် နိုင်ငံရဲ့လူသားအရင်းအမြစ်များ စီးပွားရေးများ ကျဆင်းသည်ထိဆုံးရှုံးမှုများဆင့်ကဲဖြစ်ပေါ်လာနိုင်ပါတယ်။ မမှန်ကန်တဲ့စီးပွားရေးလုပ်ငန်း၊ ညံ့ဖျင်းတဲ့ဝန်ဆောင်မှု၊ တရားမဝင်နည်းလမ်းများနဲ့ ရရှိလာတဲ့ငွေကြေးနဲ့ဘုရားတည်ကျောင်းဆောက်ပုံစံအမျိုးမျိုးနှင့် လှူဒါန်းမှုပြုလုပ်မည့်အစား

စာမျက်နှာ - ၂၀ သို့ ➤

# မြိုင်မြို့နယ် လက်ဆည်ကန်ကျေးရွာ၌ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် တောင်သူများအားအသိပညာပေး ဟောပြောဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ သည် ဩဂုတ် ၉ ရက်တွင် မြိုင်မြို့နယ် လက်ဆည်ကန် ကျေးရွာ၌ တောင်သူများ အားပြည်တွင်းကုန်သွယ်မှုမြှင့် တင်ရေးအတွက် ရည်ရွယ်၍ သနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ရန်၊ မြန်မာ့သနပ်ခါးကို ကမ္ဘာ့ဈေးကွက်ထိ ထိုး ဖောက်ဝင်ရောက်နိုင်စေရန် ပြည်ပပို့ကုန်(အမယ်သစ်)ဖြစ်သော လျှော်ဖြူနှင့်ကြယ်ပဲကို တောင်သူများဖြစ်ထွန်းအောင် စိုက်ပျိုးရန်၊ ဆိတ်၊ နွားမွေးမြူသူများကိုလည်း အသင်းအဖွဲ့ ဖွဲ့စည်းရန်အတွက် အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် မြိုင်မြို့နယ်၊ သနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးညွန့်မောင် ကသနပ်ခါးအသင်းသည် ပြည်တွင်းသာမက ပြည်ပထိဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် ဆောင်ရွက်နေကြောင်း၊ မိမိသည် ဆွစ်ဇာလန်နိုင်ငံမှ ပံ့ပိုးကူညီသည့် ရန်ကုန်တွင် ဖွင့်လှစ်ခဲ့သောသင်တန်းကို တက်ရောက်ခဲ့ရကြောင်း၊ သနပ်ခါးသည် မိမိဒေသနှင့် ကိုက်ညီသည့်အတွက် ဆက်လက်မွေးမြူထားရန်၊ မိမိတို့မြိုင်သနပ်ခါးသည် ပြည်ပဈေးကွက်တွင် အရာတော်သနပ်ခါးလောက်မပေါက်ရောက်သော်လည်း သနပ်ခါး၏အရည်အသွေးမှာ ကောင်းမွန်၍ အခွံကျွတ်မှုမရှိကြောင်း၊ နိုင်ငံတကာမှာ ဈေးကွက်ရရှိဖို့သနပ်ခါး၊ ဇီး၊ ရှားစောင်းလက်ပတ်ကို ဆောင် ရွက်နေပြီဖြစ်သောကြောင့် ဖွဲမလျှော့ဘဲ စိုက်ပျိုးရမည်ဖြစ် ကြောင်း၊ အသင်းအဖွဲ့တစ်ခုသည် အရေးကြီးသည့်အတွက် အသင်းဝင်မှသာလျှင် အောင်မြင်မှုရမည်ဖြစ်ကြောင်း၊ မိမိတို့သနပ်ခါးအသင်းအဖွဲ့သည် ရှေ့မှ ခေါင်းဆောင်ထားသော်လည်း နောက်လိုက်များက စိတ်ဝင်စားမှသာအသင်းကို တိုးချဲ့ဖွဲ့စည်း၍ရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့ အောင်မြင်မှ ဈေးကွက်စီးပွားရေး စနစ်၊ အရင်းရှင်စနစ်ကို ကျော်ဖြတ်နိုင်မှာဖြစ်ကြောင်း၊ အရင်းရှင်စနစ်သည် အရင်းအနှီးရှိမှ အဆင်ပြေမည်ဖြစ်၍ မိမိတို့တောင်သူများသည် အရင်းအနှီးရှိအောင် အသင်းဝင်မှသာ ဈေးကွက်စီးပွားရေးစနစ်ကို ထိုးဖောက်အောင်မြင်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စုပေါင်းဆောင်ရွက်မည်ဆိုပါက အရာရာကို ကျော်ဖြတ်နိုင်မှာဖြစ်ကြောင်း ပြောကြားပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူး ဦးသန်းဦးက ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ဆိုသည်မှာ မိမိတို့ဒေသမှာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော စိုက်ပျိုးသီးနှံများကို စားသုံးပြီး မျိုးချန်၍ အလေအလွင့်များကို ဖယ်ရှားပြီးမှ ရောင်းချ၍ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများကို ပိုပိုလျှံလျှံထုတ်လုပ်နိုင်မှ စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ ဒါမှသာ ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဥပမာ- မြန်မာ့သနပ်ခါးသည် တစ်နိုင်ငံလုံးအသုံးပြု၍ သာမက ပိုလျှံနေသောကြောင့် ပြည်ပအထိ ထိုးဖောက်ဝင်ရောက်နေခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သောလေးငါးနှစ်က ဂျပန်နိုင်ငံမှ မြန်မာကုန်သည်များနှင့်ပူးပေါင်း၍ မူပိုင်ခွင့်ထုတ်လုပ်ရန် တင်ပြလာရာ နိုင်ငံတော်မှတာဝန်ရှိသူများ က သနပ်ခါးသည် မြန်မာနိုင်ငံမှ ထွက်သည်ဖြစ်၍ မူပိုင်ခွင့်ကို လက်မခံနိုင်ကြောင်း၊ ရွှေဘိုမြို့မှာ ရွှေဘိုသနပ်ခါး၊ အရာတော်မြို့မှာ အရာတော်သနပ်ခါး၊ ရေစကြိုမြို့မှာ ရှင်မတောင်သနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်း၊ မြိုင်မြို့မှာ ရန့်သာ သနပ်ခါးစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများ အသင်းဟူ၍ရှိရာ ပြည်ပမှ သနပ်ခါး တန်တစ်သိန်းဝယ်ချင်လျှင် အသင်းအဖွဲ့ ဖွဲ့မှအဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ပပို့ကုန်အမယ်သစ်ဖြစ်သော လျှော်ဖြူနှင့်ကြယ်ပဲအကြောင်းကို ၎င်းကဆက်လက်ရှင်း လင်းခဲ့ရာ ပထမဆုံးမိမိတို့စားသောက်သုံးစွဲနေသော ဆေးကုလားမများကို လျှော်ဖြူအစေးဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ကားလေကာမှန်၊ ဆိုင်ကယ်ဒူးကာများ တွင် ကော်အနေဖြင့် အသုံးပြု၍ရသောကြောင့် ပြည်ပနိုင်ငံများက ပို၍လိုချင်ကြောင်း၊ လျှော်ဖြူအစေးမှာ အမျိုးအစားသုံးမျိုးရှိကြောင်း၊ ပထမအဆင့်မှာ အဖြူရောင်ဖြစ်၍ တစ်ပိဿာလျှင် ခုနစ်သောင်းခန့်ရှိကြောင်း၊ ဒုတိယအဆင့်မှာ အနီရောင်ဖြစ်၍ တစ်ပိဿာလျှင် ခြောက်သောင်းခန့်ရှိပြီး အဝါရောင်အဆင့်မှာ လေး ငါးသောင်းခန့်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် လျှော်ဖြူပင်များကို တိုး၍စိုက်ပျိုးကြရမှာ ဖြစ်ကြောင်း၊ ကြယ်ပဲတွင် O3၊ O6၊ O9 ဟုခေါ်သည့် ငါးကြီးဆီပါဝင်သောကြောင့် ကြယ်ပဲသည် ပြည်ပမှ အလွန်ကြိုက်နှစ်သက်သည့် ပို့ကုန်အမယ်တစ်မျိုးဖြစ်ကြောင်း၊ ကြယ်ပဲ၏သက်တမ်းမှာ အနှစ် ၃၀ ထိရှိကြောင်း၊ ကြယ်ပဲကို လက်ဖက်ခြောက်၊ စားသုံးဆီများတွင် အသုံးပြုသောကြောင့် တောင်သူများအနေဖြင့် မိမိတို့တတ်နိုင်သရွေ့ စိုက်ပျိုးထုတ်လုပ်စေချင်ကြောင်း ပြောကြားပါသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။



# သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေ ဥရောပကို ပို့ကြမလား

‖ ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ) ‖

ကုန်သွယ်မှုမြှင့်တင်ရေးအပိုင်းဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အဓိက တာဝန်ယူထားတဲ့အပိုင်းဖြစ်ပြီး ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကာ အမျိုးသားပို့ကုန်မဟာဗျူဟာတစ်ရပ် (National Export Strategy) ကို ၂၀၁၃ ခုနှစ်ကတည်းက ချမှတ်အကောင်အထည်ဖော် ဆောင် ရွက်နေတာဖြစ်ပါတယ်။ အမျိုးသားပို့ကုန် မဟာဗျူဟာမှာ ဦးစားပေးကဏ္ဍများအဖြစ် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ရေထွက် ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်တောထွက်ပစ္စည်းတို့ကို ရွေးချယ်ထားပြီး ဦးစားပေးဝန်ဆောင်မှုကဏ္ဍအဖြစ် ခရီးသွားလုပ်ငန်းနဲ့ဖွံ့ဖြိုးရန်အလားအလာရှိတဲ့ ကဏ္ဍအဖြစ် ရော်ဘာတို့ကို ရွေးချယ်သတ်မှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ထပ်တိုးဦးစားပေးကဏ္ဍများအဖြစ် လယ်ယာထွက်ကုန်စွည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်း၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ လက်မှုအနုပညာပစ္စည်း၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကို ရွေးချယ်သတ်မှတ်ထားပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာတော့ ဥရောပဈေးကွက်သို့ မြန်မာနိုင်ငံမှ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေ တင်ပို့ရာမှာ လိုက်နာဆောင်ရွက်ရမယ့် အချက်အလက်တွေကို စုစည်းဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

**Food Safety ပိုင်း တင်းကျပ်တဲ့ ဥရောပဈေးကွက်**

ဥရောပဟာ အစားအစာဘေးကင်းလုံခြုံမှုအပိုင်းကို အထူးအလေးထားတာနဲ့အညီ လတ်ဆတ်တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေ (Fresh Agricultural Products) အတွက် ဥပဒေပိုင်း ဆိုင်ရာနဲ့ ဝယ်ယူမှုဆိုင်ရာ လိုအပ်ချက် အမျိုးမျိုးနဲ့ ကိုင်တွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပဈေးကွက်သို့ သစ်သီးဝလံနဲ့ ဟင်းသီး ဟင်းရွက်တွေ တင်ပို့မယ်ဆိုရင် ဥရောပသမဂ္ဂက သတ်မှတ်ထားတဲ့ Legal နဲ့Non-Legal Requirements တွေကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရပါမယ်။ တစ်ပြိုင်နက်တည်းမှာပဲ မြန်မာနိုင်ငံမှ တင်ပို့သူတွေအနေနဲ့ သစ်သီးဝလံနဲ့ဟင်းသီးဟင်းရွက်တွေကို အော်ဂဲနစ်ထုတ်လုပ်မှုနည်းလမ်းများနဲ့ ထုတ်လုပ်ပြီး သတ်မှတ်ထားတဲ့ အရည်အသွေး၊ စံချိန်စံညွှန်းနဲ့ ဈေးကွက်လိုအပ်ချက်တွေကိုကိုက်ညီအောင် တင်ပို့နိုင်မယ်ဆိုရင် ပုံမှန်ဈေးကွက်နဲ့မတူတဲ့ Niche Market တစ်ခုကို ခွဲထွက်တင်ပို့ခွင့်ရရှိမယ့် ဈေးကွက်အခွင့်အရေးတွေလည်းရှိနေတာဖြစ်ပါတယ်။

**ပိုးသတ်ဆေးအသုံးပြုမှုကန့်သတ်ချက်**

ဥရောပသမဂ္ဂမှာဆိုရင် စားသောက်ကုန်တွေမှာ ပိုးသတ်ဆေး အသုံးပြုမှုနဲ့ပတ်သက်တဲ့ အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှုအဆင့် (Maximum Residue Levels-MRLs) ကိုလည်း သတ်မှတ်ထားပါတယ်။ ဥရောပဈေးကွက်ကို ဝင်ချင်ရင်တော့ ရောဂါကူးစက်နိုင်တဲ့ အဏုဇီဝ ပစ္စည်းဆိုင်ရာ မသန့်ရှင်းမှု ကာကွယ်ခြင်းနဲ့တင်းကျပ်တဲ့ MRLs တွေ ကို ကိုက်ညီအောင် ဆောင်ရွက်ပေးဖို့ဟာ မဖြစ်မနေ လိုအပ်တဲ့ ကြိုတင်ဖြည့်ဆည်းပေးရမှုဖြစ်လာပါတယ်။ တရားမဝင်တဲ့ ပိုးသတ်ဆေး (သို့မဟုတ်) ခွင့်ပြုပမာဏထက် ပိုသုံးထားတဲ့ ပိုးသတ်ဆေးပမာဏ ပါဝင်တယ်ဆိုရင်တော့ အဆိုပါကုန်စည်မျိုးဟာ ဥရောပဈေးကွက်ကနေ ဖယ်ရှားခံရမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပိုပြီး သတိထားရမယ့် အချက်တစ်ချက်ကတော့ အီးယူဟာ Member States ဖြစ်တာနဲ့အညီ အချို့အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဝယ်ယူသူ(Buyers)တွေဟာ အီးယူက ချမှတ်ထားတဲ့ စည်းမျဉ်းတွေထက် ပိုတင်းကျပ်တဲ့ MRLs တွေကို အသုံးပြုနိုင်တဲ့အချက် ဖြစ်ပါတယ်။ စူပါမားကတ် အများစုဟာ ပိုးသတ်ဆေးအသုံးပြုမှုနဲ့ပတ်သက်ပြီး ဥရောပသမဂ္ဂက ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေထက် ပိုမိုတင်းကျပ်တဲ့ ၎င်းတို့ရဲ့ ကိုယ်ပိုင်စံချိန်စံညွှန်း(Codes of Practices) တွေ သတ်မှတ်ထားပါတယ်။ မိမိရဲ့ထုတ်ကုန်နဲ့ သက်ဆိုင်တဲ့ Maximum Residue Levels-MRLs တွေကို သိရှိနိုင်ဖို့အတွက်ကတော့ ec.europa.eu/food/plant/pesticides/eu-pesticides-database/ မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

**အီးယူသို့ တင်သွင်းသည့် စားသောက်ကုန်အတွက် ထိန်းချုပ်မှု**

အစားအစာ ဘေးကင်းလုံခြုံမှုနဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ရှောင်ရှားနိုင်ရန်အတွက် အချို့သော ဓာတုပစ္စည်းတွေရဲ့ အသုံးပြုမှုကို အမျိုးမျိုးသော လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေနဲ့ အီးယူက ကန့်သတ်ထားပါတယ်။ ဒါကြောင့် မိမိတင်ပို့တဲ့ ပို့ကုန်ဟာ အီးယူရဲ့ တရားဝင်ထိန်းချုပ်မှု (Official Controls) ကို မဖြစ်မနေ ဖြတ်သန်းရမှာ ဖြစ်ပါတယ်။ အီးယူသို့ တင်သွင်းလာတဲ့ စားသောက်ကုန်အားလုံးကို ဘေးကင်းလုံခြုံမှုရည်ရွယ်ချက်နဲ့ အဆိုပါ ထိန်းချုပ်မှုကို ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ထိန်းချုပ်မှုအတွက် စစ်ဆေးဆောင်ရွက်တဲ့ နည်းလမ်းတွေကတော့ (၁) စာရွက်စာတမ်း အထောက်အထားစစ်ဆေးမှု (Documentary Checks)၊ (၂) သက်သေခံချက် စစ်ဆေးမှု (Identity Checks)၊ (၃) ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှု (Physical Checks) တို့ပဲ ဖြစ်ကြပါတယ်။

အကယ်၍ နိုင်ငံတစ်နိုင်ငံကနေ အီးယူဈေးကွက်ရဲ့သတ်မှတ်ချက်များနဲ့ ကိုက်ညီမှုမရှိတဲ့ ကုန်စည်တစ်ခုခုကို ထပ်ပြန်တလဲလဲ တင်သွင်းခဲ့တာမျိုးတွေ့ရှိခဲ့ရင်တော့ အီးယူကနေ ပိုပြီး တင်းကျပ်တဲ့ သတ်မှတ်ချက်တွေ တိုးမြှင့်ပြဋ္ဌာန်းနိုင်သလို အရေးပေါ် စီမံဆောင်ရွက်မှုများ (Emergency Measures) တွေနဲ့လည်း ချမှတ်ဆောင်ရွက်နိုင်ပါတယ်။

ဥရောပဈေးကွက်သို့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက် တင် သွင်းမှုအတွက်ထုတ်ကုန်ခြေရာခံမှု (Traceability of Products) ကို မဖြစ်မနေ ပြုလုပ်ရမှာဖြစ်ပါတယ်။ ဒါကို ဆောင်ရွက်ဖို့အတွက် တင်ပို့သူဟာ တစ်ဖက်က ဝယ်ယူသူထံကနေ ပင်ရင်းဒေသ သက်သေခံချက် (Proof of the Origin)၊ Bill of Loading၊ Phytosanitary Certificate၊ Packing List နဲ့Custom Documents တွေကို ရယူဖို့လိုအပ်မှာ ဖြစ်ပါတယ်။

**ဈေးကွက်ဆိုင်ရာ စံချိန်စံညွှန်း (Marketing Standards)**

အီးယူရဲ့စည်းမျဉ်းဥပဒေသတွေမှာ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက် အားလုံးအတွက် အနိမ့်ဆုံး ရင့်မှည့်မှုလိုအပ်ချက်နဲ့ အနိမ့်ဆုံး အရည်အသွေးတို့ကို ယေဘုယျနဲ့ သီးခြားဈေးကွက် ဆိုင်ရာစံနှုန်းများ (General and Specific Marketing Standards) အဖြစ် သတ်မှတ်ထားပါတယ်။ ပန်းသီး၊ အချဉ်ဓာတ်ပါဝင်သော အသီးများ (Citrus Fruit)၊ ကီဝီသီး၊ ဆလတ်ရွက်၊ မက်မွန်သီးကဲ့သို့သော အသီးများ (Peaches and Nectarines)၊ သစ်တော်သီး၊ စတော်ဘယ်ရီသီး၊ ငရုတ်ပွ၊ စပျစ်သီးနဲ့ခရမ်းချဉ်သီးတို့အတွက် Specific Marketing Standards (MS) တွေ သတ်မှတ်ထားပါတယ်။ အဆိုပါကုန်စည် တင်ပို့မှုရဲ့Consignment တစ်ခုချင်းစီအတွက် ကိုက်ညီမှု သက်သေခံချက် (Certificate of Conformity) တွေ ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။ Certificate of Conformity လက်မှတ်နမူနာကို အီးယူရဲ့Regulation No. 543/2011 Annex III, page 115 မှာ ရယူနိုင်ပါတယ်။ Specific Standards မှာ အကျုံးမဝင်တဲ့ Fresh Products တွေအတွက်ကိုတော့ General Marketing Standards- GMS (သို့မဟုတ်) Applicable UNECE Standard နဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ Operators တွေအနေနဲ့ ဘယ်စံချိန်စံညွှန်းကို အသုံးပြုမလဲဆိုတာကို လွတ်လပ်စွာ ရွေးချယ်နိုင်တယ်လို့ ဆိုပါတယ်။ ဆင့်တက်ပြုပြင်မှုပြုလုပ်ဖို့အတွက် တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကိုတော့ အီးယူရဲ့ ဈေးကွက်ဆိုင်ရာ စံချိန်စံညွှန်းများ (MS) နဲ့ ကိုက်ညီရန် မလိုအပ်ပါဘူး။ ဒါပေမဲ့ ထုပ်ပိုးမှုအပေါ်မှာ "Intended for Processing" (သို့မဟုတ်) အလားတူ အဓိပ္ပာယ်ရတဲ့ စာသားကို ရှင်းလင်းစွာ ဖော်ပြပေးရန် လိုအပ်ပါတယ်။

မိမိတင်ပို့မယ့် ကုန်ပစ္စည်းဟာ ဘယ်စံချိန်စံညွှန်းတွေနဲ့ကိုက်ညီဖို့လိုအပ်တယ်။ ဘယ်လိုစာရွက်စာတမ်းအထောက်အထားတွေ လိုအပ်တယ်ဆိုတာကို EU Export Helpdesk ရဲ့Chapter 7 (or) 8 တို့မှာပါတဲ့ product codes တွေမှာ ရှာဖွေကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Food and Agriculture Organization (FAO) က ထုတ်ပြန်တဲ့ လတ်ဆတ်သော သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်များအတွက် ဈေးကွက်စံချိန်စံညွှန်းများဆိုင်ရာ Codex Alimentarius မှာလည်း စစ်ဆေးနိုင်ပါတယ်။

**တံဆိပ်ကပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာ သတ်မှတ်ချက်များ**

အီးယူသို့ တင်သွင်းလာမယ့် စားသောက်ကုန်တွေဟာ စားသောက်ကုန်အတွက် တံဆိပ်ကပ်ခြင်းဆိုင်ရာ ဥပဒေတွေနဲ့ကိုက်ညီဖို့ လိုအပ်ပါတယ်။ လတ်ဆတ်တဲ့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေထည့်ထားတဲ့ Cartons တွေမှာဆိုရင် အောက်ပါအချက်တွေကို ဖော်ပြပေးရမှာဖြစ်ပါတယ်-

* ထုပ်ပိုးသူနဲ့ပေးပို့သူ(Dispatchers)ရဲ့ အမည်နှင့်လိပ်စာ
* ထုတ်ကုန်ရဲ့အမည် (ထုပ်ပိုးမှုအပြင်မှ မမြင်တွေ့နိုင်ပါက)
* ပင်ရင်းနိုင်ငံ
* အမျိုးအစားနှင့် အရွယ်အစား (ဈေးကွက်စံချိန်စံညွှန်း များအရ)
* ခြေရာခံမှုဆိုင်ရာ lot number

ဒါ့အပြင် ဥရောပသမဂ္ဂမှာ ဈေးကွက်တင်ရောင်းချတဲ့ ကုန်စည်အားလုံးနဲ့သက်ဆိုင်တဲ့ ထုပ်ပိုးမှု(Packaging) နဲ့တာဝန်ရှိမှု (liability) တို့အတွက် အီးယူဟာ Non-Product Specific Legislation တွေကိုပါ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန် လုပ်ငန်းရှင်တွေအနေနဲ့ မိမိတင်ပို့မယ့် ကုန်ပစ္စည်းကို ထုပ်ပိုးတဲ့အခါ မဖြစ်မနေပါဝင်ရမယ့် သတင်းအချက်အလက်များအားလုံးကို ဖော်ပြထားခြင်းရှိ/မရှိ သေချာစွာစိစစ်ဖို့လိုပြီး သွင်းကုန်လုပ်ငန်းရှင်ရဲ့ အမှတ်တံဆိပ် (logos of importers) စတဲ့ အခြား အသုံးဝင်မယ့် သတင်းအချက်အလက်တွေကိုလည်း ထုပ်ပိုးမှုမှာ ထည့်သွင်းဖို့ စဉ်းစားသင့်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။


KABA KYAW TRADING CO.,LTD
ရေမသန့်လို့ စိတ်ညစ်နေပါသလား..... ကမ္ဘာကျော်ကို သတိရလိုက်ပါ။
Treatment Plant
Treatment
RO 100 GPD
RO 200 GPD
RO 500 GPD
FRP Column
GRUNDFOS PUMP
RO 30000 GPD
1 Liter Auto Filling
20 Liter Auto Filling
20 Liter Filling Machine
PET
Automatic Blow Moulding Machine
20 Liter
Filter size
Chemical
Yangon: No.K-21/22,Nwe Thargi St,Bayint Naung Pweyonetan.
Ph-01-682438,09-964686138,964682580,964686139
Mandalay : No-185,29 St,83 St x 84 St,Chanayetharsan Tsp.
Ph-02-66321,09-964266321,787074571
Naypyitaw : Building No-174,Shopping Complex, Naypyitaw.
Ph-067-420847,09-49206850,964420847


THIDA Chan Myay Electrical Trading Co., Ltd.
No. (17), Myintzu Street, Parami Avenue, Yankin Township, Yangon. Tel: 01 660857
THIDA Chan Myay အနေဖြင့်
High Voltage/ Low Voltage
Circuit Breaker
(Transformer)
Transformer (KVA)
INSTALLATION & MATERIALS SUPPLY OF
SUB STATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
HIGH VOLTAGE / LOW VOLTAGE SWITCH GEAR PANEL/ CUBICLES
TRANSFORMER & ACCESSORIES
Contact us
09 5133406, 09 5011478, 09 5141179, 09 5559600, 09 5028017, 09 5073931, 09 73073948
Fax : 951 660857 Email : info@thidachanmyay.com, office@thidachanmyay.com


AUTHORIZED CUSTOMS SERVICE AGENCY
AKH
A.K.H
AUTHORIZED CUSTOMS SERVICE AGENCY
Address : No.6,2th Floor (Right),45th Street,Botahtaung Township,Yangon.
Tel : (+ 951) 297627,9010150
E-mail :aungkyawhein1973@gmail.com
aungminsoe1976.akh@gmail.com


ရွှေမဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း
Motor Show Room အမှတ်(၁၆၁)၊ကျိုက္ကဆံလမ်း၊နတ်မောက်၊တာမွေ။
Ph: 09 5427002, 09 49600954

# ရော်ဘာဈေးငြိမ်နေပြီး အရောင်းအဝယ်လည်းအေးနေ

ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းတစ်ပတ်အတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၈၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၆၇ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၆၁၄ တန်ခန့်၊ RSS 5 အမျိုးအစား ၅၈၄ တန်နီးပါးနဲ့ MSR 20 အမျိုးအစား ၅၂၇ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား သုံးတန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၁၃၉ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဇူလိုင် ၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၆၇ သန်း တန်ဖိုးရှိရော်ဘာ ၅၂၂၅ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇွန်လက ၆၉၁၄ တန်တင်ပို့ခဲ့တဲ့ အတွက် ယခုလ ရော်ဘာတင်ပို့ မှု ၁၆၈၈ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ် ကုန်စည်ဒိုင်မှာ RSS 3 တစ်တန်ကျပ် ၁၉ ဒသမ ၆၈၁ သိန်း၊ RSS 5 တစ်တန်ကျပ် ၁၈ ဒသမ ၇၂၁ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၃၉၁၂ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၂ သန်း တန်ဖိုးရှိ ရော်ဘာ ၁၆၁ တန်ခန့် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန် ၄၀၊ တရုတ်နိုင်ငံသို့ MSR 10 အမျိုးအစား ၁၀၁ တန်ခန့်နဲ့ တရုတ်(တိုင်ပေ) နိုင်ငံသို့ RSS 3 အမျိုးအစားတန် ၂၀ တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၃၅ သန်းတန်ဖိုးရှိ ရော်ဘာ ၁၈၁၆ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဇွန်လက ရော်ဘာ ၂၀၈၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ဇူလိုင်လမှာ ရော်ဘာတင်ပို့မှု ၂၆၆ တန် လျော့နည်းခဲ့ပါတယ်။

နိုင်ငံတကာ ရော်ဘာဈေးမှာ ဇွန်လဆန်းပိုင်းလောက်ကစပြီး ဇူလိုင်လကုန်အထိ ဈေးနှုန်းအပြောင်းအလဲသိပ်မရှိဘဲ ငြိမ်နေခဲ့ပါတယ်။ နိုင်ငံတကာရော်ဘာဈေး အပြောင်းအလဲအတက်အကျသိပ်မရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း ဈေးနှုန်းမပြောင်းလဲဘဲ ယခင်တစ်ပတ်က ဈေးနှုန်းအတိုင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## တရုတ်နဲ့ ထိုင်းနယ်စပ်မှ သီဟိုဠ်စေ့တင်ပို့မှု လျော့ကျ

တရုတ်နဲ့ထိုင်းနယ်စပ်မှ ဇူလိုင် ၂၉ မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၃ တန်တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ခုနစ်တန်ခန့် လျော့နည်းခဲ့တယ် လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေး ဇုန်ရော မြဝတီကုန်သွယ်ရေးဇုန်ပါ သီဟိုဠ်စေ့တင်ပို့မှု လျော့နည်းတဲ့အတွက် ယခုလိုကျဆင်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀ တန်ခန့်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဇူလိုင်လတစ်လလုံးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၈ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၄၂ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## နှစ်ဟောင်း မန်ကျည်းမှည့် အဝယ်လိုက်ပြီး ဈေးပြန်တက်လျက်ရှိ

ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ မန်ကျည်းမှည့် ထွက်ရာဒေသများဖြစ်သော ကမြိုင်၊ ထုံးဘို၊ ပန်းတောင်း၊ ကြံခင်း၊ ဟင်္သာတတို့မှ မန်ကျည်းမှည့် အဟောင်းတွေ ဝင်ရောက်နေဆဲဖြစ်ပါတယ်။ မန်ကျည်းမှည့်အသစ်တွေ မပေါ်ခင် ဈေးကျမလာဘဲ ပြည်ပမှအဝယ်ရှိနေတာကြောင့် မန်ကျည်းမှည့်ဈေး ထပ်မံမြင့်တက်လာတာ တွေ့ရပါတယ်။ ရန်ကုန်နှင့်ရခိုင်သို့ တစ်ပတ်အတွင်း ပိဿာချိန် ၁၂၅၀ တင်ပို့ခဲ့ကြောင်းလည်း သိရပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့်ပွဲရုံပေါက်ဈေးမှာ တစ်ပိဿာ ကျပ် ၃၂၀၀ ဖြစ်ပြီး ဒေသတွင်းဈေးကွက်များမှာတော့ တစ်ပိဿာလျှင် ကျပ် ၃၈၀၀ ဖြင့် ရောင်းချလျက်ရှိနေပါတယ်။

ဒေသတွင်း အရောင်းအေးပေမယ့် နယ်အဝယ်တင်ပို့မှုရှိနေတာကြောင့် ဈေးတက်နေခြင်းဖြစ်ပါတယ်။ ဒေသတွင်း မန်ကျည်းသီးစိမ်း လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးသာရှိနေပါတယ်။ ရာသီပေါ်အသီး အနှံ့အချဉ်ဓာတ်ရသော အသီးအနှံ့ များပေါနေသော်လည်း ယခုနှစ်မန်ကျည်း မှည့်ဈေးကတော့ လုံးဝကျဆင်းသွားတာမတွေ့ရဘဲ ဈေးပြန်တက်နေတာ တွေ့ရပါတယ်။ **နီနီဝင်း**



## ဒီတစ်ပတ်မန်ကျည်း တင်ပို့မှုလျော့

ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် က တန်ချိန် ၂၂၀ ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ မန်ကျည်းတန်ချိန် ၁၇၀ ကျော် တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၆၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ ခုနှစ် ဇူလိုင် ၃၀ မှ ဩဂုတ် ၅ ရက်အထိ သီတင်းပတ်အတွင်းမှာ မန်ကျည်းတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ **သီတာဝင်း(DOT)**

**စာမျက်နှာ - ၁၇ စားသုံးသူကိုလေးစားပါ ....မှအဆက်**

သမာအာဇီဝနဲ့ရှာဖွေ၊ စစ်မှန်တဲ့ကုန်ပစ္စည်း၊ ပြည့်ဝတဲ့ဝန်ဆောင်မှုများသာ စားသုံးသူအတွက်ဖြစ်စေသင့်ပါတယ်။

ဒါကြောင့်လူတိုင်း စားသုံးသူဆိုတဲ့ ခေါင်းစဉ်နဲ့မကင်းကြတဲ့ ဘဝတွေအတွက် မိမိအနာဂတ် မိသားစုအနာဂတ်၊ မိမိပတ်ဝန်းကျင် နိုင်ငံနှင့်လူမျိုးအနာဂတ်ဘဝများ သာယာလှပစေရန် ရှေ့ရေးမျှော်တွေး၍ မျက်စိကိုဖွင့်၊ နားကိုစွင့် အသိနဲ့သတိနဲ့ စားသုံးကြဖို့ လိုအပ်သလို လိမ်လည် ကြော်ငြာသည့်ကုန်စည်၊ ဖြစ်နိုင်သည်ထက် ပိုမိုလွန်ကဲကြော်ငြာသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကိုလည်း အသိဉာဏ်နှင့် ဆင်ခြင်သုံးသပ်ပြီးမှသာ လက်ခံယုံကြည်ကြဖို့လိုပါတယ်။ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအနေနဲ့လည်းအသိနဲ့ ထိန်းချုပ် ကျင့်ဝတ်နဲ့စောင့်စည်း ဥပဒေစည်းမျဉ်းစည်းကမ်းများလိုက်နာရင်း စားသုံးသူများဘဝကိုကိုယ်ချင်းစာနာ၊ အခွင့်အရေးများကို လေးစားသင့်ပါကြောင်း စေတနာထားအကြံပြုတင်ပြလိုက်ရပါတယ်။

## ပြောင်း

### ရေသွင်းပြောင်းများ ဈေးကွက်သို့ စတင်ဝင်ရောက်လာ

ရှမ်းပြည်နယ်ရဲ့ အဓိကထွက်ကုန်တစ်မျိုးဖြစ်တဲ့ ရှမ်းပြောင်း (ရေသွင်းပြောင်း)တွေလည်း ဈေးကွက်ကို စပြီးဝင်လာပါပြီ။ တောင်ကြီးခရိုင်မှာတော့ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်မြို့နယ်က ထွက်တဲ့ပြောင်းနဲ့ ကယားပြည်နယ် လွိုင်ကော်က ထွက်တဲ့ ရေသွင်းပြောင်းတွေကစပြီး ဝင်လာတာဖြစ်ပါတယ်။ ဩဂုတ်လ ပထမပတ်မှာ စတင်ဝင်ရောက်လာပြီး ပိဿာချိန် တစ်သောင်းခွဲခန့် ဝင်လာပြီလို့ သိရပါတယ်။

တောင်ကြီးမြို့နယ်မှာရှိတဲ့ မြနဒီ အခြောက်ခံစက်ရုံကတော့ တောင်ကြီး၊ လွိုင်ကော်ပြောင်းတွေကို စက်ရုံအရောက် အစိုဓာတ် ၂၂ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းရှိတဲ့ ပြောင်းတွေကို ဝယ်ယူပြီး အခြောက်ခံပေးနေပါတယ်။ အရင်နှစ်ကထွက်ရှိတဲ့ မိုးပြောင်းလည်း လက်ကျန် အတော်နည်းသွားပါပြီ။မိုးပြောင်းကတစ်ပိဿာကိုကျပ်၄၉၅-၅၅၀ ဈေးရှိပါတယ်။ တိရစ္ဆာန် အစာစပ်စက်ရုံတွေကလည်း အဝယ်ရပ်သွားသလို မူဆယ်ဝယ်လက် ကလည်း အဝယ်နားသွားတာကြောင့် ဈေး ကွက်မှာဈေးငြိမ်နေပြီး၊ လှောင်လက်တွေကလည်း ကျပ် ၄၀၀- ၄၅၀ ပတ်ချာလည်မှာ ထုတ်ရောင်းဖြစ်ကြတယ်လို့သိရပါတယ်။မိုးပြောင်း လက်ကျန်ကုန်ခါနီး ရေသွင်းပြောင်းတွေဈေးကွက်သို့ စပြီးဝင်ကာစမှာ နှစ်တိုင်းလိုလို ပြောင်းဈေးက တက်လေ့ရှိတယ်လို့လည်း ဈေးကွက်မှသိ ရှိရပါတယ်။ ဒီတစ်ပတ်တောင်ကြီး ဈေးကွက်မှာ ရေသွင်းပြောင်း တစ်ပိဿာ ကျပ် ၃၀၀ ဈေးရှိကြောင်း သိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

### အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ်တစ်သောင်းအထိ ရရှိလာ

ဟင်္သာတခရိုင်အတွင်းရှိမြို့နယ်များဖြစ်သော ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ မြို့နယ်များတွင် ၂၀၁၆-၂၀၁၇တွင် အစေ့ထုတ် ပြောင်းစိုက်ပျိုးမှုအနေဖြင့် ဟင်္သာတမြို့နယ်အတွင်း ၃၂၅၅ဧကေ၊ ဇလွန်တွင် ၁၀၈၉၈ဧကေ၊ မြန်အောင်တွင် ဧက ၃၀၇၀၊ အင်္ဂပူတွင် ၁၃၃၇ဧကေ ၊ စုစုပေါင်းဧက ၁၈၅၆၀ စိုက်ပျိုးခဲ့ပါသည်။

ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ၈၅ -၅၈ တင်း ထွက်ရှိပြီး တင်းပေါင်း ၁၅၈၈၂၉၄၊ မက်ထရစ်တန် ၃၉၀၀၀ ထွက်ရှိပါသည်။ အစေ့ထုတ်ပြောင်း ထွက်ရှိချိန်တွင် တစ်တန်လျှင် ကျပ် ၅၈၀၀ ရရှိခဲ့ပြီး တစ်တင်းလျှင် ကျပ် ၆၀၀၀ ကျော်ဈေးဖြစ်လာချိန်တွင် လှောင်လက်များက ဝယ်ယူသိုလှောင်ခဲ့ကြကြောင်း သိရှိရပါသည်။ ဩဂုတ် ၁ ရက်သို့ ရောက်ရှိသည့်အခါ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၁၀၀၀၀ အထိ ဈေးဖြစ်ခဲ့သည့်အတွက် ဈေးကွက်တွက်ခြေကိုက်ကြောင်း သိရှိရသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အစေ့ထုတ်ပြောင်း ပိုမိုစိုက်ပျိုးလာ နိုင်ကြောင်းနှင့် ယခုနှစ် ပြောင်းလှောင်သူများအနေဖြင့် စွန့်စားရဲသည့်အတွက် အမြတ်ရလိုက်ကြောင်း သိရှိရပါသည်။ **လှိုင်ထွန်း**

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်း လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ၂ ဒသမ ၄၉၆ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၃၀၉၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာမူဆယ်မှ ၁၂၀၀၉ တန်ကျော်၊ လွယ်ဂျယ်မှ ၄၉၃ တန်နဲ့ ချင်းရွှေဟော်မှ ၅၉၅ တန် ဖြစ်ပါ တယ်။ ယခင် ရက်သတ္တပတ်က အဆိုပါစခန်းသုံးခုပေါင်းမှ ၁၄၁၄၁ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၀၄၄ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန် ဈေး၂၇၄၃၅၄ ကျပ် ရှိရာမှ ယခုတစ်ပတ်မှာ ၂၉၄၈၂၀ ကျပ်သို့ဈေး ဆက်လက်မြင့်တက်ခဲ့ကြောင်း၊မူဆယ်သို့ ပြောင်းကားစီးရေ၅၆၅စီး ဝင်ရောက်ခဲ့ပြီး ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၅၇-၅၉ ကျပ်ရှိကြောင်း ၊တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၆၀၀ ရှိကြောင်း သိရပါတယ်။

အဝယ်ဒိုင်တွေကိုပြောင်းဖူး စေ့ တင်ပို့ရောင်းချတဲ့အခါမှာ တချို့အဝယ်ဒိုင်တွေအနေနဲ့ ပြောင်းသန့်ကိုသာ လိုချင်ကြတာကြောင့် သာမန်အစေ့ခြွေပြီးတာကို ရောင်းမရဘဲအဖျင်းအမှုန်ကင်းအောင် ထပ်မံပြီးစက်နဲ့ ရွေးချယ်သန့်စင်ပေးရတယ်လို့ လင်းခေးမှ အစေ့ထုတ်ပြောင်း တောင်သူအများစုက ပြောပါတယ်။ **မော်မော်အောင်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

သန်းသန်းနိုင်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေ**

**အပိုင်း - ၁**

**နိဒါန်း**

(၁) တံခါးဖွင့်လုပ်ငန်းပိုမိုတိုးတက်စေရန်၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာစေရန်၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းစည်းစနစ်များကို ကာကွယ်ပေးနိုင်ရန်၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းရှင်များ၏ ရပိုင်ခွင့်များကို ကာကွယ်ပေးနိုင်ရန်၊ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ် ကောင်းမွန်စွာတိုးတက်စေရန် ဤဥပဒေကို ပြဋ္ဌာန်းသည်။

(၂) ဤဥပဒေသည် နိုင်ငံခြားကုန်သွယ်မှုနှင့် ပတ်သက်သည့် နည်းပညာ ပိုင်ဆိုင်ခွင့် အကာအကွယ်ပေးရေး လုပ်ငန်းတွင် အသုံးပြုရန်ဖြစ်သည်။ ဤဥပဒေတွင်ဖော်ပြထားသော နိုင်ငံခြားကုန်သွယ်မှု ကုန်ပစ္စည်းတင်သွင်း တင်ပို့မှုလုပ်ငန်း၊နည်းပညာတင်သွင်းတင်ပို့မှု လုပ်ငန်း၊ နိုင်ငံတကာဝန်ဆောင်မှု ကုန်သွယ်ရေးလုပ်ငန်းများကို ဆိုလိုသည်။

(၃) နိုင်ငံတော်ကောင်စီမှနိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများကိုကြီးကြပ်သောဌာနများကို ကြီးကြပ်ညွှန်ကြားခြင်းဖြင့် ဤဥပဒေနှင့်အညီ တစ်နိုင်ငံလုံးရှိ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများကို ဦးဆောင်သည်။

(၄)နိုင်ငံတော်မှတစ်ခုတည်းသော နိုင်ငံခြားကုန်သွယ်မှု မူဝါဒဖြင့် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများတိုးတက်စေ ရန် အားပေးပံ့ပိုးသည်။ ထို့အတူ တန်းတူညီမျှမှုရှိစေရန် အကာအကွယ်ပေးခြင်း၊ လွတ်လပ်၍စည်းစနစ်ရှိ သော ကုန်သွယ်မှုပတ်ဝန်းကျင်ရှိစေရန် အကာအကွယ်ပေးမှုများပြုလုပ်သည်။

(၅) တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တန်းတူအတူတကွ အကျိုးဖြစ်ထွန်းသည့်မူကို ကိုင်စွဲကာ အခြားနိုင်ငံများ၊ ဒေသများနှင့် ကုန်သွယ်သည့်လုပ်ငန်းများကို တိုးတက်ကောင်းမွန်စေရန် ပံ့ပိုးပေးသည်။ နိုင်ငံတကာ အကောက်ခွန်ပဋိညာဉ်စာချုပ်များ၊ အသင်းအဖွဲ့များ၊ လွတ်လပ်သည့်ကုန်သွယ်ရေးဇုန် စည်းမျဉ်းများ စသည့် စည်းမျဉ်းစည်းကမ်းများ၊ ပဋိညာဉ်စာချုပ်များတွင် ဝင်ရောက်၍ နိုင်ငံတကာစည်းမျဉ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည်။ ထို့အတူ ဒေသတွင်းကုန်သွယ်မှုသဘောတူညီချက်များ၊ ဒေသတွင်း စီးပွားရေး အသင်းအဖွဲ့များတွင်လည်း ဝင်ရောက်၍လုပ်ကိုင်သည်။

(၆)တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နိုင်ငံခြား ကုန်သွယ်မှုတွင် အသင်းဝင်ထားသည့်အပေါ် မူတည်၍လည်းကောင်း၊ နိုင်ငံတကာစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခြားမိတ်ဖက်နိုင်ငံများကို အထူးခံစားခွင့်ရနိုင်ငံ၊ ထိုနိုင်ငံ၏နိုင်ငံသားများကိုအထူးခံစားခွင့်ရပြည်သူများအဖြစ် သတ်မှတ်ကာ အခွင့်အရေးများပေးသည်။ ထို့အတူ အထူးခံစားခွင့် အပြန်အလှန်ပေးရေးမူများ၊ တန်းတူရေးမူများအရလည်း တစ်ဘက်နိုင်ငံနှင့် ပြည်သူများကို အထူးခံစားခွင့်များ ပေးစွမ်းသည်။

(၇)အကယ်၍ အခြားနိုင်ငံ(သို့မဟုတ်)ဒေသမှကုန်သွယ်မှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုမထီမဲ့မြင်ပြုသည့် သဘောဖြင့် တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်မှုများ ချထားခြင်း(သို့မဟုတ်)ဤသဘောသက်ရောက်သော လုပ်ရပ်များလုပ်ကိုင်ပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လက်ရှိအခြေအနေအရထိုနိုင်ငံ(သို့မဟုတ်)ထိုဒေသကို လိုအပ်သလိုတုံ့ပြန်နိုင်သည်။

**အပိုင်း-၂**

**နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူ**

(၈) ဤဥပဒေတွင် ဖော်ပြသောနိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူဟူသည်မှာ တရားဥပဒေနှင့်အညီစက်မှု ကုန်သွယ်ရေးလိုင်စင်ရထားသော(သို့မဟုတ်)အခြားလုပ်ပိုင်ခွင့်များရထားသူကိုဆိုလိုကာ ဤဥပဒေ၊ အခြား သက်ဆိုင်ရာဥပဒေ၊ အုပ်ချုပ်မှုစည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များနှင့် အညီ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကိုပြုလုပ်နေသောသူ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့ကို ဆိုလိုသည်။

(၉) ကုန်ပစ္စည်းသွင်းကုန် ပို့ကုန်လုပ်ငန်း(သို့မဟုတ်)နည်းပညာ သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ဆောင်သည့် နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်သူအနေဖြင့် နိုင်ငံတော်ကောင်စီမှ တာဝန်လွှဲအပ်ထားသောဌာန (သို့မဟုတ်) အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားရမည်ဖြစ်သည်။ ဤတွင် တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတော်ကောင်စီမှ တာဝန်လွှဲအပ်ထားသောဌာန၏ သတ်မှတ်ချက်အရ မှတ်ပုံတင်ရန်မလိုသည့်သူများ၊ အသင်းအဖွဲ့များသာ ကင်းလွတ်ခွင့်ရှိသည်။ မှတ်ပုံတင်ရမည့် အချက်အလက်သတ်မှတ်ချက်များကို နိုင်ငံတော်ကောင်စီမှ တာဝန်ပေးအပ်ထားသည့်ဌာနမှ သတ်မှတ်ထုတ်ပြန်မည်ဖြစ်ကာ သတ်မှတ်ချက်အတိုင်း မှတ်ပုံတင်ခြင်းမပြုပါက အကောက်ခွန်ဌာနမှ သွင်းကုန်၊ပို့ကုန်များအတွက် ဂျူတီဆောင်မှု ခွင့်ပြုမိန့်ချပေးခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးမည်မဟုတ်ပေ။

(၁၀) နိုင်ငံတကာဝန်ဆောင်မှု ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ဤဥပဒေနှင့်အခြားဆက်စပ်ဥပဒေ၊ အုပ်ချုပ်မှုစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ နိုင်ငံခြားစီမံကိန်းလုပ်ငန်းလုပ်ကိုင် ခြင်း၊ နိုင်ငံခြားဝန်ထမ်းများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းများပြုလုပ်မည်ဆိုပါက သတ်မှတ်အရည်အချင်း(သို့မဟုတ်) အဆင့်ရှိရမည်။ အသေးစိတ်သတ်မှတ်ချက်များကို နိုင်ငံတော်ကောင်စီမှ ချမှတ်သွားမည်။

(၁၁)နိုင်ငံတော်အနေဖြင့် အချို့သော သွင်းကုန်ပို့ကုန်များကို နိုင်ငံတော်ပိုင်ကုန်သွယ်မှုလုပ်ငန်းအဖြစ် သတ်မှတ် အုပ်ချုပ်လုပ်ကိုင်ခွင့် ရှိရမည်။ နိုင်ငံတော်ပိုင်ကုန်သွယ်မှုလုပ်ငန်းအဖြစ် သတ်မှတ်ထားသော ကုန်ပစ္စည်းများ၏ သွင်းကုန်ပို့ကုန်လုပ်ငန်းများကို ခွင့်ပြုထားသည့် လုပ်ငန်းကုမ္ပဏီများကသာ လုပ်ပိုင်ခွင့်ရှိသည်။ နိုင်ငံတော်ပိုင်ကုန်သွယ်မှုလုပ်ငန်းအချို့ကို နိုင်ငံတော်ပိုင်ကုမ္ပဏီမဟုတ်သည့် အခြားခွင့်ပြုချက်မရထားသောကုမ္ပဏီ များမှလည်း လုပ်ကိုင်ခွင့်ရှိသည်။ နိုင်ငံတော်ပိုင်ကုန်သွယ်မှုလုပ်ငန်းတွင် အကျုံးဝင်သော ကုန်ပစ္စည်းများ၊ လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများအမည်စာရင်းကို နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်း ကြီးကြပ်ကွပ်ကဲရေးဌာနနှင့် အခြားသက်ဆိုင်ရာ နိုင်ငံတော်ကောင်စီဌာနခွဲများ အတူတကွ သတ်မှတ်ပြောင်းလဲသတ်မှတ်၍ ထုတ်ပြန်သွားမည်ဖြစ်သည်။

ဤအပိုင်း၏အချက်(၁)ကိုချိုးဖောက်၍မိမိသဘောဖြင့်နိုင်ငံတော်ပိုင် ကုန်သွယ်မှုလုပ်ငန်းပါ ကုန်ပစ္စည်းများကိုတင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ပါက အကောက်ခွန်ဦးစီးဌာနအနေဖြင့် ခွင့်ပြုချက်ချပေးမည်မဟုတ်ပေ။

(၁၂)နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် မိမိ၏ ခွင့်ပြုမိန့်ရ လုပ်ငန်းဘောင်အတွင်းတွင် အခြားသူမှ ကိုယ်စားလွှဲခြင်းကို လက်ခံလုပ်ကိုင်ပေးခွင့်ရှိသည်။

(၁၃)နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်သူသည် နိုင်ငံတော်ကောင်စီ၏ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်) နိုင်ငံတော်ကောင်စီ၏ အခြားဌာနများမှ တရားဥပဒေနှင့်အညီ သတ်မှတ်ထားသော စာရွက်စာတမ်းများကို တင်ပြရန် ဝတ္တရားရှိပြီး ထိုဌာနများမှလည်းကုန်သွယ်ရေး လျှို့ဝှက်ချက်များကို လျှို့ဝှက်ပေးထားရန်တာဝန်ရှိသည်။

**အပိုင်း-၃**

**ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုနှင့် နည်းပညာတင်သွင်းတင်ပို့မှု**

(၁၄)နိုင်ငံတော်မှ ကုန်ပစ္စည်းနှင့် နည်းပညာများကို လွတ်လပ်စွာ တင်သွင်းတင်ပို့ခွင့်ပြုထားသည်။ သို့သော် တရားဥပဒေ စည်းမျဉ်းစည်းကမ်းများမှ ကန့်သတ်ထားသည်များမပါဝင်ပေ။

(၁၅)နိုင်ငံတော်ကောင်စီ၏ နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းကြီးကြပ်ရေးဌာနမှ တင်သွင်းတင်ပို့သည့်ကုန်များကို ကြီးကြပ်မှုပြုရန်လိုအပ်သည့်အလျောက် လွတ်လပ်စွာ တင်သွင်းတင်ပို့ခွင့်ပြုထားသော ကုန်ပစ္စည်းအချို့ကိုလည်း အလိုအလျောက်ပါမစ်ချသည့် ပုံစံဖြင့် စာရင်းကောက်ခံထုတ်ပြန်ပိုင်ခွင့်ရှိသည်။အလိုအလျောက်ပါမစ်ချစနစ်တွင် ပါဝင်သောကုန်ပစ္စည်းများအတွက် ကုန်တင်ပို့သူ၊ ကုန်တင်သွင်းသူမှ အကောက်ခွန်ဌာနတွင် အလိုအလျောက်ပါမစ်လျှောက်ထားရယူရမည်ဖြစ်ပြီး နိုင်ငံတော်ကောင်စီ၏ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ကြီးကြပ်ရေးဌာန (သို့မဟုတ်) အခြားတာဝန်လွှဲထားသော အသင်းအဖွဲ့မှလိုအပ်သည့် ပါမစ်ကိုချပေးရမည်။ အကယ်၍ သတ်မှတ်ကုန်ပစ္စည်းများအတွက် ပါမစ်လျှောက်ထားမှုမပြုခဲ့လျှင် အကောက်ခွန်ဌာနမှ ဖြတ်သန်းခွင့်ပြုမည်မဟုတ်ပေ။ အကယ်၍ တင်ပို့(သို့မဟုတ်)တင်သွင်းမည့်ကုန်မှာ နည်းပညာဖြစ်လျှင် နိုင်ငံတော် ကောင်စီ၏ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်) အခြားတာဝန်လွှဲထားသောအသင်းအဖွဲ့တွင် မှတ်တမ်းတင်ရမည်။

(၁၆)နိုင်ငံတော်အနေဖြင့် အောက်ပါအချက်များပေါ် မူတည်၍ ကုန်ပစ္စည်းနှင့်နည်းပညာတင်သွင်း(သို့မဟုတ်)တင်ပို့ခြင်းကို ကန့်သတ်(သို့မဟုတ်)ပိတ်ပင်နိုင်သည်။

(က)နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းရန်၊ အများအကျိုး (သို့မဟုတ်) လူ့ကျင့်ဝတ်ကိုစောင့်ရှောက်ရန် လိုအပ်သည့် အရာများတွင် တင်သွင်း တင်ပို့မှုများကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း ပြုလုပ်နိုင်သည်။

(ခ) လူသားတို့၏ ကျန်းမာရေး(သို့မဟုတ်)လုံခြုံရေး၊ တိရစ္ဆာန်နှင့် ရုက္ခပင်များ၏အသက် (သို့မဟုတ်) ကျန်းမာရေး၊ ပတ်ဝန်းကျင် ကာကွယ်ရေးအတွက် လိုအပ်သည်များကို သွင်းကုန် ပို့ကုန် ကန့်သတ်ရန် လိုအပ်သည်။

(ဂ) ရွှေ(သို့မဟုတ်) ငွေသတ္တုတင်သွင်း၊ တင်ပို့မှုကို ကန့်သတ်ရန် လိုအပ်သည်။

(ဃ) နိုင်ငံတွင်း ရှားပါးသောကုန် (သို့မဟုတ်)ထိန်းသိမ်း ကာကွယ်မှုမပြုလျှင် ကုန်ခမ်းသွားမည့်ကုန်များကို တင်သွင်းတင်ပို့မှု ကန့်သတ်ရန်လိုအပ်သည်။

(င) တင်ပို့သည့်နိုင်ငံ(သို့မဟုတ်)ဒေသ၏ဈေးကွက် ကန့်သတ်ချက်ရှိသည့်ကုန်များကို ကန့်သတ်ရန်လို အပ်သည်။

(စ) တင်ပို့ရောင်းချမှုကြောင့် အခြေအနေရှုပ်ထွေးလာလျှင် ကန့်သတ်ရန်လိုအပ်သည်။

(ဆ) နိုင်ငံတွင်း အထူးသတ်မှတ်သည့် ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရန် (သို့မဟုတ်)လျင်မြန်စွာတိုးတက်ရန် ကန့်သတ်မှုပြုရန် လိုအပ်သည်။

(ဇ) မည်သည့်လယ်ယာထုတ်ကုန်၊ တိရစ္ဆာန်ထုတ်ကုန်၊ ရေထွက်ကုန်များကိုမဆို သွင်းကုန်ကန့်သတ်ရန်လို အပ်သည်။

(ဈ)နိုင်ငံတော်၏ နိုင်ငံတကာငွေကြေးအဆင့်ကို ထိန်းသိမ်းရန်၊ နိုင်ငံခြားငွေရသုံးမှုညီမျှစေရန်၊ ကုန်ပစ္စည်း ဝယ်ယူတင်သွင်းမှုကို ကန့်သတ်ထားရန်လိုသည်။

(ည)တရားဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြားကန့်သတ်ရန်(သို့မဟုတ်)တားမြစ်ရန်လိုအပ်သည့် သွင်းကုန်ပို့ကုန်များကို ဆိုလိုသည်။

(ဋ) မိမိနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်သော(သို့မဟုတ်)နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ တင်သွင်းမှု တင်ပို့မှုကန့်သတ်ရန် (သို့မဟုတ်)တားမြစ်ရန် လိုအပ်သည်များ ပါဝင်သည်။

(၁၇)နျူထရွန်ပစ္စည်း၊ သာမိုနျူကလီယားပစ္စည်းနှင့် ထိုပစ္စည်းများ ဖြစ်ပေါ်နိုင်သည့်အရာများနှင့်ပတ်သက်သည့် ကုန်များ၊ နည်းပညာများ တင်သွင်းတင်ပို့မှု၊ လက်နက်ခဲယမ်းမီးကျောက်နှင့် စစ်လက်နက်များ တင်ပို့တင်သွင်းမှုများကို လိုအပ်သလို လုပ်ကိုင်ရန်နှင့် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်လိုအပ်သည်။စစ်မက်ဖြစ်ပွားချိန်တွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကာအကွယ်ပေးနိုင်ရန် နိုင်ငံတော်အနေဖြင့် ကုန်နှင့် နည်းပညာ တင်သွင်း တင်ပို့မှုများကို လိုအပ်သလို လုပ်ကိုင်ခွင့်ရှိသည်။

ဆက်လက်ဖော်ပြပါမည်

# ကားဈေးကွက်အတွင်း ရောင်းဝယ်ရလွယ်သည့် ကားများသာအဝယ်ရှိ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ဩဂုတ်လလယ်ပိုင်း အခြေအနေမှာ ယခင်ရက်သတ္တပတ်များကဲ့သို့ပင် အရောင်းအဝယ် အေးနေခဲ့ပြီး အရောင်းအဝယ်ဖြစ်ပါကလည်း ပြန်ရောင်းရလွယ်ကူသည့် ကားအမျိုးအစားနှင့် ရန်ကုန်လိုင်စင်ပေါက် ကားလေးများသာ ဖြစ်ကြောင်းသိရသည်။

ယခုအခါ ရန်ကုန်ကားဈေးကွက်တွင် တစ်လအတွင်း ဈေးကွက်ခန့်မှန်းရာတွင်ပင် ခန့်မှန်း၍မရဘဲ အတက်ဘက်သို့သာ ဦးတည်နေသဖြင့် ရန်ကုန်အမည်ပေါက် ကားလေးများ၊ ယခင်သုံးစွဲထားသည့် ဖရီးပါမစ်သွင်းကားလေးများသာ ဆိုရလျှင် လိုင်းပေါ်ရှိကားလေးများဖြစ်သော ဘယ်လ်တာ၊ ဖစ်၊ ဗင်၊ ဟွန်ဒါအင်ဆိုဒ် စသည်တို့သာ အရောင်းအဝယ်(သို့မဟုတ်) အချင်းချင်း ပြန်ကောက်ရောင်းများသာ များကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ယခုရက်ပိုင်းအတွင်း ပြည်ပမှ ကားတင်သွင်းမှု နည်းသွားသော်လည်း ယခင်နှစ်ကုန်နှင့် ယခုနှစ်ဆန်းပိုင်းက တင်သွင်းခဲ့ကြသော ယာဉ်အရေအတွက်မှာ များပြားနေသဖြင့် ကားဈေးကွက်အတွင်း လိုအပ်ချက်မရှိသော်လည်း ဘယ်မောင်းမူဝါဒ အသံထွက်ပေါ်ပြီး နောက်ပိုင်းတွင် လူအများမှာ ညာမောင်း ကားလေးများ၊ ရောင်းတန်းဝင်ကားလေးများ၊ ရန်ကုန်လိုင်စင်ကားလေးများသာ ဝယ်ယူမှုများလာသည်ကို တွေ့ရကြောင်း ၎င်းကပြောသည်။

ဘယ်မောင်းကားများသာ တင်သွင်းစီးနင်းရမည့် မူဝါဒမှာခိုင်မာလာပြီဖြစ်သဖြင့် ရှေ့နှစ်သတ်မှတ်ရက်မတိုင်မီ ညာမောင်းကားများ တင်သွင်းနိုင်သလို ရန်ကုန်လိုင်စင်နှင့် လိပ်စာပေါက်မှာလည်း ပုံမှန်စလစ်ကပ်ပြီး တင်သွင်းလျှင် ပုံမှန်ပေါက်ဈေးထက် သိန်း ၁၀၀ ခန့် ပိုမိုများပြားသဖြင့် လတ်တလောဝယ်ယူစီးနင်းသူများမှာလည်း ရန်ကုန်လိပ်စာပေါက် နောက်ဆုံးသွင်းနောက်ဆုံးနံပါတ်ရသည့် ကားများအား ဝယ်ယူမှုနည်းပြီး နယ်လိုင်စင်များသာ ဝယ်ယူကြောင်း၊ ပြည်တွင်း ကားထုတ်လုပ်မှုများနှင့် ပတ်သက်သည့် မူဝါဒများလည်း စက်မှုဝန်ကြီးဌာနမှ ထပ်မံဖြည့်စွက်သတ်မှတ်ပေးကြောင်း ကြားသိရသည့်အတွက် အစိတ်အပိုင်းအလိုက် တပ်ဆင် ထုတ်လုပ်သည့်စနစ် မိမိတို့နိုင်ငံတွင် အားကောင်းလာနိုင်ပြီး လတ်တလောတွင်ပင် အစိတ်အပိုင်းလိုက် ပြည်ပမှတင်သွင်း၊ ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သည့် နီဆန်း ဆန်နီ ဆလွန်းကဲ့သို့ကားများ၊ ဖို့ဒ် (FORD) တံဆိပ်ကားများအား နောက်ဆုံးခုနှစ်ထုတ်ကားများ ဝယ်ယူစီးနင်းသူများ လာပြီဖြစ်ပြီး လတ်တလော မြင့်တက်နေသော ဂျပန်ကားဟောင်းများ ဈေးကွက်နှင့် ကွာခြားမှုနည်းပါးလာသဖြင့် Brand New ကားများ တစ်ချိန်တွင် ဈေးကွက်၌ ဦးဆောင်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းအဖွဲ့မှ သုံးသပ်ပြောကြားသည်။

**SN**

# မန်း-မူဆယ် ကုန်တင်ခများ ဈေးနှုန်းကျဆင်းလာ

မန္တလေးတိုင်းဒေသကြီး မန်းအခြေပြုကားဂိတ်ဖြစ်သည့် မန်း-လားရှိုး၊ မန်း-ကျောက်မဲ၊ မန်း-တောင်ကြီး၊ မန်း-မော်လမြိုင်နှင့် မန်း-ရန်ကုန်ကားလိုင်းများ၏ ကားသယ်ခနှုန်းထားများ ဇူလိုင်လဆန်းပိုင်းက သိသာစွာပြောင်းလဲမှု မရှိသော်လည်း၊ ဇူလိုင်လလယ်မှစ၍ မန်း-မူဆယ် ကားလိုင်း တစ်လိုင်းသာ ဈေးနှုန်းကျဆင်းလာတာကို တွေ့ရပါတယ်။ အတက်ကုန်၊ အဆင်းကုန်နည်းပါးခြင်းကြောင့် ဈေးနှုန်း ကျဆင်းခြင်းဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းမှသိရပြီး ဩဂုတ်လ ဒုတိယပတ်ထိ ဆက်လက်ကျဆင်းလျက်ရှိရာ ကုန်ကျစ်/ကုန်ပွတစ်ပိဿာလျှင် ရှစ်ကျပ်ခန့်ဈေးကျလာတာကို တွေ့ရှိရပါတယ်။ ဇူလိုင်လနှင့် ဩဂုတ်လ ဒုတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကားသယ်ခနှုန်းထားများအား အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်။

ရေတွက်ပုံ-ကျပ်

| စဉ် | အကြောင်းအရာ | ၄. ၇. ၂၀၁၇ | | ၁၁. ၇. ၂၀၁၇ | | ၁၈. ၇. ၂၀၁၇ | | ၂၅. ၇. ၂၀၁၇ | | ၈. ၈. ၂၀၁၇ | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ | ကုန်ကျစ် | ကုန်ပွ |
| ၁ | မန်း-မူဆယ် | ၆၅ | ၆၆ | ၆၀ | ၆၁ | ၆၀ | ၆၁ | ၅၈ | ၅၉ | ၅၇ | ၅၈ |
| ၂ | မန်း-လားရှိုး | ၄၅ | ၅၅ | ၄၅ | ၅၅ | ၄၅ | ၅၅ | ၄၀ | ၄၅ | ၄၀ | ၄၅ |
| ၃ | မန်း-ကျောက်မဲ | ၃၀ | ၄၀ | ၃၀ | ၄၀ | ၃၀ | ၄၀ | ၂၂ | ၄၀ | ၂၂ | ၄၀ |
| ၄ | မန်း-တောင်ကြီး | ၂၀ | ၅၀ | ၂၀ | ၅၀ | ၂၀ | ၅၀ | ၂၀ | ၅၀ | ၂၅ | ၅၀ |
| ၅ | မန်း-မော်လမြိုင် | ၃၅ | ၄၅ | ၃၅ | ၄၅ | ၃၅ | ၄၅ | ၃၅ | ၄၅ | ၄၀ | ၅၀ |
| ၆ | မန်း-ရန်ကုန် | ၂၂ | ၃၅ | ၂၂ | ၃၅ | ၂၄ | ၃၅ | ၂၄ | ၃၅ | ၂၇ | ၄၀ |

**တင်ဇာမျိုး (မန္တလေး)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရက်တစ် (၂၀၁၀) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဆွစ် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၈၀ သိန်း | 1 .3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါဖစ်၊ ရှပ်တယ် (၂၀၁၁) | N | ၂၂၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | အေဒီဗင် (၂၀၁၀) | H | ၁၄၅ သိန်း | |
| ၆။ | ပါဂျဲရိုး (၉၅) | E | ၂၅၀ သိန်း | 3.0 ဒီဇယ် |
| ၇။ | နီဆန်း၊ နုတ် (၂၀၁၃) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | တိုယိုတာ/အက်ဇီယို (၂၀၁၄) | ယာယီ | ၂၈၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၁၀။ | အပ်ကား | | ၁၀၇ သိန်း | ဓာတ်ဆီ၊ အသင့်စီးနိုင် |

# တောင်အာဖရိကနိုင်ငံတွင် အာဖရိက-အာဆီယံ စီးပွားရေး ပြပွဲ ၂၀၁၇ (Africa-ASEAN Business Expo (AABE) 2017) ကျင်းပမည်

တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နစ္စဘတ်မြို့ရှိ Sandton Convention Centre တွင် အာဖရိက-အာဆီယံ စီးပွားရေးပြပွဲ ၂၀၁၇ (Africa-ASEAN Business Expo (AABE) 2017)ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည် ဖြစ်ပါသည်။ ပညာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ဆောင်မှု ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ၊ နည်းပညာနှင့်တယ်လီဖုန်းဆက်သွယ်ရေး၊ ရေနှင့် ပို့ဆောင်ရေးစသည့် လုပ်ငန်းများတွင် အာဖရိကယူနီယံနှင့်အာဆီယံအဖွဲ့တို့အကြား အတူပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ အာဆီယံနိုင်ငံများဖြစ်သည့် စင်ကာပူ (စင်ကာပူကုမ္ပဏီပေါင်း ၂၅ မှ ၃၀ခန့်) ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့မှ လုပ်ငန်းရှင်များနှင့်ကုမ္ပဏီများ ပါဝင်ပြသကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသလိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း -၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇ သို့လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဖုန်း ၀၁-၂၃၁၄၃၄၄၊ ၀၁-၂၃၁၇၂၀၇ သို့ လည်းကောင်း ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

**လင်းလင်းထွန်း (TD)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် SMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ SMEs ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဩဂုတ်လ ၇ရက်က ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်ဇော်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဇေယျာကုန်သွယ်မှု ဗဟိုဌာန တာဝန်ခံ ဒေါ်နှင်းပန်းဖြူ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဇုန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခြားအသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကုန်သည်များ စုစုပေါင်း ၅၇ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးပညာရှင်များဖြစ်သော ဒေါက်တာမြင့်ဆန်းနှင့် ဒေါက်တာ တင်ထူးနိုင်တို့က SMEs ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများဖြစ်သော ဥပဒေနှင့်လုပ်ထုံးလုပ်နည်းမူဘောင်၊ ငွေကြေးအရင်းအမြစ်၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများရရှိရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ အဖွဲ့အစည်းနှင့် လုပ်ငန်းတူ အစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်း၊ နည်းပညာ၊ သတင်းအချက်အလက်၊ လုပ်ငန်းဈေးကွက်အထောက်အကူပေးခြင်းစတဲ့ အချက်များအား ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များက မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လုပ်ငန်းများအကြောင်းကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ကြည်ကြည်နွယ် ( မုံရွာ )**

# ဟန်ဂေရီနိုင်ငံတွင် ဟန်ဂေရီ-အာဆီယံ စီးပွားရေးဖိုရမ် (Hungary-ASEAN Business Forum) ကျင်းပမည်

ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့တွင် ဟန်ဂေရီ-အာဆီယံ စီးပွားရေးဖိုရမ် (Hungary-ASEAN Business Forum)ကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ အဆိုပါ စီးပွားရေးဖိုရမ်ကို ဟန်ဂေရီ နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာရှ-ပစိဖိတ်ဌာနနှင့် ဟန်ဂေရီအမျိုးသား ကုန်သွယ်ရေးဌာနတို့ ပူးပေါင်း၍ အာဆီယံအဖွဲ့ ဖွဲ့စည်းခြင်း နှစ်(၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ စီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်လိုသော သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် စီးပွားရေးနယ်ပယ်တို့မှ တာဝန်ရှိသူများအနေဖြင့် http://mailer.trade house. hu/form,php?f=7cc436a6ak ဝက်ဘ်ဆိုက်တွင် စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇ သို့လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဖုန်း-၀၁-၂၃၁၄၃၄၄၊ ၀၁-၂၃၀၇၂၀၇ သို့လည်းကောင်း ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

**လင်းလင်းထွန်း(TD)**

# ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံလယ်ယာသုံးစက်ကိရိယာ စက်ပြင်သင်တန်း ဖွင့်လှစ်

ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍ လယ်ယာသုံးစက်ကိရိယာ အခြေခံစက်ပြင်သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ပထမပတ်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိန်း၊ သင်တန်းဆရာ ဦးတင်ထွန်း၊ ရေကြည်မြို့နယ် ကျေးရွာအုပ်စု ၁၅ စုမှ သင်တန်းသားဒေသခံ တောင်သူ ၅၀ ဦးခန့် တက်ရောက်၍ သင်တန်းမှာ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇေယျာဇော်မျိုးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန် တောင်သူများ လယ်ယာလုပ်ငန်းခွင်မှာ ကိုင်တွယ်အသုံးပြုလျက်ရှိသော စက်ကိရိယာများအား စနစ်တကျကိုင်တွယ်မောင်းနှင်နိုင်စေရန်၊ စက်ပြင်ပညာများ တတ်မြောက်၍ အသုံးစရိတ်လျှော့ချပြီး အချိန်ကုန်၊ ငွေကြေးကုန်ကျမှုစရိတ်များ သက်သာစေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ် သင်ကြားရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိန်းကလည်း ၎င်းသင်တန်းမှာ တောင်သူများ မဖြစ်မနေတက်ရောက်သင့်သည့် သင်တန်းဖြစ်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ် မိုး/နွေစပါးသာမက ပဲစိုက်ပျိုးသည့် တောင်သူများလည်း ရေရှည်အကျိုးရှိသည့် သင်တန်းဖြစ်၍ စက်မှုနိုင်ငံ တည်ဆောက်ရာတွင် လုပ်ငန်းခွင်မှာ စက်မှုနည်းပညာများ ကျွမ်းကျင်တတ်မြောက်၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ကာ အမှန်တကယ် လက်တွေ့လုပ်ငန်း ခွင်မှာ ပြန်လည်အသုံးချနိုင်စေရန် သင်တန်းသားများအား ပြောကြားခဲ့ပါသည်။

**အေးသိန်း၊ မင်းမင်းဦး(ပုသိမ်)**




# ဆောမြို့နယ် ချောင်းခွကျေးရွာတွင် ပြည်တွင်းကုန်သွယ်မှု မြှင့်တင်ရေးအတွက် ကြယ်ပဲစိုက်ပျိုးထားရှိမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံး အနေဖြင့် ဂန့်ဂေါခရိုင်ကို တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိရာ ခရိုင်ဦးစီးမှူးရုံးမှ ဦးအောင်ကျော်ကျော်၊ မြိုင်မြို့နယ်တာဝန်ခံဦးဇော်ထွန်းဦး၊ကျောက်ထုမြို့နယ်တာဝန်ခံဦးနေလင်းဖြိုး ပါဝင်သော အဖွဲ့ဝင်သုံးဦးတို့သည် ဇူလိုင် ၂၁ရက်တွင် ဆောမြို့နယ် ချောင်းခွကျေးရွာမှ တောင်သူ ဦးမြင့်မောင်၏ ကြယ်ပဲစိုက်ပျိုးထားရှိမှုများကို တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့ရာ ကြယ်ပဲစိုက်ဧကမှာ နှစ်ဧကစိုက်ပျိုး ထားရှိပြီး အပင်အားဖြင့် ၁၀၀၀ ခန့်ရှိကြောင်း၊ မျိုးအနေဖြင့် နေပြည်တော်မှ တစ်ကီလိုလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးနည်းစနစ်အနေဖြင့် ကွန်ကရစ်တိုင်များဖြင့် ဝါးစင်ထိုး၍ စိုက်ပျိုးထားကြောင်း တွေ့ရှိရပါသည်။ နေရာဒေသမိုးကောင်းသဖြင့် ဆေးသုံးစွဲမှုမရှိဘဲ သဘာဝမြေဩဇာ နွားချေးကိုသာ အသုံးပြုထားကြောင်း၊ အပင်ပေါက်နှစ်လသားအထိ လုပ်သားငါးယောက်ကို တစ် ရက်ကျပ် ၅၀၀၀ နှုန်းဖြင့် အနီးကပ်ပြုစု စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးသည်မှ အသီးထွက်သည်အထိ တစ်ဧကကို ၁၅ သိန်းခန့်ကုန်ကျကြောင်း၊ဈေးကွက်အနေဖြင့် အရွက်နုများကို ခူးဆွတ်၍ လက်ဖက်ခြောက်အဖြစ်လည်းကောင်း၊ ကြယ်ပဲဆန်များကို ဆီကြိတ်၍ နေပြည်တော်၊ သံလျင်၊ ရန်ကုန်မြို့ကြီးများသို့ တင်ပို့ရောင်းချကြောင်းသိရပါသည်။

မြိုင်မြို့နယ် တာဝန်ခံ ဦးဇော်ထွန်းဦးက ကြယ်ပဲစိုက်ပျိုးမှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ယခု မြန်မာနိုင်ငံတွင်လည်း စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ ကြယ်ပဲဈေးကွက်အနေဖြင့် ကုန်စိမ်းဈေး မဟုတ်ဘဲ နိုင်ငံတကာဈေးကွက်အခိုင်အမာ ဝယ်လိုအားကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍအနေဖြင့် အမယ်သစ် ပို့ကုန်ကြယ်ပဲကို ပြည်ပပို့ကုန်အနေဖြင့် ချိတ်ဆက်ရောင်းဝယ်လျက်ရှိပါကြောင်းနှင့် ကြယ်ပဲစိုက်တောင်သူများအနေဖြင့် လိုအပ်သည့်အခက်အခဲများ ရှိပါကလည်း ဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကြယ်ပဲ အစုအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ သို့မှသာ ကြားပွဲစားများ၏ အမြတ်ကြီးစားမှု မခံရဘဲ တိုက်ရိုက်ဆက်သွယ်ရောင်းချခြင်းဖြင့် တောင်သူများအမြတ်အစွန်းများစွာ ရရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၄-၈-၂၀၁၇ မှ ၂၀-၈-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ပစ္စည်းကောင်းများရရှိခြင်း၊ ငွေကြေးအမွေအနှစ်များရရှိခြင်း ရှိတတ်ပါသည်။ ဤလတွင် သတ္တုတွင်းလုပ်ငန်း၊ လျှပ်စစ်နှင့် ပတ်သက်သောလုပ်ငန်း၊ အဖြူရောင်ရတနာများနှင့် အကျိုးပေးနေတတ်ပါသည်။ ပညာရေးကံကောင်းပြီး အိမ်ထောင်ဖက်၏ အကျိုးကျေးဇူးများ ခံစားရတတ်သည်။ ကျန်းမာရေးအတွက် ပုံမှန်အနေအထားဖြစ်နေမည်။ သင့်မိတ်ဆွေများသည် စီးပွားရေးအတွက် ကူညီမည့်သူများဖြစ်မည်။

**ယတြာ။ ။ဘုရားတွင်အင်ကြင်းပန်းလှူပါ။ လိုရာဆု တောင်းပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေးတို့တွင် အားပေးကူညီမည့်သူများရှိနေတတ်ပါသည်။ စာပေရေးသားခြင်း၊ ပစ္စည်းဥစ္စာရှာဖွေခြင်းများကို သတိဝီရိယနှင့်လုပ်ကိုင်နေရတတ်သည်။ သင်သည်စိတ်ဓာတ်ရေးရာမြင့်မားနေမှုကြောင့် အရာရာတွင် မဖြစ်နိုင်ခြင်းဟူသည့်ကိစ္စနည်းပါးနေတတ်သည်။ စိတ်အေးချမ်းသာစွာဖြင့် နေနိုင်ရေးကို ကျင့်ကြံထိန်းသိမ်းနိုင်ရန်အတွက် ဘာသာတရားကိုလေးစားယုံကြည်မှုပြင်းပြလာတတ်သည်။ နိုင်ငံရပ်ခြားစီးပွားရေးကုန်သွယ်မှုအထူးအောင်မြင်နေလိမ့်မည်။ **ယတြာ။ ။အရှေ့အရပ်တွင်ရှိသောဘုရားကို စကားဝါပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းဆိုင်ရာအခက်အခဲများအား လျှို့ဝှက်ကြံဆဖော်ထုတ်၍တီထွင်မှုများ၌ အများအားဖြင့် ကောင်းမွန်နေတတ်ပါသည်။ ရေလုပ်ငန်းနှင့်ဆက်စပ်သောလုပ်ငန်းများကို စိတ်ဝင်စား မှုရှိနေမည်။ ဓာတုဗေဒပစ္စည်းနှင့် ပတ်သက်သောပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် အမြတ်အစွန်းရရှိတတ်ပါသည်။ ကျန်းမာရေး ပညာပေး လုပ်ငန်းများ ပြုလုပ်နေရတတ်သည်။

**ယတြာ။ ။ မွေးနံဘုရားတွင် ရွှေသကင်္န်းကပ်လှူပြီး ဆုတစ်မျိုးကိုတောင်းပါ၊ ပြည့်ပါလိမ့်မည်။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းခွင်ထဲတွင်နည်းပညာသစ်များရှာဖွေရရှိတတ်သည်။ ရဲဝံ့စွန့်စားလိုစိတ်ရှိလာမည်။ စီးပွားရေးကြိုးပမ်းမှုများတွင် သနပ်ခါး၊ နံ့သာနီ၊ နံ့သာဖြူများရောင်းဝယ်ထုတ်လုပ်ရေးတွင် အကျိုးအမြတ်ရှိနေတတ် ပါသည်။ ဆွေမျိုးများနှင့်ပူးပေါင်း၍ စီးပွားရေး၊ ပညာရေးကိစ္စများတိုင်ပင်ညှိ နှိုင်းရတတ်သည်။ ကျန်းမာရေးတွင်စိတ်ပိုင်းဆိုင်ရာ အားငယ်နေတတ်သည်။ ရောဂါငယ်များ၏ နှိပ်စက်မှုကို ကြောက်စိတ်ပို၍စိတ်အားငယ်နေတတ်သည်။ ဥစ္စာခနေပေါကြွယ်ဝသောသူများနှင့် တွေ့ဆုံရလိမ့်မည်။

**ယတြာ။ ။သံဃာတော်များအား ဆွမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးကိစ္စအတွက် တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်စွမ်းရှိတတ်သည်။ ယခုလတွင် အခွံပါးသောသီးနှံ၊ ဆေးဝါးနှင့်ဆေးဝါးပစ္စည်း၊ ငွေသား၊ ဘော်တို့နှင့်ပြုလုပ်သောအရာဝတ္ထု ပစ္စည်းများမှ အကျိုးပေး ကောင်းနေမည်။ ပညာရေးထူးချွန်မည်။ ကျန်းမာရေးတွင် စိတ်ဝေဒနာခံစားရမှု ရှိတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် နှလုံးသားမပါသော ချစ်ခြင်းဖြင့် မိမိအပေါ် တုံ့ပြန်သူနှင့် တွေ့ရတတ်သည်။

**ယတြာ။ ။တိရစ္ဆာန်လေးများကို အစာကျွေးခြင်းဖြင့်ကုသိုလ်ယူပါ။**



**သောကြာသားသမီးများအတွက်** ပင်မစီးပွားရေးတွင် ကြံနှင့်ကြံထွက်ပစ္စည်း၊ ရွှေတို့နှင့် ကောင်းကျိုးပေးနေတတ်သည်။ ပညာရေးတွင်အသိပညာ တိုးတက် နေတတ်သည်။ နိုင်ငံတကာဘာသာစကားတို့ကို ကျွမ်းကျင်ပြီး အောင်မြင်သောပညာရှင်တစ်ယောက်ဖြစ်တတ်သည်။ ကျန်းမာရေးတွင် အူအတက်ပေါက်ခြင်း၊ ဆီးကြောင့်ဖြစ်သောရောဂါဖြစ်တတ်ပါသည်။ သင်သည်ဘဝ၏ အတွေ့အကြုံကို ရင်ဆိုင်ဖြေရှင်းရန်မိတ်ဆွေအပေါင်းအသင်းလိုအပ်လာလိမ့်မည်။

**ယတြာ။ ။ဘုရားတွင် ပိတောက်ညွန့်လှူပါ။**



**စနေသားသမီးများအတွက်** တစ်ကိုယ်ရည်စွမ်းအားရှိတတ်သူဖြစ်သည်။ စီးပွားရေးကို အားကျသောသူများက ပါဝင်ပူးပေါင်းရန် ကမ်းလှမ်းလာတတ်သည်။ လျှပ်စစ်ပစ္စည်းများနှင့် သက်ဆိုင်သောလုပ်ငန်းများကို တီထွင်ထုတ်လုပ်ရောင်းဝယ်ခြင်းများ တွင် အကျိုးရှိနေတတ်သည်။ ပညာရေးအတွက် ကြိုးစားမှုရှိနေသော်လည်း အောင်မြင်မှုအတွက် တင်းတိမ်ရောင့်ရဲနိုင်ခြင်းမရှိဖြစ်နေတတ်သည်။ ကျန်းမာရေးတွင် စိတ်လှုပ်ရှားလွန်းသဖြင့် ဖြစ်တတ်သောဝေဒနာခံစားရမည်။

**ယတြာ။ ။ဘုရားတွင်ရေသက်စေ့လှူပါ။**

# ပုသိမ်မြို့ မြို့သစ်ဈေးတွင် စားသုံးရန်မသင့်သော စားသောက်ကုန်စည်များ ရောင်းချမှုမရှိစေရေးအတွက် ကွင်းဆင်းနမူနာ ကောက်ယူ

ပုသိမ်မြို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာပြည့်ဖြိုးနှင့် အဖွဲ့ဝင်များသည် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေး ဈေးကော်မတီတို့ ပူးပေါင်းပါဝင်လျက် ဩဂုတ်လပထမပတ်တွင် ပုသိမ်မြို့ မြို့သစ်ဈေးရှိ ကုန်စုံဆိုင်ငါးဆိုင်တွင် တားမြစ်ကုန်စည်များ ရောင်းချမှုရှိ၊ မရှိစစ်ဆေး၍ ငရုတ်သီးမှုန့်ရောင်းချသည့်ဆိုင် နှစ်ဆိုင်၊ မှုန့်အရောင်းဆိုင်သုံးဆိုင်၊ ငါးပိရောင်းချသည့်ဆိုင်သုံးဆိုင်သို့ ရှောင်တခင် သွားရောက်၍ စားသောက်ကုန်စည်များတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေး ခွင့်မပြုဆိုးဆေးမှိုဆိပ်များ ရှိ/မရှိ စားသုံးရန်မသင့်သော စားသောက်ကုန်စည်များ မရောင်းချစေရေးအတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ဈေးကွက်နမူနာများကောက်ယူခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ကယားပြည်နယ်တွင် စပါးအဟောင်း ဈေးကျ

ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်း နွေစပါး(အသစ်)ဈေးငြိမ်ပြီး စပါးအဟောင်း ဈေးအနည်းငယ်ကျဆင်းနေကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရပါတယ်။ ယခင်တစ်ပတ်နဲ့ ယခုတစ်ပတ်အတွင်း နွေစပါး(အသစ်)တစ်တင်းလျှင် ကျပ် ၇၀၅၀ ဖြင့် ဈေးငြိမ်နေပြီး စပါးအဟောင်းတစ်တင်းသည်လည်း ကျပ် ၇၀၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အရည်သွေးကောင်းတဲ့ ရွှေရင်အေးနဲ့တရုတ်မွှေးတို့မှာ တစ်တင်းလျှင် ကျပ် ၇၆၆၀ မှ ကျပ် ၇၂၈၀ ဈေးပေါက်ပြီး တစ်တင်းလျှင် ကျပ် ၃၈၀ ခန့် ကျဆင်းနေကြောင်း ယခုကဲ့သို့စပါးအဟောင်းဈေးကျရခြင်းမှာလည်း တရုတ်ကုန်သည်ကြီးများက အဝယ်သိပ်မလိုက်ခြင်း၊ နွေစပါး(အသစ်)များလည်း ပေါ်လာခြင်းတို့ကြောင့် ယခုကဲ့သို့ စပါးအဟောင်း ဈေးကျဆင်းရခြင်းဖြစ်ကြောင်း ဆန်စက် လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရပါတယ်။ ဩဂုတ်လ ပထမပတ်အတွင်းတွင် အခြားမြို့ကြီးများမှ လွိုင်ကော်မြို့ အတွင်းသို့ ဆန်တင်သွင်းလာရာတွင် ရန်ကုန်မြို့မှ ဆန် ၁၅၇၀ အိတ်၊ မန္တလေးမြို့မှဆန် ၂၂၂၅ အိတ်၊ ရွှေဘိုမြို့မှ ၁၈၇၀ အိတ် စုစုပေါင်း ၅၆၆၅ အိတ် (တန်ချိန်အားဖြင့် ၂၈၄ တန်)ရှိရာ တစ်ရက်လျှင် ၄၁ တန်ခန့် တင်သွင်းလာပြီး အခြားမြို့များသို့ ဆန်တင်ပို့ရာတွင်လည်း ဆန်အိတ်ပေါင်း ၃၄၄၅ အိတ် (တန်ချိန် ၁၂၃ တန်ခန့်) တင်ပို့ခဲ့ကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၄၈၀၀၀၊ တစ်ပြည်လျှင် ကျပ် ၂၁၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၅၀၀၊ တစ်ပြည်လျှင် ကျပ် ၉၀၀ ဈေးဖြင့် ဈေးငြိမ်လျက်ရှိကြောင်း၊ စပါးတင်း ၁၀၀ လျှင် ၇၀၂၅၀၀ ကျပ် ဈေးပေါက်ပြီး စပါးဈေးကျလျက်ရှိကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။**ထွန်းနိုင်လင်း(လွိုင်ကော်)**

# ဗန်းမော်၊ တရုတ် အဆွဲများလာလို့ ဆင်း-၃ စပါးဈေး မြင့်တက်လာ



ကသာခရိုင် အင်းတော်၊ ကောလင်း၊ ဝန်းသို၊ ဗန်းမောက် မြို့နယ်များမှ ဗန်းမော်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့တဲ့ ဆင်း-၃ ဆန်ဟာ ဇူလိုင်လကုန်အထိ အရောင်းအဝယ်အေးခဲ့ပြီး တောင်သူတွေ စပါးမရောင်းရ ဆန်စက်ပိုင်တွေ စက်မကြိတ်ရ ဆန်ကုန်သည်တွေ အရောင်းအဝယ် ရပ်နားထားခဲ့ရာမှ ဩဂုတ်လဆန်းပိုင်းမှာတော့ ဆန်အရည်အသွေးအလိုက် ဗန်းမော် တရုတ်ကုန်သည်များ ဝယ်ယူမှုရှိလာလို့ ဒေသတွင်း ဆင်း-၃ စပါးဈေးမြင့်တက်လာတယ်လို့ ဆန်စပါးဈေးကွက်မှ သိရပါတယ်။

တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာမှာ လမ်းကြောင်းအမျိုးမျိုးရှိပါတယ်။ ကသာဆိပ်ကမ်းချ ဗန်းမော်ကုန်သည်များနဲ့ ဈေးဖြတ်တဲ့ ကုန်သည်များရှိသလို လွယ်ဂျယ်နယ်စပ်သို့ တိုက်ရိုက်တင်ပို့ရောင်းချသူများလည်း ရှိပါတယ်။ လွယ်ဂျယ်နယ်စပ်သို့တင်ပို့ရာမှာ ပြည်တွင်းဘက်ခြမ်းမှာသာ အရောင်းအဝယ်ရှိပြီး လက်ငင်းငွေချေစနစ် မဟုတ်ဘဲ တစ်ပတ်ဆိုင်း ငွေပေးချေမှုများကြောင့် ကုန်သည်များအနေနဲ့ စိုးရိမ်စိတ်များနဲ့ တင်ပို့ရောင်းချနေကြရတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ရှိလာလို့ ဒေသတွင်းမှာ ဆင်း-၃ စပါးတင်းတစ်ရာကို ကျပ်ငါးသိန်းကနေ ကျပ်ခြောက်သိန်းအထိ မြင့်တက်ခဲ့ပါတယ်။ တောင်သူလက်ထဲဝယ်လက်ပျောက်နေတဲ့ ဆင်း-၃ စပါးဟာ ဈေးကောင်းရနေလို့ တောင်သူများ ငွေကြေးလည်ပတ်မှု အဆင်ပြေကြတယ်လို့ ဆန်စက်လုပ်ငန်းရှင်များ အသင်းထံမှ သိရပါတယ်။

**ကြည်နိုင်ဦး၊ အင်းတော်**

# ဇူလိုင်လဆန်တင်ပို့မှု အနီးစပ်ဆုံး ဇွန်လထက်ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၄ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅၉၇ သန်းတန်ဖိုးရှိ ဆန်နဲ့ ကောက်ညှင်းဆန် ၁၃၄၀၈၄ တန်ကျော် တင်ပို့ ခဲ့ပါတယ်။

ဒါ့အပြင် ဇူလိုင်လ ၁ ရက်မှ ဩဂုတ် ၄ ရက်ထိ ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၅၃၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၄၃၈၈ တန် တင်ပို့ခဲ့ပြီး အနီး စပ်ဆုံး ဇွန်လက ၁၄၈၅၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ တန်ချိန် ၄၇၀ လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထ ဆန် တန်ချိန် ၆၂၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန်၃၅၅၀၊ ရုရှားနိုင်ငံသို့ဧည့်မထဆန် ၇၂၅ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၈၇၅၀နဲ့ ပေါင်းဆန် ၃၇၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၁၉၂ တန်၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၅၀၄၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၁၅၉၆ တန်၊ ဂီနီနိုင်ငံသို့ ဧည့်မထဆန် ၁၄၃၃၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၂၃၄၄၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန် ၁၂၁၁၃ တန်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ကသာခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကသာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်တွင် ကျင်းပခဲ့ရာ ကသာခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ၁၂ ဦးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ ဥက္ကဋ္ဌကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်းက စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ကို မိတ်ဖက်ဌာနဆိုင်ရာများမှ ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ကြစေလိုကြောင်း၊ တားမြစ်သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီးပါက အခမ်းအနားဖြင့် ပြုလုပ်စေလိုကြောင်း ပြောကြားပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်အုန်းက ဇူလိုင်လ အတွင်း အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ စည်ပင်ဈေး၊ ကျောင်းဈေး၊ လက်ကားဆိုင်များ စစ်ဆေးခြင်းနှင့်ကောလင်း၊ ဝန်းသိုပင်လည်ဘူးမြို့များမှ သိမ်းဆည်းရရှိသော တားမြစ်အလှကုန်၊ ရက်လွန်အစားအသောက်များ ခန့်မှန်း တန်ဖိုး ၄၀၄၁၅ ကျပ်ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံ တင်ပြပြီး သက်ဆိုင်ရာမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ပါကြောင်း၊ ဩဂုတ်လအတွင်း ကသာ၊ ထီးချိုင့်၊ ဗန်းမောက်မြို့များသို့ သွားရောက်စစ်ဆေးမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်ပညာရေးသို့ ပေးပို့တင်ပြသွားမည်ဖြစ်ရာ သက်ဆိုင်ရာမြို့နယ်များသို့ အကြောင်းကြားပေးစေလိုကြောင်းနှင့် ကသာခရိုင်ဦးစီးမှူးရုံးတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ကို ဇူလိုင် ၂၀ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်၍ အများပြည်သူများ တိုင်ကြားနိုင်ရေးဌာနအလိုက် ချပြဆွေးနွေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

တက်ရောက်လာသော ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး FDA တွင် သိမ်းဆည်းထားသော ရက်လွန်ဆေးပစ္စည်း၊ ရက်လွန်အစားအသောက်များကို မီးရှို့ဖျက်ဆီးနိုင်ရေး ဆောင်ရွက်ကြရန်နှင့် စားသုံးသူရေးရာ ဦးစီးဌာနနှင့် FDA မှ တာဝန်ခံများ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပြီး စားသုံးသူရေးရာလုပ်ငန်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်ဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

## မကွေးတိုင်းဒေသကြီးတွင် ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စားသုံးသူအငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်းဆိုင်ရာ (ဆင့်ပွား)သင်တန်း ဖွင့်လှစ်ပို့ချ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၏ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စားသုံးသူအငြင်းပွားမှု စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ (ဆင့်ပွား)သင်တန်းကို တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၈ ရက်က ထပ်မံဖွင့်လှစ်ပို့ချ ခဲ့ရာ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ သင်တန်းတွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းများ၊ ဖျန်ဖြေပေးသူနှင့် အငြင်းပွားသူများ အပြန်အလှန်ဆွေးနွေးခြင်းများ၊ စားသုံးသူ ဖျန်ဖြေပေးသူအတွက် ဆက်သွယ်ခြင်းများ၊ ဆက်သွယ်မှု လည်ပတ်ခြင်းဆိုင်ရာ ယန္တရားများ၊ ယုံကြည်မှုဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်လုပ်ကိုင်မှုပုံစံအမျိုးမျိုး အသေးစိတ်စာရင်းများဖြစ်သော ပိုင်းခြားစိတ်ဖြာသူ (Analyst)၊ မောင်းနှင်သူ (Driver)၊ ဖော်ရွေသူ (Amiable)၊ အတွင်းစိတ်ကိုပေါ်လွင်သူ (Expressive) အကြောင်းများကို ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်းပို့ချခဲ့ပါသည်။

ထို့နောက် သင်တန်းသားများအား အစုအဖွဲ့များ ခွဲကာ သရုပ်ပြခြင်း၊ တိုင်ကြားမှုပြဿနာများအား ဖြေရှင်းစေခြင်းများ သရုပ်ပြဆောင်ရွက်စေခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါသင်တန်းဖွင့်လှစ်ခြင်းအားဖြင့် ခရိုင်မြို့နယ် တာဝန်ခံများအနေဖြင့် စားသုံးသူ အငြင်းပွားမှု တိုင်ကြားမှုတစ်ခုအား လက်ခံရသောအခါ Mediator တစ်ယောက်၏ ထားရှိရမည့် စိတ်နေစိတ်ထားဖြစ်သော ယုံကြည်စိတ်ချရမှုတည်ဆောက်ခြင်း၊ ဆက်ဆံမှု ပြေပြစ်ခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ လျှို့ဝှက်ချက်များအား လျှို့ဝှက်ပေးခြင်း၊ တရားမလမ်းကြောင်းထိ မရောက်စေဘဲ တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့အား နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းစေခြင်းစသည့် Mediator ကောင်းတစ်ယောက်၏ လုပ်ဆောင်ချက်များအား သိမြင်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရှိရပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# စစ်ကိုင်းမြို့တွင် ဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍စားသုံးသူတိုင်တန်းမှုများကို ကိုင်တွယ် ဖြေရှင်းခြင်း နှင့် စားသုံးသူအငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်းဆိုင်ရာ (ဆင့်ပွား) သင်တန်းဖွင့်လှစ်

စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်း ခရိုင် ဦးစီးမှူးရုံး၌ ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ စားသုံးသူ တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် စားသုံးသူအငြင်းပွားမှု စေ့စပ်ညှိနှိုင်း ဖြေရှင်းခြင်းဆိုင်ရာ (ဆင့်ပွား)သင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၆ ဦးနှင့် NGO အဖွဲ့အစည်းမှ စိတ်ပါဝင်စားသူတစ်ဦး၊ စုစုပေါင်း ၁၇ ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွဋ်က ယဉ်ကျေးမှုမြို့တော် ပုဂံမြို့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေးကို တောင့်တင်းခိုင်မာစေရေး ရည်ရွယ်၍ စားသုံးသူဝန်ဆောင်မှုတိုင်ကြားချက်များကို စိစစ်ကိုင်တွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အချက်များဖြစ်သည့် မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးကို တောင့်တင်းခိုင်မာစေခြင်း၊ စားသုံးသူဝန်ဆောင်မှုတိုင်ကြားချက်များကို စိစစ်ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ကြုံတွေ့နေကျ စားသုံးသူဝန်ဆောင်မှု တိုင်ကြားခြင်းများအကြောင်းကိုလည်းကောင်း၊ ဝန်ဆောင်မှုနှင့် အာမခံပြင်ဆင်ပေးခြင်းအကြောင်းကိုလည်းကောင်း၊ ဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးတိုင်ကြားချက်များ အကြောင်းကိုလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စားသုံးသူတိုင်ကြားချက်များ နယ်နိမိတ်ဖြတ်ကျော် တောင်းဆိုမှုများအကြောင်းကိုလည်းကောင်း၊ ခရီးသွားဧည့်သည်များ၏ အများဆုံး တိုင်ကြားမှုများအကြောင်းကိုလည်း ကောင်း၊ တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပုံအဆင့်ဆင့်အကြောင်းကို လည်းကောင်း၊ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားချက်များကို ကိုင်တွယ် ဖြေရှင်းခြင်းအကြောင်းကိုလည်းကောင်း၊ သဘောတူစာချုပ်(သို့မဟုတ်)စာဖြင့်ရေးသား သဘောတူညီချက်များအကြောင်းကိုလည်းကောင်း ဥပမာများဖြင့် အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ စားသုံးသူအငြင်းပွားမှု ဖြေရှင်းခြင်းဆိုင် ရာ စေ့စပ်ဖျန်ဖြေရေးသင်တန်းတွင် ဆွေးနွေးခဲ့သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်မှု၊ အဖွဲ့အစည်းဆိုင်ရာ ယုံကြည်မှုများအကြောင်းကိုလည်းကောင်း၊ အလုပ်လုပ်ကိုင်မှုပုံစံအမျိုးမျိုး အသေးစိတ်စာရင်းများအကြောင်းကိုလည်းကောင်း၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ မေးခွန်းများကို အမေးအဖြေလုပ်ခြင်းဖြင့် လည်းကောင်း၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်း ညှိနှိုင်းရာတွင် ဥပမာများဖြင့် မည်ကဲ့သို့ ညှိနှိုင်းရမည်ကို သရုပ်ပြပုံများဖြင့်လည်းကောင်း သင်တန်းပို့ချခဲ့ပါသည်။ သင်တန်းသားများကလည်း စိတ်ပါဝင်စားစွာဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သဇင်ကို(စစ်ကိုင်း)**

# မန္တလာ ဒီဂရီကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဦးဆောင်၍ ဇူလိုင်လ ၂၅ ရက်တွင် အမရပူရမြို့နယ်ရှိမန္တလာဒီဂရီကောလိပ်မှ ကျောင်းသူ/ကျောင်းသား များအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

အခမ်းအနားသို့ မန္တလာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဆွေနှင့်ဆရာ/ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူ ရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများမှ အရာရှိများနှင့်မန္တလာ ဒီဂရီကောလိပ်မှ ကျောင်းသား/သူများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦးက စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဌာနမှ ဆောင်ရွက်နေမှုများ၊ မန္တလေးတိုင်းအတွင်း စားသုံးသူများမှ တိုင်ကြားလာမှုများအပေါ် လက်ခံ ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာ ဌာနခွဲ တာဝန်ခံ ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံ၊ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့၏ အဓိပ္ပာယ် ဖွင့်ဆိုချက်၊ အခွင့် အရေးနှင့် တာဝန်များကိုလည်းကောင်း၊ စိုက်ပျိုးရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ထားထားလွင်က သီးနှံနှင့် ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေး ဓာတ်ကြွင်း ဓာတ်ကျန်များရှိ၍ ရေစင်အောင် ဆေးကြောပြီးမှ စားသုံးရန် စသည့် အသိပညာ ဗဟုသုတများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လက်ထောက်ကျန်းမာရေးမှူး ဦးဇော်မျိုးနိုင်က အစားအသောက်များတွင် ခွင့်မပြု ဆိုးဆေး အသုံးပြုမှု အန္တရာယ်များကို လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်ချစ်ကောင်း**

**(စားသုံးသူ၊ မန္တလေး)**

Vol: 17, No.31 Monday August 14 2017

# ၂၀၁၇-၁၈ဘဏ္ဍာနှစ် ဩဂုတ်လဆန်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံကျော်ရှိလာ



၂၀၁၇-၁၈ဘဏ္ဍာနှစ် ဩဂုတ်လဆန်းအထိ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၇ ဘီလီယံကျော် စီးဝင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၂၇၂ သန်းနှင့်ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၁၉၇ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါခွင့်ပြုပေးခဲ့သည့် လုပ်ငန်း ၁၉ ခုအနက် စက်မှုလုပ်ငန်းကဏ္ဍတွင် ၁၂ ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် တစ်ခု၊ အခြားဝန်ဆောင်မှုကဏ္ဍတွင်သုံးခု၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် တစ်ခု၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင်တစ်ခုနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် တစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါအစည်းအဝေးမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခုကို ခွင့်ပြုပေးခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၅၂၅ သန်းအပါအဝင် ကျပ်သန်း လေးသိန်းကျော်၊ပြည်တွင်းအလုပ်အကိုင် ပေါင်း ၉၄၀ ကို ဖန်တီးပေးနိုင်ခဲ့သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ခုနှစ် ဩဂုတ် ၇ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၁၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၅၂ ဘီလီယံကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၇ ဘီလီယံစီးဝင်ခဲ့သည်။

ထို့ပြင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ဩဂုတ် ၇ ရက်အထိ အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၆၀၀ သန်းခွင့်ပြုခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၇ ဘီလီယံစီးဝင်ခဲ့သည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၂) အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း ၅၄ ခုရှိပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း ၁၆ ခုနှင့် အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်းပေါင်း ၄၂ ခုရှိကြောင်း သိရသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဩဂုတ် ၇ ရက်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၀ ကို ခွင့်ပြုပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၄၇၇ ဒသမ ၃၉၈ သန်းအပါအဝင် ကျပ် ၁ ဒသမ ၂၄၈ဘီလီယံကျော် စီးဝင်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံ မှုပမာဏ အမေရိကန်ဒေါ်လာ ၄၈၅ ဒသမ ၇၇၆သန်းအပါအဝင် ကျပ် ၁ ဒသမ ၂၇၄ ဘီလီယံကျော် စီးဝင်ခဲ့သည်။ ၂၀၁၇-၁၈ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၃ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ သည့် လုပ်ငန်း ၂၈ခုရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့်လုပ်ငန်း ငါးခုနှင့် အတည်ပြုမိန့်ထုတ်ပေးခဲ့သည့်လုပ်ငန်း ခုနစ်ခုရှိကြောင်းသိရသည်။ **မယ်သီတာ**

# iflix က မြန်မာ့ထိပ်တန်းအနုပညာရှင်များ၏ ကိုယ်ပိုင် Playlist များကို ကြည့်ရှုနိုင်မည့်ကဏ္ဍအား စတင်လုပ်ဆောင်

iflix က မြန်မာ့ထိပ်တန်းအနုပညာရှင်များအနက် ၂၅ ဦး၏ Playlist များအား iflix ကိုကြည့်ရှုနေကြသည့် ပရိသတ်များအတွက် စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။ iflix သုံးစွဲသူများသည် လူမင်း၊ သားညီ၊ ဟဲလေး၊ ညီထွဋ်ခေါင်၊ မောင်မောင်အေး၊ ပိုင်ဖြိုးသု၊ နန်းသူဇာ၊ ကျော်ထွဋ်ဆွေ၊ သျှားထွဋ်အိန္ဒြာ၊ အောင်ရဲထိုက်၊ ဆုမြတ်နိုးဦး၊ အောင် သူလွင်၊ မေပန်းချီ၊ မိုးယံဇွန်၊ မြနှင်း ရည်လွင်၊ ဝင်းမင်းသန်း၊ နော်ထိုက်၊ ဝင့်ယမုံလှိုင်၊ ဝတ်ရည်၊ ရတနာဗိုလ်၊ ထွန်းထွန်းမင်း၊ ထွန်းကိုကို၊ ကျော်ဇင်မင်း၊ ဝေမင်းမောင်နှင့် ဂျေနော်တို့ အပါအဝင် မြန်မာ့ဖျော်ဖြေရေးလောကရှိ ထိပ်တန်းအနုပညာရှင်များ၏ ကိုယ်ပိုင် Playlist ကို စောင့်ကြည့်နိုင်ပြီဖြစ်သည်။

iflix ၏ Playlist လုပ်ဆောင်ချက်ကို အသုံးပြုခြင်းဖြင့် အသုံးပြုသူ များသည် iflix တွင် နာမည်ကျော်များသည် မည်သည့်ရုပ်ရှင်ကို ကြည့်ရှုနေသည်ကို ရှာဖွေရန် ၎င်းတို့၏ ကိုယ်ပိုင် playlist ကို ယခုအချိန်မှစ၍ စောင့်ကြည့်နိုင်ပြီဖြစ်သည်။ Playlist သည် ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ရှာဖွေ ကြည့်ရှုသည့် အတွေ့အကြုံကို လုံးဝပြောင်းလဲပစ်လိုက်ပြီး အသုံးပြုသူများအနေဖြင့် ၎င်းတို့နှစ်သက်သည့် နာမည်ကျော်များနှင့် ၎င်းတို့ချစ်ခင်ယုံကြည်ရသူများထံမှ တီဗွီရှိုးများနှင့် ရုပ်ရှင်များကို ရှာဖွေကြည့်ရှုနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

iflix တွင် သီးသန့်ရုပ်ရှင်များနှင့် ဆုရအစီအစဉ်များ အပါအဝင် ထိပ်တန်းဟောလိဝုဒ်၊ အာရှနှင့် အရှေ့အလယ်ပိုင်းတို့ရှိ ဒေသတွင်းနှင့် ပြည်တွင်း တီဗွီရှိုး၊ ရုပ်ရှင်များကို iflix ၏ ကြီးမားကျယ်ပြန့်သော ရုပ်ရှင်စုစည်းမှုကြီးတွင် ကြည့်ရှုနိုင်ပြီဖြစ်သည့်အပြင် လစဉ်ကြေးပေး၍ အသုံးပြုသူများသည် ၎င်းတို့၏ ဖုန်းများ၊ လက်ပ်တော့များ၊ တက်ဘလက်များနှင့် တီဗွီများအပါအဝင် device ၅ မျိုးအထိ iflix ကို အသုံးပြုနိုင်ပြီး အချိန်မရွေးနေရာမရွေး ကြည့်ရှုနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံရှိ သုံးစွဲသူများသည် ကြော်ငြာမပါသော အကန့်အသတ်မရှိ ကြည့်ရှုခွင့်အတွက် တစ်လလျှင် လစဉ်ကြေး ၃၀၀၀ ကျပ်သာ ပေးသွင်းရမည်ဖြစ်သည်။ တစ်နှစ်စာလစဉ်ကြေးပေးသွင်းမည်ဆိုလျှင် နှစ်လစာ လျှော့ဈေးရရှိမည်ဖြစ်ပြီး တစ်နှစ်စာအတွက် ကျပ် ၃၀၀၀၀ သာ ပေးဆောင်ရမည်ဖြစ်သည်။

သုံးစွဲသူအသစ်များအတွက် iflix ၏ ကမ္ဘာ့အဆင့်မီဝန်ဆောင်မှု၊ လုပ်ဆောင်ချက်များနှင့် ရုပ်ရှင်များအား အပြည့်အဝသုံးစွဲနိုင်ရန် အခမဲ့တစ်လ သုံးစွဲခွင့်ကိုပေးထားသည်။ www.iflix. com သို့သွားရောက်၍လည်းကောင်း၊ Google Play (သို့) Apple App Store မှ အက်ပလီကေးရှင်းကို ဒေါင်းလုဒ်ပြုလုပ်၍လည်းကောင်း အကောင့်ဖွင့်နိုင်ကြောင်း သိရသည်။ **မယ်သီတာ**

# Galaxy Star 2017 ကို အူရီဒူး SMS မှတစ်ဆင့် မဲပေးခြင်းမှရရှိလာသည့် အကျိုးအမြတ်များကို လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်

အူရီဒူးမြန်မာသည် ကမ္ဘာ့ကြယ်တစ်ပွင့်ရှာပုံတော် အစီအစဉ်တစ်ခုဖြစ်သည့် (Galaxy Star 2017) အစီအစဉ်ကို Main Sponsored အဖြစ် ပံ့ပိုး ပေးလျက်ရှိရာ ဩဂုတ် ၁၁ ရက်မှစတင်သည့် ပွဲစဉ် ၁၉ မှစတင်၍ SMS Voting ပေးနိုင်ကြောင်း အူရီဒူး၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အူရီဒူးသုံးစွဲသူများအနေဖြင့် မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်များကို အူရီဒူးဆင်းကတ်တစ်မျိုးတည်းကိုသာ အသုံးပြုပြီး SMS ပေးပို့မဲပေးနိုင်မည်ဖြစ်ပါသည်။ အူရီဒူးမြန်မာအနေဖြင့် ၎င်း SMS ဖြင့် မဲပေးပို့မှုမှရရှိသည့် အကျိုးအမြတ်များအားလုံးကို လူထုဖွံ့ဖြိုးတိုးတက်မှုများအတွက် ထောက်ပံ့ပေးရန် လူမှုအကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် ပြိုင်ပွဲဝင်တစ်ဦးချင်းစီ၏ ကိုယ်စားပြုနံပါတ်များကိုရိုက်ပြီး 9900 သို့ အူရီဒူးဖုန်း နံပါတ်ဖြင့်သာ SMS ပေးပို့ ၍ မဲပေးနိုင် မည်ဖြစ်ပါသည်။ SMS တစ်စောင်လျှင် ၁၅ကျပ်ကျသင့်မည်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အပတ်စဉ်သောကြာနေ့တိုင်း ည ၉း၁၅ နှင့် ၁၀း၄၅ နာရီကြားတွင် မိမိတို့ နှစ်သက်သည့် ပြိုင်ပွဲဝင်များအတွက် SMS များကို အကန့် အသတ်မရှိ ပေးပို့ခြင်းဖြင့် မဲပေးနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာအနေနဲ့ Galaxy Star ရဲ့ Main Sponsor အဖြစ် ပံ့ပိုးကူညီခွင့်ရတဲ့အတွက် တကယ်ကိုဂုဏ်ယူရပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ အခုလိုအရည်အချင်းပြည့်ဝသူတွေရှိနေတယ်ဆိုတာကို အံ့မခန်းတွေ့မြင်ရပါတယ်။ အူရီဒူးသုံးစွဲသူတွေအနေနဲ့ မိမိတို့အားပေးတဲ့ပြိုင်ပွဲဝင်ကို အနိုင်ရဖို့အတွက် SMS ကနေ မဲပေးရမယ့်အချိန်ဖြစ်ပါတယ်။ ဆက်သွယ်ရေး အော်ပရေတာတစ်ခုဖြစ်တဲ့ အူရီဒူးအနေဖြင့်လည်း SMS နဲ့ မဲပေးခြင်းကနေရလာတဲ့ အကျိုးအမြတ်တွေကို လူမှုဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လှူဒါန်းပေးသွားမှာဖြစ်ပါတယ်”ဟု အူရီဒူးမြန်မာ၏ Chief Marketing Officer ဖြစ်သူ Ms. Charity Safford က ပြောကြားလိုက်သည်။ **မယ်သီတာ**

# စီတီးမတ်ဟိုးလ်ဒင်းလီမိတက်က ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကုမ္ပဏီ၏ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို လုပ်ဆောင်သွားမည်

မြန်မာ့လက်လီ စီးပွားရေးဈေးကွက်ကို ဦးဆောင်နေသည့် စီတီးမတ်ဟိုးလ်ဒင်းလီမိတက်သည် SAP S/4HAN® ဟူသည့် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုဗိုတယ်ဟိုတယ်မက်စ်တွင် ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

SAP S/4HANA® သည် ဆော့ဖ်ဝဲ suite တစ်ခုဖြစ်ပြီး အဖွဲ့အစည်းများတွင် ၎င်းတို့၏ အဓိကစီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်နည်းပညာ အကူအညီဖြင့် အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ပေးသည့် ဆော့ဖ်ဝဲတစ်ခုဖြစ်ကြောင်း သိရသည်။ အဆိုပါ SAP S/4HANA® သည် ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်မြင့်မားပြီး (Intelligent) လုပ်ငန်းစဉ်များကို အလိုအလျောက် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ထို့အပြင် ကုမ္ပဏီအတွင်းနှင့် ပြင်ပမှ ဒေတာအချက်အလက်များအပေါ် မူတည်၍ သုံးစွဲသူအား အချိန်နှင့်တစ်ပြေးညီ လျင်မြန်မှန်ကန်သော ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် ကူညီထောက်ပံ့ပေးနိုင်ကြောင်း သိရသည်။

ပထမအဆင့်အကောင်အထည်ဖော်မှုတွင် CMHL သည် S/4HANA® အခြေခံထားသည့် SAP စာရင်းကိုင် (SAPAccounting)၊ SAPS/4HANA® ကိုအခြေခံထားသည့် SAP ငွေကြေးစီမံခန့်ခွဲမှု (SAP Cash Management)၊ Fiori Applications၊ Project Systems၊ ရွှေ့ပြောင်း၍မရနိုင်သော ပစ္စည်းများအတွက် Procurement နှင့် စနစ်ဟောင်းနှင့် တွဲဖက်အသုံးပြုရန်အတွက် Process Orchestration ပါဝင်သည့် SAP S/4HANA® Finance module ကို အသုံးပြုထားသည်။

“ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းဆိုတာဟာ ကုမ္ပဏီများအနေနဲ့ အချက်အလက်တွေကို ထိရောက်စွာကိုင်တွယ်နိုင်ပြီး ဈေးကွက်တွင်း ယှဉ်ပြိုင်ခြင်းနဲ့ ပိုမိုကောင်းမွန်တဲ့ အကျိုးရလဒ်တွေရရှိဖို့အတွက် လျှောက်လှမ်းရမယ့် ရိုးရှင်းတဲ့လမ်းကြောင်းတစ်ခုပဲဖြစ်ပါတယ်။ အထူးသဖြင့် CMHL လိုမျိုး လက်လီစီးပွားရေးလုပ်ငန်းတွေအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် အဖြေရှာခြင်းက လုပ်ငန်းတွေကို ပိုပြီးအကျိုးဖြစ်ထွန်းစေပါတယ်။ SAP S/4 HANA® နဲ့ အရှိန်မြှင့်ဆောင်ရွက်လိုက်တဲ့အတွက် ထုတ်လုပ်နိုင်မှုစွမ်းအားတွေ ပိုမြင့်တက်လာနိုင်ပါတယ်။ ကုန်သိုလှောင်ရုံစာရင်း စီမံခန့်ခွဲမှုတွေကိုလည်း အရှိန်မြှင့်လုပ်ဆောင်လာနိုင်မှာပါ။ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုကို ပိုပြီးအရည်အချင်းပြည့်မီအောင်နဲ့ စွမ်းဆောင်ရည်ပြည့်ဝအောင် ဆောင်ရွက်လာနိုင်ပါတယ်။ ကုန်ကျစရိတ်နဲ့ အသုံးစရိတ်များကို လျှော့ချနိုင်ပြီး အကျိုးအမြတ်ကိုလည်း ပိုမိုဖြစ်ထွန်းလာစေပါ တယ်။ ဒါ့အပြင် မရှိမဖြစ်အရေးကြီးတဲ့ သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီဝေမျှနိုင်မှာဖြစ်ပါတယ်။ ဒီလို ဒစ်ဂျစ်တယ်နည်းပညာအသွင်ကူးပြောင်းတဲ့အခွင့်အရေးကိုအရမယူတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးနဲ့လုပ်ငန်းရဲ့ အကျိုးအမြတ်တွေဟာ တဖြည်းဖြည်းချင်း မှေးမှိန်လာပြီး ခေတ်နောက်ကျန်ခဲ့ပါလိမ့်မယ်”ဟု SAP အင်ဒိုချိုင်းနား၏ မန်နေးဂျင်းဒါရိုက်တာ Liher Urbizu က ပြောကြားခဲ့သည်။

**မယ်သီတာ**

## မြို့ကြီးများ၏ ၁၄-၈-၂၀၁၇ မှ ၁၈-၈-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၄-၈-၂၀၁၇) | အင်္ဂါ(၁၅-၈-၂၀၁၇) | ဗုဒ္ဓဟူး(၁၆-၈-၂၀၁၇) | ကြာသပတေး(၁၇-၈-၂၀၁၇) | သောကြာ(၁၈-၈-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၉၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၇၀% ၃၂°C/၈၉°F | ၇၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၈၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| လားရှိုး | ၉၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၆°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၄၀% ၃၀°C/၈၆°F |
| လွိုင်ကော် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၈°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၇၀% ၂၂°C/၇၂°F | ၇၀% ၂၂°C/၇၁°F | ၆၀% ၂၄°C/၇၅°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F |
| ဘားအံ | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F |
| တောင်ငူ | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၉၀°F |
| မုံရွာ | ၆၀% ၃၃°C/၉၁°F | ၇၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F |
| ပုသိမ် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၇၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F |
| မကွေး | ၇၀% ၃၂°C/၉၀°F | ၇၀% ၃၂°C/၈၉°F | ၇၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F |

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုန်ကျွန်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ လူဇုန်ကျွန်းတွင် ဩဂုတ် ၁၁ ရက် နေ့လယ်ပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ Volcanology and Seismology တက္ကသိုလ်မှ တိုင်းတာချက်အရ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုန်ကျွန်း၊ ဘန်တာဂါပြည်နယ်အနောက်တောင်ပိုင်းသုံးမိုင်အကွာ Lian မြို့၏ မြေအောက်အနက် ၁၀၇ မိုင်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် လောလောဆယ် အနေအထားအရ ပျက်စီးဆုံးရှုံးမှုအခြေအနေကို မသိရှိရသေးဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုသည် မြေအောက်အနက် မိုင်တစ်ရာကျော်တွင် ဗဟိုပြု၍ လှုပ်ခတ်ခဲ့သဖြင့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်တွင် ပျက်စီးဆုံးရှုံးမှုနည်းနိုင်သည်ဟု ဆိုသည်။

ထို့ပြင် ဆူနာမီသတိပေးချက်များလည်း ထုတ်ပြန်ထားခြင်းမရှိဘဲ လူဇုန်ကျွန်းနှင့် အနီးတစ်ဝိုက်တွင်နေထိုင်ကြသည့်ပြည်သူများသာ ထိတ်လန့်တုန်လှုပ်ခဲ့ကြရကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုမှာလည်း အနည်းဆုံးဖြစ်နိုင်ကြောင်း အဆိုပါတက္ကသိုလ်မှငလျင်ပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ချိန်သည် ရုံးချိန်အတွင်းဖြစ်နေသဖြင့် ရုံးသူရုံးသားများ၊ အလုပ်သမားများသည် လမ်းမများပေါ်သို့ ထွက်ပြေးခဲ့ကြရသည်။

ဖိလစ်ပိုင်နိုင်ငံသည် မီးတောင်စက်ကွင်းထဲတွင် တည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မီးတောင်များ လှုပ်ခတ်မှုရှိသည့် အချိန်တိုင်းတွင် အင်အားပြင်းငလျင်များ လှုပ်ခတ်လေ့ရှိသည်။

ဖိလစ်ပိုင်နိုင်ငံအနီးတွင် မီးတောင်ပေါင်း ၄၂၀ ဝန်းရံလျက်ရှိပြီး အဆိုပါ မီးတောင်ပမာဏသည် ကမ္ဘာ့မီးတောင်စုစုပေါင်း၏ ၇၅ရာခိုင်နှုန်းခန့်ရှိသည်ဟုဆိုသည်။

၂၀၁၃ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် လူပေါင်း ၂၂၂ ဦးသေဆုံးပြီး လူပေါင်း ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကာ နေအိမ်တိုက်တာ အဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

**မယ်သီတာ**



## တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် လူပေါင်း ၂၄ ဦးသေဆုံး၊ သေဆုံးသူအရေအတွက် တိုးလာနိုင်

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ဩဂုတ် ၈ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ ယခုလက်ရှိ အချိန်အထိ ၂၄ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၄၉၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေး သားဖော်ပြခဲ့သည်။ ဒဏ်ရာရရှိသူ ၄၉၃ ဦးအနက် ၄၅ ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသည်ဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံပြည်သူပေါင်း ၈၅၀၀၀ မှာ အိုးမဲ့အိမ်မဲ့များ ဖြစ်ခဲ့ကြရကြောင်း၊ အဆိုပါငလျင်ဒဏ် ခံရသည့်ဒေသတွင် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိသည့် ယူနက်စကိုက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထားသည့် Jiuzhaigou အမျိုးသားဥယျာဉ်နှင့် သစ်တောများ၊ ရေကန်ပေါင်း ၁၄၀ ကျော်တို့တည်ရှိနေသဖြင့် ငလျင်လှုပ်ခတ်ပြီးနောက် ကမ္ဘာလှည့်ခရီးသည်များ ပိတ်မိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် အဆောက်အဦများ ပြိုကျသည့်နေရာများသို့ ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိနေရာ သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟု Jiuzhaigou မှ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

Jiuzhaigou ပြည်နယ်ရှိ မြို့ပေါင်း ၁၇ မြို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး အထိအခိုက်အများဆုံး ဖြစ်ခဲ့ရသည်ဟု စီချွမ်ပြည်နယ် အာဘာစီရင်စုမှ အာဏာပိုင်များ၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ စီအန်န်အေသတင်းတွင် ရေးသားဖော်ပြထားသည်။ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ငလျင်လှုပ်ခတ်မှုကြောင့် ပိတ်မိနေသည့် ကမ္ဘာလှည့်ခရီးသည်များအား ဦးစားပေး ကယ်တင်ခဲ့ကြပြီး ဒဏ်ရာရရှိခဲ့သည့် နိုင်ငံခြားသားများအားလည်း ရဟတ်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟုဆိုသည်။

အဆိုပါ အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် Xinjiang ပြည်နယ်၌ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူပေါင်း ၃၂ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၁၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြ ခဲ့သည်။

စီချွမ်ပြည်နယ်တွင် ၂၀၀၈ ခုနှစ်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၈ အဆင့်ရှိသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ၈၇၀၀၀ ကျော် သေဆုံးခဲ့ရသည်။ **မယ်သီတာ**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ (၅/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏(၅/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့ရာ အစည်းအဝေးသို့ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီနှစ်ရပ်မှ အဖွဲ့ဝင်များတက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး အရေးကြီးသလို အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများအပေါ် ပေးသောဝန်ဆောင်မှုများ အပြည့်အဝ ရရှိဖို့ကလည်း အရေးကြီးတဲ့အတွက် စားသုံးသူကို အကာအကွယ်ပေးရာမှာ သက်ဆိုင်ရာဌာနများကပါပူးပေါင်း ဆောင်ရွက်ကြမှသာ စားသုံးသူအကာအကွယ်ပေးတဲ့ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ရှေ့ ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များအပေါ် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ယခင်လ(၄/၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့သော စားသုံးသူအတွက် ဘေးအန္တရာယ်ဖြစ်စေသည့်တားမြစ်ထားသော စားသုံးရန်မသင့် စားသောက်ကုန်များ၊ သက်တမ်းလွန် စားသောက်ကုန်များကို ဖျက်ဆီးဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဒုတိယသုံးလပတ်အတွင်း ရှေ့ဆက်လက်ဆောင်ရွက်မယ့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအစီအစဉ်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုအတွက် တိုင်ကြားနိုင်တဲ့ CICC ရုံး ဖွင့်လှစ်ထားမှုကို ဗီနိုင်းဆိုင်းဘုတ်များဖြင့် စားသုံးသူပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများတွင်လည်း CICC ရုံး ဖွင့်လှစ်ဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်စံ၊ ပြည်နယ်စည်ပင်သာယာမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖိုးလုံးနဲ့ လုပ်ငန်းရှင်ကိုယ်စားလှယ် ဦးခင်မောင်မြင့်တို့က ကဏ္ဍအလိုက်အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ ကယား)**

# ရေဦးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြီး ကျောင်းမုန့်ဈေးတန်းအားကွင်းဆင်းစစ်ဆေး

ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဩဂုတ် ၃ ရက်က ကွမ်းအုံကျေးရွာအုပ်စု၊ ညောင်ဇောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ဩဂုတ် ၄ ရက်က ရွာဗုကြီး ကျေးရွာအုပ်စု၊ ရွာဗုကြီးကျေးရွာ အခြေခံအထက်တန်းကျောင်း(ခွဲ)၊ ဩဂုတ် ၉ ရက်က ချောင်းရှည်ကျေးရွာအုပ်စု၊ ချောင်းရှည် အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပြီး ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ ဓာတုဆိုးဆေးပါမုန့်များ၏ အန္တရာယ်နှင့် အန္တရာယ်ရှိ ဝန်ဆောင်မှုများအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးမှူးက ရာသီတုပ်ကွေးရောဂါ Seasonal Influenza A (H 1N1 ) pdm 09 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါ ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အချက်များအကြောင်းကိုလည်းကောင်း၊ မြို့နယ် မီးသတ်စခန်းတာဝန်ခံက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေး အန္တရာယ်ဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်အကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှဦးစီးမှူးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးပညာပေး ဟောပြောခဲ့ကြပြီးနောက် ကျောင်းမုန့်ဈေးတန်းများသို့ စစ်ဆေးရာတွင် ရွာဗုကြီးအ. ထ. က(ခွဲ)ကျောင်းမုန့်ဈေး တန်း၊ ဦးခင်မောင်ဝင်းဆိုင်တွင် ရောင်းချနေသည့် မုန့်များအနက် ထုတ်လုပ်သူလိပ်စာမပါရှိသည့် ရောင်စုံ ဂျယ်လီဗူးများနှင့် ကြယ်ပုံသဏ္ဍာန်ရောင်စုံချိုချဉ်များကို ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့ကြောင်း၊ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၃၇ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၆၆၆ ဦး၊ ဈေးသည် လေးဦး စုစုပေါင်း ၇၀၇ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့်(ရေဦး)**

# ရွှေတောင်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မြန်မာစားသုံးသူများသမဂ္ဂ (ဗဟို)တို့ ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

မြန်မာစားသုံးသူများ သမဂ္ဂ (ဗဟို)နှင့် ရွှေတောင်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကိုရွှေတောင်မြို့၊ မြို့နယ်ခန်းမ၌ ဇူလိုင်လ ၂၂ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ အမှတ် (၁) တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရွှေတောင်မြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေတောင်မြို့နယ်၏ ဌာနဆိုင်ရာ အဖွဲ့ အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အရပ်ဘက် လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် စာသင်ကျောင်းများမှ ဆရာ/ဆရာမ များနှင့် ကျောင်းသား/ကျောင်းသူများ၊ ရွှေတောင်မြို့နယ်၏ အသေးစား/ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူ ပြည်သူများနှင့် ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ရွှေတောင်မြို့နယ် ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၂၇၅ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေနှင့် ရွှေတောင်မြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးနိုင်တို့က အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။ ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင် ဦးစီးမှူး ဦးမြင့်ဝင်းက စားသုံးသူရေးရာ ဦးစီးဌာန ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ စားသုံးသူများရရှိမည့် အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် တားမြစ်ချက်များ၊ စားသုံးသူရေးရာ ဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း၊ စားသုံးသူများ ထိခိုက်နစ်နာမှု တစ်စုံတစ်ရာရှိခဲ့ပါက အရေးဆို တိုင်ကြားနိုင်ရန် ပြည်ခရိုင်ရုံး CICC (စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင် ရွက်ရေးစင်တာ)ကိုဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း ဟောပြော ဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာစားသုံးသူများ သမဂ္ဂ(ဗဟို) မှ အတွင်းရေးမှူး ဦးမောင်မောင်က အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့ အစည်းများ၊ စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး ညီညွတ် မျှတမှုရှိစွာဖြင့် ဆောင်ရွက်မှသာ သာယာသော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ရွှေတောင်မြို့နယ် တိုင်းရင်းဆေးနှင့် ကုသရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခဲ့ရာ မြန်မာစားသုံးသူများ သမဂ္ဂ (ဗဟို)မှ အတွင်းရေးမှူး ဦးမောင်မောင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏(၆/ ၂၀၁၇)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၆/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၃၁ ရက်တွင် ကျင်းပခဲ့ပါတယ်။

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်နှင့် ကော်မတီတို့၏ အတွင်းရေးမှူး၊ အဖွဲ့ဝင်ကော်မတီဝင်များ တက်ရောက်ကြပါတယ်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက စားသုံးသူရေးရာဦးစီး ဌာနအနေဖြင့် လျာထားချက်အပေါ် ဆောင်ရွက်နေမှုများသည် အားရကျေနပ်မှုရှိပါကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းခြင်းနှင့် ရာသီတုပ်ကွေးများဖြစ်နေသည့်အတွက် ရှုထောင့်မျိုးစုံမှ ကာကွယ်ရေးများ ဆောင်ရွက်နေရပါကြောင်း၊ ပုံမှန်ဆောင်ရွက်မှုများ လုပ်ဆောင်နေသော်လည်း ယခုအချိန်တွင် ပိုမိုအားထည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ကော်မတီဝင်အားလုံးမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားပါသည်။



ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက (၅/ ၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဇူလိုင်လအတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် နောက်လဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်(ကရင်ပြည်နယ်)**

# ဖျာပုံခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဖျာပုံခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၁ ရက်ကကျင်းပရာ အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးလွင်က တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ပြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ခရိုင်အတွင်းရှိ ဆေးဆိုင်များအား စပ်ဆေးတွဲရောင်းချခြင်းများတွင် ပူးပေါင်းပါဝင်စစ်ဆေးရန်လိုကြောင်း၊ ခရိုင်အတွင်းတွင် ဈေးစားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင် ရွက်မှုများကို သက်ဆိုင်ရာဌာနများက ပူးပေါင်းပံ့ပိုးသွားရန် ပြောကြားပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်က ဖျာပုံပထမလမ်း (၄) ရပ်ကွက်ဆေးဆိုင်အား မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီမှ ရှောင်တခင်ဝင်ရောက် စစ်ဆေးရာ စပ်ဆေးတွဲများ၊ သက်တမ်းလွန်ဆေးများတွေ့ရှိသဖြင့် လိုင်စင်လေးလ ပိတ်သိမ်းထားပါကြောင်း၊ ဒေးဒရဲမြို့နယ်အ. ထ. က( ၁ )ကျောင်းမုန့်ဈေးတန်းစစ်ဆေးမှုနှင့်COOLWORLD ရေသန့်စက်ရုံ စစ်ဆေးမှု တွေ့ရှိချက်လမ်းညွှန်ချက်များအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပြီးစီးမှု အခြေအနေတင်ပြလာပါကြောင်း၊ ဖျာပုံခရိုင်စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေးစင်တာ (CICC)မှအမှုတွဲခုနစ်မှုအားဖြေရှင်း ဆောင်ရွက်ခဲ့ပါကြောင်း စသည့် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား တင်ပြခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ဖျာပုံခရိုင်အတွင်းလစဉ်လက်ဖက်ရည်ဆိုင်နှစ်ဆိုင်၊ စားသောက်ဆိုင် တစ်ဆိုင်ကို မြို့နယ် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးရန်၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီတွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ အဖွဲ့ဝင်တစ်ဦးပါဝင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ခရိုင်အတွင်းပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များကို အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က လာမည့်လတွင် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်၍ စိုက်ပျိုးရေးဌာနက လိုက်ပါဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ထိုသို့ ကွင်းဆင်း စစ်ဆေးရာတွင်တွေ့ရှိမှု အရေးယူမှုများအားဆောင်ရွက်ရာတွင် ရောင်းချသူနှင့် စစ်ဆေးရေးအဖွဲ့များ ထိပ်တိုက်တွေ့ဆုံမှုမရှိစေရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

**မောင်ဖျာပုံ**

# မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၄/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် တို့၏ (၄/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၈ရက်တွင် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ် အစိုးရ အဖွဲ့ဝင်၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ဝန်ကြီးဦးဝဏ္ဏကျော်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်စားသုံးသူ ရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၁၇ ခုနှစ်ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လများအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုကိစ္စနှင့် ပတ်သက်၍ မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး စီမံခန့်ခွဲရေးကော်မတီများနှင့် ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ယခင်အစည်းအဝေး (၃/၂၀၁၇) ဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်း တင်ပြခဲ့ပါသည်။

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ထုတ်ကုန် လုံခြုံစိတ်ချရမှုအတွက် ဈေးကွက် ကွင်းဆင်းစစ်ဆေးသည့်အခါ တွေ့ရှိရသည့် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ၊ စပ်ဆေးတွဲရောင်းချသူများအား အရေးယူသည့် အခါ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ (၁၉) ပါ အရေးယူပိုင်ခွင့်အရ အရေးယူနိုင်မည့်အခြေအနေများကိုလည်းကောင်း၊ မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ပြည်နယ် တာဝန်ခံ ဒေါက်တာစိုးနိုင်က ရာသီတုပ်ကွေး ရောဂါ ($H_1N_1$) အကြောင်းနှင့် နယ်စပ်ဒေသမှ ဝင်ရောက်လာသည့် လုံခြုံစိတ်ချရမှုမရှိသော ကြက်အရှင်၊ ကြက်ဥ၊ ဘဲဥ၊ အေးခဲအသားများအား မိမိပြည်နယ်အတွင်းသို့ ဝင်ရောက်မှုမရှိအောင်ဆောင်ရွက်နေသည့်အခြေအနေများအားလည်းကောင်း တင်ပြခဲ့ရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မွန်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရ အဖွဲ့ဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ဝန်ကြီးဦးဝဏ္ဏကျော် အပါအဝင်၊ အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အဖွဲ့ဝင်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# ပခုက္ကူမြို့ မြို့မဈေးအတွင်း စားသုံးရန်မသင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ပခုက္ကူခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူး ဦးမြင့်ဦးသည် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များသည် ဇူလိုင် ၂၅ နှင့် ၂၆ ရက်တို့တွင် ပခုက္ကူမြို့၊ မြို့မဈေးအတွင်း အန္တရာယ်ရှိ တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးခဲ့ပါသည်။

ပခုက္ကူမြို့ မြို့မဈေးအတွင်းရှိ ငါးပိ၊ ငါးခြောက်၊ ကုန်မျိုးစုံဆိုင်၊ မုန့်မျိုးစုံဆိုင် စုစုပေါင်း ၁၈ ဆိုင်ကို ဝင်ရောက် စစ်ဆေးခဲ့ရာ ငါးပိ၊ ငါးခြောက်များကို ရန်ကုန်၊ ဘုရင့်နောင်ဈေးရှိ ‘တိုးပွား’ နှင့် ‘မြိတ်’ ပွဲရုံမှ ဝယ်ယူခြင်းဖြစ်ပြီး မိမိတို့ဆိုင်အနေဖြင့် ဆိုးဆေးဆိုး၍ ရောင်းချခြင်းမပြုကြောင်း၊ ပွဲရုံဘက်မှ ဆိုးဆေးများ ပါလာခဲ့လျှင်လည်း ဆက်လက် မရောင်းချဘဲ စားသုံးသူ များကို ရောဂါအန္တရာယ် ကင်းဝေးအောင် စေတနာထား ရောင်းချသွားမည်ဖြစ်ကြောင်း ငါးပိ၊ ငါးခြောက် လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ ငါးပိများကို ဓါတ်ခွဲခန်းသို့ ပို့ရန် နမူနာအဖြစ်ဝယ်ယူခဲ့ပြီးနောက် ကုန်မျိုးစုံဆိုင်များကို ဆက်လက်စစ်ဆေးခဲ့ရာ ဆိုင်ပိုင်ရှင်များကို ရက်လွန်နေသော ရယ်ဒီမိတ် အစားအစာဗူးများ၊ တံဆိပ်မပါသော ဟင်းချိုမှုန့်များ၊ မှိုတက်နေသော လက်ဖက်များ၊ ဆီချေး စော်နံနေသော အစားအစာများ ရှိခဲ့လျှင် မရောင်းချသင့်ကြောင်း၊ မုန့်ဆိုင်များကိုလည်း သက်တမ်းလွန်နေသော အချိုရည်ဗူးများရှိလျှင် ကုမ္ပဏီမှလာသော ကားများသို့ ပြန်လည်လဲလှယ်၍ ရသည်ဖြစ်ကြောင်း၊ ပေါင်မုန့်၊ ကိတ်မုန့် အစိုများကိုလည်း လတ်ဆတ်မှုနည်းလျှင် မုန့်ပို့လာသူများကို ပြန်လဲလျှင်ရကြောင်း၊ ဆိုင်ရှင်များအနေဖြင့် ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်း အမျိုးအမည်၊ ပါဝင်ပစ္စည်းများ ဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့် ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သူ၏ လိပ်စာ၊ ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ Bar Code၊ အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံ စသည့်အချက်များ ပါရှိမှသာ ရောင်းချသင့်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့သည်။

ထို့ပြင် မိမိတို့ဌာနမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များတွင် FDA မှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော အစားအသောက်များ ထည့်သွင်းဖော်ပြထားပြီး ဈေးဆိုင်ပိုင်ရှင်များအနေဖြင့် ၎င်းအစားအစာ အမည်များကို ဈေးဝယ်ရာတွင် သတိထားဝယ်ယူသင့်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင် ၈၀ နှင့် ‘စံချိန်စံညွှန်း ၊ အရည်အသွေးမီ ထုတ်လုပ် ထုပ် ပိုးထားသော ထုပ်ပိုးကုန်ပစ္စည်းတွင် ပါဝင်ရမည့် အချက်များ’ အချက် (၁၀) ချက် ပါဝင်သည့် လက်ကမ်းစာစောင် ၈၀ ကို ဖြန့်ဝေပေးခဲ့ပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၃၁ ရက်က ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ အဖွဲ့ဝင်ကိုးဦး၊ မိတ်ဖက် ဌာနမှ ဖိတ်ကြားသူသုံးဦး နှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းလေးဦး စုစုပေါင်း ၁၆ ဦး စုံညီစွာ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဇော်မင်းက မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးကလည်း ဈေးကွက် လေ့လာစောင့်ကြည့်မှု၊ လုပ်ငန်းရှင်များအား အသိပညာပေးဆောင် ရွက်မှု၊ ကျောင်းများတွင် အသိပညာပေး ဆောင်ရွက်မှုနှင့် ကျောင်းမုန့် ဈေးတန်းများတွင်မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ စိစစ်ပညာပေး ဆောင်ရွက်မှုများ၏ အောင်မြင်မှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၏ ပြန်လည်ဆွေးနွေး တင်ပြချက်များကို ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **MT-COUNSUMER**

Vol: 17, No.31 Monday August 14 2017

(ယခင်တစ်ပတ်မှ အဆက်)

# pm;okHlynfbrsm;\
# အခွင့်အရေးများ

| နိုင်ဦး၊ မြင့်မြင့်ချို |

**ကုန်စည်နှင့် ဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် (Right to Choice)**

ကျေနပ်နှစ်သိမ့်မှုဖြစ်စေနိုင်သော အရည်အသွေးအာမခံနိုင်စွမ်းနှင့် ရောင်းဝယ်မှုဖြစ်စဉ်တွင် ပြောဆိုကတိပြုထားသည့် ဈေးနှုန်းများ၊ စည်းကမ်းချက်များ၊ အာမခံပေးမှုများအတိုင်း ဝယ်ယူစဉ်နှင့် ဝယ်ယူပြီးနောက်ပိုင်းတို့တွင် စားသုံးသူများမှ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူ၏အခွင့်အရေး တစ်ရပ်ပင် ဖြစ်ပါသည်။

ဥပမာ - TV တစ်လုံးဝယ် ယူသည့်အခါတွင် အာမခံပေးထားသည့် ကာလ၊ ထိုအာမခံပေးထားသည့် ကာလအတွင်း ချို့ယွင်းမှုဖြစ်ပေါ်ပါက အမျိုးအစားတူ အသစ်တစ်လုံးလဲ လှယ်ပေးခြင်း (သို့မဟုတ်) အခမဲ့ပြုပြင်ပေးခြင်း သို့မဟုတ် လက်ခမဲ့ ပြုပြင်ပေးခြင်းဆိုသည့် အာမခံချက်များကို အပြည့်အဝရရှိစေခြင်း ဖြစ်ပါသည်။ (အခမဲ့ပြုပြင်ပေးခြင်းသည် ပစ္စည်းအစား ထိုး လဲလှယ်ရပါကလည်း ပစ္စည်းဖိုးမပေးရခြင်းကို ဆိုလိုပါသည်)

**ကုန်စည်နှင့်ဝန်ဆောင်မှု၏ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များ ရရှိစေခြင်း( Right to Information)**

မှန်ကန်သော ရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် ရိုးသားမှုမရှိသော သို့မဟုတ် မှန်ကန်မှုမရှိသော ကြော်ငြာခြင်းနှင့် တံဆိပ် တပ်ဆင်ခြင်းတို့မှ အကာအကွယ် ရရှိနိုင်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းချရာတွင် မှားယွင်းသည့်တင်ပြမှုများ၊ အလွန်အမင်း ချဲ့ကားပြောဆိုမှုများ ပါဝင်နေသော ကြော်ငြာများ၊ အညွှန်းတံဆိပ် တပ်ဆင်ခြင်းများသည် စားသုံးသူများအကြား နစ်နာဆုံးရှုံးမှုများနှင့် နားလည်မှု လွဲမှားစေခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှု များ၏ အရည် အသွေးတစ်ခုအနေဖြင့် ဖော်ပြသော သတင်းအချက်အလက်များနှင့် ဖော်ပြမှုအညွှန်းများသည် မှန်ကန်ပြီးပြည့်စုံရမည့် အခွင့်အရေးသည်လည်း စားသုံးသူ၏အခွင့်အရေးပင် ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့်နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပါဝင်ကြားနာခြင်း ရရှိစေရန် (Right to Heard)**

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော မကျေနပ်မှု၊ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အရေးဆို တိုင်တန်းနိုင်ခွင့်၊ စားသုံးသူများ၏ အကျိုးရှိမှုအတွက် ခံစားထင်မြင်ယူဆချက်များကို ပြောဆိုတင်ပြနိုင်ခွင့်၊ သင့်လျော်သော အကာအကွယ်ပေးမှုများ ရရှိနိုင်ခွင့်သည်လည်း အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ဥပမာ - အမှတ်တံဆိပ်ရှိသော (သို့)ဖုန်းနံပါတ်လိပ်စာပါသော အိမ်တွင်းမှု လုပ်စားစရာတစ်ခုခုအား မုန့်ဆိုင်တစ်ခုမှ ဝယ်ယူပြီး စားသုံးသည့်အခါတွင် ပါးစပ်မှအမြှုပ်ထွက်ခြင်း၊ အဆိပ်သင့် သတိလစ်ခြင်း၊ မအီမလည် ဝေဒနာ ခံစားရသည်ဆိုပါစို့။ ထိုအခြေအနေမျိုးတွင် စားသုံးသူက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ပြီး သင့်လျော်သော အကာအကွယ်ပေးမှုများ ရရှိနိုင်ပေသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အသိပညာများ၊အခွင့်အရေးနှင့် အချက်အလက်များကို သိရှိလေ့လာခွင့်ရရှိစေရန် (Right to Consumer Education)**

စားသုံးသူဆိုင်ရာ အခြေခံအခွင့်အရေးများနှင့် တာဝန်ရှိမှုများကို သိရှိနိုင်စေခြင်း၊ မည်သို့အသုံးပြုနိုင်သည်ကို ကောင်းမွန်စွာသိရှိပြီး ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ယုံယုံကြည်ကြည်ရွေးချယ် ဝယ်ယူနိုင်စေခြင်း၊ ထုတ်လုပ်ရောင်းချသူများက ၎င်းတို့၏ ကုန်ပစ္စည်းများကို အသုံးပြုသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များအား စာသုံးသူများနားလည်အောင် ပြောဆိုရောင်းချခြင်းများ ရရှိစေရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် အသိပညာများ ရရှိနိုင်စေခြင်း ဖြစ်ပါသည်။ ဥပမာ - ထမင်းပေါင်းအိုးတစ်လုံးဝယ်သည်ဆိုပါက ထိုပစ္စည်းသည် ဘယ်နိုင်ငံက လာသည်၊ အချိန်ကာလ ဘယ်လောက်ခံ နိုင်ရည်ရှိသည်၊ ဘယ်လိုအသုံးပြုလျှင် အန္တရာယ်ရှိသည် စသည်တို့ကို ရောင်းချသူမှ ပြောပြပညာပေးပြီး စားသုံးသူများမှ လွတ်လွတ်လပ်လပ် ရွေးချယ်ဝယ်ယူနိုင်စေခြင်းဖြစ်သည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ၏ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှု ရရှိစေခြင်း (Right to Satisfaction of basic needs)**

စားသုံးသူများသည် မိမိအမှန်တကယ် အသုံးပြုရန် သို့မဟုတ် စားသုံးရန်အတွက် ဝယ်ယူ အသုံးပြုရာ၌ ဝယ်ယူသည့်ပစ္စည်းသည် စားသုံးသူ လိုအပ်ချက်အတိုင်း ဖြစ်စေရေးသည် စားသုံးသူများ ရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ဥပမာ-ထမင်းပေါင်းအိုး တစ်လုံးဝယ်ယူရာ၌ မီးကြိုး၊ အရန်ပစ္စည်းများ၊ အထောက်အကူပစ္စည်းများပါဝင်သည်ဟု ဖော်ပြထားသော်လည်း အမှန်တကယ်ဝယ်ယူ အသုံးပြုသောအခါ မီးကြိုးများ၊ အရန်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ မပါဝင်၍ ထပ်မံဝယ်ယူအသုံးပြုရခြင်းသည် စားသုံးသူထံမှ မတရားခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ၎င်းအပြင် ထိုထမင်းပေါင်း အိုး၏ အခြားတံဆိပ်များနှင့် အရည်အသွေးဈေးနှုန်း ကွာရခြင်း အားနည်းချက်ကိုပါ ပြောပြပေးရမည်။ သို့မှသာ စိတ်ကျေနပ်မှုရရှိမည်ဖြစ်ပါသည်။

**ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာမှုများနှင့် စပ်လျဉ်း၍ ကုစားခွင့် ရရှိစေခြင်း(Right to Remedies)**

စားသုံးသူသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကိုအသုံးပြုရာ၌ လုပ်ငန်းရှင်များက သဘောတူညီချက်နှင့်အညီ ပေးအပ်နိုင်မှုမရှိခြင်း၊အရည်အသွေးညံ့ဖျင်းခြင်း၊ မှားယွင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများပေးသဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက လုပ်ငန်းရှင်မှ စားသုံးသူအား လျော်ကြေးပေးခြင်း၊ ပစ္စည်းအစားထိုးပေးခြင်းနှင့် စားသုံးသူမှ တရားမျှတသော တောင်းဆိုမှုအတိုင်း ရရှိစေခြင်း ဖြစ်ပါသည်။ (ဥပမာ-မီးစက်တစ်လုံး ဝယ်ယူသည်ဆိုပါစို့) ထိုမီးစက်သည် တစ်နှစ် အတွင်း ပျက်စီးပါက အခမဲ့ပြုပြင်ပေးမည်၊ ဝယ်ယူသူ အိမ်အရောက်ပြုပြင်ပေးမည်ဟု အာမခံ လက်မှတ်ပါရှိသော်လည်း တစ်နှစ်အတွင်းပျက်စီး၍ သုံးစွဲသူက ပြုပြင်လိုကြောင်း တောင်းဆိုသောအခါ ဆိုင်သို့လာပို့ပါဟုလည်းကောင်း၊ အပိုပစ္စည်း မရောက်သေး၍ စောင့်ပါဦးဟူ၍လည်းကောင်း ပြောဆိုခြင်းသည် စားသုံးသူ၏ အခွင့်အရေးအား ချိုးဖောက်ခြင်း ဖြစ်ပါသည်။ စားသုံးသူမှ တရား မျှတမှုရရှိစေရေးအတွက် တိုင်ကြားတောင်းဆိုနိုင်ပါသည်။

**ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နိုင်ခွင့်ရရှိစေခြင်း (Right to a Healthy Environment)**

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုကိုရရှိပြီး ကျန်းမာချမ်းသာစွာဖြင့် လူနေမှုဘဝကို ဖြတ်သန်းပိုင်ဆိုင်ခွင့်ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ဤသို့ ပိုင်ဆိုင်ခွင့်ရရှိရန်မှာ စားသုံးသူကိုယ်တိုင်ရော မိမိ၏ မိသားစုများအတွက်ပါ အန္တရာယ်ကင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရွေးချယ်၍ စားသောက်သုံးစွဲရန် သင့်/မသင့် ဝေဖန်ပိုင်းခြားသိရှိနိုင်မှသာ ဖြစ်နိုင်ပေမည်။

သို့ပါ၍ စားသုံးသူပြည်သူများသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) မှ သတ်မှတ်ပြဋ္ဌာန်းထားသော စားသုံးသူအခွင့်အရေးများနှင့်ပတ်သက်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများသာမက သံသယရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ တွေ့ရှိရပါကလည်း မိမိတို့နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနများတွင် တိုင်ကြားနိုင်ပြီး တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးဖော်ပြလိုက်ရပါသည်။

♦

## ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဆန်အရောင်းအဝယ်ကိစ္စ သဘောတူညီမှုရရှိရန် အလားအလာရှိ

ထိုင်းနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်ပိုမိုတင်ပို့နိုင်ရန် မျှော်လင့်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ကုန်သွယ်မှု ဆိုင်ရာကိစ္စရပ်များအား ပိုမိုခိုင်မာစေရန် ကြိုးပမ်းလျက်ရှိကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး၏ ပြောကြားချက်အရ သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့၌ ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် နှစ်နိုင်ငံ ကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးသို့ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်ဖြစ်သည်။ အဆိုပါ နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးအတွင်း ဆွေးနွေးမှုများသည် ထိုင်း-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ရန်နှင့် မကြာမီကာလအတွင်း နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်တစ်ရပ် တည်ထောင်နိုင်ရေးတို့အတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်စေနိုင်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားခဲ့သည်။

ယခုအစည်းအဝေးအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ထိုင်းဆန်ဝယ်ယူမည့်ကိစ္စရပ်နှင့် ရေရှည် ဆန်ဝယ်ယူရေး စာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပေါင်းဆန်အမျိုးအစား ထိုင်းဆန် တန်ချိန်နှစ်သိန်းဝယ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း၊ သို့ရာတွင် ဆန်ဈေးနှုန်းနှင့် ကုန်ပစ္စည်းရောက်ရှိမည့် ကြာချိန်ကာလများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းဆဲဖြစ်သဖြင့် စာချုပ် မချုပ်ဆိုရသေးကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရန်အတွက် ထိုင်းနိုင်ငံမှ နှစ်စဉ်ဆန်ဝယ်ယူရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် နှစ်နိုင်ငံစလုံးမှ မျှော်လင့်လျက်ရှိကြောင်း၊ ထို့အပြင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စားသောက်ကုန်ပြုပြင်ထုတ်လုပ်မှုကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ခရီးသွားလာရေး ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း ဆွေးနွေးကြရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့် တောင်အာရှနိုင်ငံများ ကုန်သွယ်မှုပြုရာတွင် လူဦးရေ သန်း ၁၆၀ ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံပြီးလျှင် တတိယမြောက် ကုန်သွယ်မှုအများဆုံးပြုလုပ်လျက်ရှိသည့် တောင်အာရှ နိုင်ငံဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ(ထိုင်းဘတ်ငွေ ၃၃ ဘီလီယံ)ရှိပြီး၊ အဆိုပါပမာဏသည် ၂၀၁၅ ခုနှစ်ထက် (၁၀ ဒသမ ၄)ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုပမာဏသည် အမေရိကန် ဒေါ်လာသန်း ၉၄၀ ခန့်ရှိပြီး ပလပ်စတစ်စေ့များ (Plastic Pellet)၊ ဓာတုပစ္စည်းများ၊ ဘိလပ်မြေ၊ အထည်အလိပ်၊ စတီးပစ္စည်း၊ ပီလောပီနံနှင့် အလှကုန်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ အထည်အလိပ်၊ ဓာတ်မြေဩဇာနှင့် ရေထွက်ကုန်ပစ္စည်းများအား တင်သွင်းလျက်ရှိကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသဖြင့် ထိုင်းနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံအား အလားအလာရှိသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံ အဖြစ်သာမက အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်နိုင်မည့် အဝင်စကြံတစ်ခုအဖြစ် ယူဆထားကြောင်း သိရှိရပါသည်။

**Source: banglwkpost**

**စန္ဒာထွန်း (TTI)**

# အိန္ဒိယရှိလူငယ်ရှစ်သန်းကျော်အား ဈေးကွက်ဆိုင်ရာသင်တန်းပေးမည့် အိန္ဒိယအစိုးရ၏ အစီအစဉ်အား ကမ္ဘာ့ဘဏ်က ထောက်ပံ့ဆောင်ရွက်ပေးမည်

အိန္ဒိယအစိုးရ၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံအတွင်းရှိ စုစုပေါင်းလုပ်သားအင်အား၏ ၂ ဒသမ ၃ ရာခိုင်နှုန်းသည်သာ တရားဝင် ကျွမ်းကျင်သင်တန်းများ ပြီးမြောက် ထားပြီး၊ အခြားသောနိုင်ငံကြီးများ ဖြစ်သည့် ဗြိတိန်တွင် ၆၈ ရာခိုင်နှုန်း၊ ဂျာမနီတွင် ၇၅ ရာခိုင်နှုန်း၊ အမေရိကန်တွင် ၅၂ ရာခိုင်နှုန်း၊ ဂျပန်တွင် ၈၀ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားနိုင်ငံ တွင် ၉၆ ရာခိုင်နှုန်းတို့ရှိရာ အဆိုပါ နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အလွန်နည်းနေသည့် စိန်ခေါ်မှုရှိနေသေးကြောင်း၊ ထို့ပြင် အစိုးရ၏ကျွမ်းကျင်မှုစွမ်းရည် ခန့်မှန်းလေ့လာချက်အရ လုပ်သားများ၏ တစ်ဦးချင်းထုတ်လုပ်မှုပမာဏ မြင့်တက်လာစေရန်အတွက် လက်ရှိလယ်ယာကဏ္ဍနှင့် လယ်ယာမဟုတ်သည့် ကဏ္ဍရှိ လုပ်သားအင်အား ၂၉၈ ဒသမ ၂၅ သန်းခန့်ကိုလည်း ကျွမ်းကျင်မှု သင်တန်း/ မွမ်းမံသင်တန်းများ/ အဆင့်မြင့်သင်တန်းများပေးရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းနှင့် စည်ပင်ဝပြောရေး ပံ့ပိုးဆောင်ရွက်ရာ၌ လုပ်သားဈေးကွက်သို့ နှစ်စဉ်ဝင်ရောက်လာမည့် လူငယ်လုပ်သားထုအား လက်တွေ့လုပ်ငန်းခွင်များ၌ အံဝင်ခွင်ကျဖြစ်ပြီး၊ စွမ်းဆောင်ရည်ပြည့်ဝသူများ ဖြစ်လာစေရန်ရည်ရွယ်အကောင်အထည်ဖော်နေသည့် အိန္ဒိယအစိုးရ၏ ကြိုးပမ်းချက်ဖြစ်သည့် Skill India အစီအစဉ်အား ကမ္ဘာ့ဘဏ်က အကူအညီများပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့အထောက်အကူပေးမည့် စီမံကိန်းအား ကမ္ဘာ့ဘဏ်က ဇွန် ၂၃ ရက်တွင် အတည်ပြုခဲ့ပြီး၊ Skill India Mission Operation (SIMO) ဟု အမည်ပေးထားကာ စီမံကိန်းအတွက် အမေရိကန် ဒေါ်လာ သန်း ၂၅၀ ခန့်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံအတွင်းရှိ အသက် ၁၅ နှစ်မှ ၅၉ နှစ်အကြား၊ အလုပ်အကိုင်မဲ့(သို့မဟုတ်) ကျွမ်းကျင်မှုနည်းပါးသည့် အရွယ်ရောက်ပြီး အလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်းများကို စီစဉ်ပေးမည်ဖြစ်ကြောင်း၊ စာမတတ်မြောက်သူများ၊ အခြေခံပညာမူလတန်းပြီးမြောက်သူများလည်း တက်ရောက် နိုင်ပြီး၊ လုပ်သားဈေးကွက်သို့ နှစ်စဉ် ဝင်ရောက်လာနေသောပညာအရည်အချင်းမျိုးစုံဖြစ်သည့် အသက် ၁၂ နှစ်မှ ၂၉ နှစ်အတွင်းရှိလူငယ် ၁၂ သန်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရ၏ India skills gap analysis အရ ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏စီးပွားရေးကဏ္ဍ ၂၄ ခုတွင် ကျွမ်းကျင်လုပ်သားပေါင်း ၁၀၉ သန်းခန့် ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဖော်ဆောင်မည့်စီမံကိန်းတွင် လုပ်သားစွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်၌ စက်ရုံအလုပ်ရုံများ၊ အလုပ်ရှင်များ၏ စိတ်ဝင်စားမှုတိုးပွားလာပြီး၊ စက်မှုထုတ်ကုန်များ အဆင့် မြှင့်တင်လာနိုင်စေရန် အတွက် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များလည်း ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ ပြည်နယ်များ၌ ဈေးကွက် ဆိုင်ရာသင်တန်း အစီအစဉ်များဖော်ဆောင်လာစေရေး တိုက်တွန်းအားပေးရန်နှင့် လုပ်သားဈေးကွက် စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် ပြည်နယ်များသို့လည်း ဘဏ္ဍာငွေများ ထောက်ပံ့ပေးခြင်းအားဖြင့် ဆွဲဆောင်မှုများပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဘဏ်က ဖော်ဆောင်မည့် SIMO စီမံကိန်းသည် အိန္ဒိယအစိုးရ၏ National Policy for Skill Development and Entrepreneurship (2017-20123) နှင့် ခြောက်နှစ်ကြာ ဆောင်ရွက်မည့် အစီအစဉ်တစ်ခုဖြစ်ပြီး၊ လုပ်သားဈေးကွက်ကို အဓိကဦး တည်ကာ National Skill Development Mission (NSDM) အရ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုပါ စီမံကိန်းတွင် လုပ်သားများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့အကောင် အထည်ဖော်နေသည့် National Skills Development Agency နှင့် National Skills Development Corporation ကဲ့ သို့သော နိုင်ငံအဆင့် အဖွဲ့အစည်းများ၏ အရည်အသွေးတိုးတက်လာစေရေး အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်း ပြီးမြောက်ပါက အိန္ဒိယနိုင်ငံရှိ လူငယ်ပေါင်း အနည်းဆုံး ၈ ဒသမ ၈ သန်းခန့်မှာ ဈေးကွက်ဆိုင်ရာသင်တန်းများ ပြီးမြောက်ပြီးဖြစ်သည့်အတွက် ၎င်းတို့၏အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေအလားအလာများမှာ တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ထိုမျှသာမက ယခု စီမံကိန်းကြောင့် သင်တန်းဆရာ ၁၅၀၀၀ ခန့်နှင့် အကဲဖြတ် ၃၀၀၀ နီးပါး ခန့်တို့ကိုလည်း အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သင်ကြားမှုနှင့် သင်ယူမှု အပိုင်းအား Public- private partnerships ပုံစံဖြင့် ဖော်ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဗီယက်နမ်နိုင်ငံမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပို့ကုန်ဈေးကွက်များ တိုးချဲ့လျက်ရှိ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဇူလိုင်လ တစ်လအတွင်းမှာပင် လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁ ဘီလီယံဖိုး ပို့ကုန်ဝင်ငွေရရှိခဲ့ပြီး၊ ယခုနှစ်အတွင်း လက်ရှိကာလအထိ စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၄၅ ဘီလီယံဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း အဓိက စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံနီးပါး ရရှိခဲ့သဖြင့် ယခင်နှစ်ထက် ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ကော်ဖီနှင့် သီဟိုဠ်စေ့အား ပုံမှန်တင်ပို့လျက်ရှိပြီး ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ တင်ပို့မှုသည် ရေထွက်ကုန်နှင့် သစ်တောထွက်ပစ္စည်း တင်ပို့မှုပမာဏပြီးလျှင် တတိယနေရာတွင်ရှိနေကြောင်း၊ ယခုနှစ် ဇူလိုင်လလယ်အထိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်ဖြစ်ကြောင်း၊ နဂါးမောက်သီး (Blue Dragon) တင်ပို့မှုပမာဏသည် သစ်သီးဝလံ တင်ပို့မှု စုစုပေါင်း ပမာဏ၏ ထက်ဝက်ရှိပြီး သစ်သီးဝလံအုပ်စုတွင် တင်ပို့မှု အများဆုံး အမယ်ဖြစ်ကြောင်း သိရှိရပါသည်။



လိုင်ချီးသီးတင်ပို့မှုသည် သိသိသာသာ မြင့်တက်ခဲ့ကြောင်း၊ လိုင်ချီးသီးအဓိကထွက်ရှိသည့် Bac Giang ပြည်နယ်သည် အမေရိကန်၊ အီးယူ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတေးလျနိုင်ငံကဲ့သို့ ဝယ်လိုအား ရှိနေသည့်ဈေးကွက်များအား ထိုးဖောက်ရန်အတွက် ကုန်ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားကြောင်း သိရှိရပါသည်။

Bac Giang ပြည်နယ်၏ ပြည်သူ့ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Truong Van Thai က လယ်သမားများအနေဖြင့် ကုန်ပစ္စည်းအမယ်တစ်မျိုးအား များများစိုက်ပျိုးထွက်ရှိလေ အဆိုပါ ကုန်ပစ္စည်းဈေးနှုန်းကျဆင်းလေဖြစ်သည့် ပုံမှန် ပြဿနာတစ်ရပ်အား ဖြေရှင်းရန်အတွက် လိုင်ချီးသီး စိုက်ပျိုးသည့် ဧရိယာပမာဏအား ဟက်တာ ၂၉၀၀၀ နှင့် ဟက်တာ ၃၀၀၀၀ အကြား သတ်မှတ်ထားကြောင်း၊ နည်းပညာအသုံးပြုမှု၊ ထုတ်လုပ်မှုနည်းစနစ် ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် ထုတ်ကုန်အရည်အသွေးတို့ကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ထားပြီး စားသုံးသူဈေးကွက်များအား လေ့လာထားကြောင်း၊ Bac Giang ပြည်နယ်သည် ကုန်သွယ်မှုမြှင့်တင်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပြီး ဈေးကွက်အသစ်များ ရှာဖွေခြင်းနှင့် ထုတ်ကုန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် အတွက် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုတို့ကို ချိတ်ဆက်ဆောင်ရွက်ထားကြောင်း ပြောကြားခဲ့ပါသည်။

ယခုနှစ် လက်ရှိကာလအထိ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ လိုင်ချီးသီးတန် ၁၅၀၀၀ ခန့်နှင့် ဩစတေးလျ နိုင်ငံသို့ လိုင်ချီးသီး ၁၃ တန် တင်ပို့ထားကြောင်း၊ ယခုနှစ် ဇူလိုင်လ အစောပိုင်းမှ စတင်၍ ကမ္ဘာတွင် သစ်သီးဝလံ တင်ပို့မှုအများဆုံး ငါးနိုင်ငံတွင် ပါဝင်သည့် ထိုင်းနိုင်ငံရှိ ကုန်တိုက်များတွင် ဗီယက်နမ်လိုင်ချီးသီးများကို ရရှိနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ကုန်သွင်းကုန်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Tran Thanh Hai က ကုမ္ပဏီများအနေဖြင့် ထုတ်ကုန်အရည်အသွေးမြှင့်တင်ရေး၊ မိမိတို့ထုတ်ကုန်ပစ္စည်းများ ဈေးကွက်တွင် နာမည်ရရှိရေးနှင့် ရောင်းအားမြှင့်တင်နိုင်ရေးအတွက် အမှတ်တံဆိပ် တည်ဆောက်မှုနှင့် ဈေးကွက်ပိုမို ရှာဖွေမှုတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများအား လမ်းညွှန်မှုပေးခြင်း၊ စီမံပေးခြင်းနှင့် ကူညီအားပေးမှုတို့ကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံမှ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို အများဆုံးတင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုစုစုပေါင်းပမာဏ၏ ၇၅ ရာခိုင်နှုန်းအား တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယားနှင့် နယ်သာလန်နိုင်ငံများသို့လည်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့လျက်ရှိကြောင်း၊ ယခုတင်ပို့မှုနှုန်းအတိုင်း သွားပါက ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုပမာဏသည် အမေရိကန် ဒေါ်လာ ၃ ဘီလီယံထက် ကျော်လွန်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Vietnancustomnews**

**စန္ဒာထွန်း (TTI)**

# CLMV နိုင်ငံများတွင် နည်းပညာနိမ့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ကြရန် အကြံပေး

**သောင်းနိုင်(တာချီလိတ်)**

အိမ်နီးချင်း လေးနိုင်ငံဖြစ်သည့် CLMV နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နှင့် ဗီယက်နမ်နိုင်ငံတို့တွင် နည်းပညာနိမ့် ထုတ် လုပ်မှုလုပ်ငန်းများ လိုအပ်မှု များပြားနေသေးသည် ကို သတိပြုသိရှိထားကြရန်နှင့် ဈေးကွက်ရှာဖွေ ဖော်ထုတ်ကြရန် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ အား တိုက်တွန်းခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နည်းပညာမြင့် စက်မှု လုပ်ငန်းများနှင့် အသစ်တီထွင်မှု လုပ်ငန်းများ အပေါ် ရင်းနှီးမြှုပ်နှံရန် ပြောင်းလဲပြင်ဆင်ဆောင် ရွက်လျက်ရှိသော်လည်း ကျန်အိမ်နီးချင်းနိုင်ငံ လေးနိုင်ငံတွင် အခြေခံအဆောက်အဦ တည် ဆောက်ရေးနှင့် နေ့စဉ်အရေးကြီး စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသေးကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေး ဘဏ်နှင့် စိုက်ပျိုးရေးသမဝါယမဘဏ်တို့အောက် ရှိ မူဝါဒနှင့် မဟာဗျူဟာချမှတ်ရေးဌာန အကြီး တန်း ဒုတိယဥက္ကဋ္ဌ မစ္စတာနာရွန်ဆဝမ်ပိုပန်က ပြောကြားခဲ့ခြင်းဖြစ်သည်။ CLMV နိုင်ငံ များသည် အဆင့်မြင့်ကုန်စည်များအပေါ် ဝယ်လိုအားမရှိ သေးသည့် ဈေးကွက်တစ်ခုအနေဖြင့် ပေါ်ပေါက် လာခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် နည်းပညာ မလို အပ်သော ကုန်စည်များနှင့် အခြေခံအဆောက် အဦ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်သာ လိုအပ် လျက်ရှိနေကြောင်း ထပ်ဆင့်ပြောကြားခဲ့ပါသည်။

မစ္စတာနာရွန်၏ ပြောကြားချက်အရ CLMV နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံရန် ပိုမို လွယ်ကူ မှုရှိသည်ကို ယခင်နှစ်များစွာကပင် တွေ့ရှိခဲ့ရ ကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ CLMV နိုင်ငံ များမှ အစိုးရများအနေဖြင့် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အားဖြည့်နိုင်ရန် ဆောင်ရွက်နေကြ၍ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် CLMV နိုင်ငံများ၏ အထူးစီးပွားရေးဇုန် SEZs များတွင် ရင်းနှီးမြှုပ်နှံကြ ရန် တိုက်တွန်းလိုကြောင်း၊ အခွင့်အရေးများ တိုးမြှင့်ပေးနေပြီး အုပ်ချုပ်မှုအဆင့်အတန်း မြင့် မားရန်အတွက်လည်း အစိုးရအသီးသီးက နီးကပ် စွာ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း ပြော ကြားခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲ ဆောင်မှုများနှင့် အဆင်ပြေမှုများပိုမိုရရှိရန် ဆောင် ရွက်ပေးလျက်ရှိပြီး ဘဏ်များမှ ချေးငွေထုတ်ပေး ရာတွင်လည်း SEZs များတွင် ရင်းနှီးမြှုပ်နှံသူများ အပေါ် ယုံကြည်မှုပိုမိုရှိနေကြောင်း ရှင်းလင်းပြော ကြားခဲ့ပါသည်။ ၎င်းအပြင် CLMV နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံသူတို့ အနေဖြင့်လည်း နိုင်ငံခြားရင်း နှီးမြှုပ်နှံသူ လက်တွဲဖော်များအား ရှာဖွေနေကြ ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

လေ့လာချက်အရ CLMV နိုင်ငံများတွင် အလယ်အလတ်ဝင်ငွေ ရှိသူလူဦးရေ စုစုပေါင်း သန်း ၁၇၀ ခန့်ရှိကြောင်း၊ ထိုင်းနိုင်ငံ လူဦးရေ၏ နှစ်ဆခန့်ရှိပြီး ဆက်လက် တိုးပွားလျက်ရှိကြောင်း၊ ၎င်းအခြေအနေသည် CLMV နိုင်ငံများတွင် ဝယ်ယူမှုစွမ်းရည် မြင့်မားနေသည်ကို ဖော်ပြလျက် ရှိပြီး ဇိမ်ခံပစ္စည်း၊ ခရီးသွားလာမှုလုပ်ငန်း၊ အိမ်ရာ အဆောက်အဦနှင့် အရည်အသွေးကောင်း ကုန် ပစ္စည်းများအပေါ် ဝယ်လိုအား များပြားနေသည်ကို တွေ့နိုင်ကြောင်း ကာစီကွန်းသုတေသနဌာနက သိရှိရပါသည်။

ကာစီကွန်း သုတေသနဌာနမှ CLMV နိုင်ငံ များ၏ GDP သည် လာမည့် ၁၀ နှစ်အတွင်း တောက်လျှောက် တိုးတက်နေမည်ဟု ခန့်မှန်း ကြောင်း၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဒေသ (AFTA) အောက်ရှိ CEPT အစီအစဉ်အရ GDP ကို မြင့်တက်စေမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အာဆီယံဒေသတွင်း သွင်းကုန်ခွန်များ အားလုံး ကင်းလွတ်ခွင့်ရရှိပြီး အာဆီယံထွက်ကုန် အဖြစ် ဆောင်ရွက်နိုင်မည့်အစီအစဉ် သတ်မှတ် ထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

CEPT သည် အာဆီယံကုန်စည် ကုန်သွယ်မှု သဘောတူညီချက် (ATIGA) ကို ပေါ်ထွက်စေခဲ့ ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တစ်ခုတည်း သောဈေးကွက်နှင့် ကုန်စည်များ လွတ်လပ်စွာ အခွန်လွတ်သယ်ဆောင်ခွင့် စသည့် အခြေခံယူဆ ချက်များအပေါ် လက်ခံခဲ့ကြကြောင်း ဖော်ပြထား ရှိပါသည်။

ကုန်စည်များ လွတ်လပ်စွာ စီးဆင်းခွင့်သည် အကောက်ခွန် ရှင်းလင်းရေးကိစ္စနှင့် ဆက်စပ် လျက်ရှိသည့် အစီအစဉ်များကို ပိုမိုချောမွေ့စေ မည်ဖြစ်ပြီး အာဆီယံတူညီသည့် အခွန်နှုန်း သတ် မှတ်မှုပုံစံ၊ တစ်မျိုးတည်းသော စာရွက်စာတမ်း အထောက်အထား ပုံစံတို့ကို အသုံးပြုနိုင်မည့် အပြင် အာဆီယံအကောက်ခွန်ဖြတ်သန်းမှုစနစ်၊ အီလက်ထရောနစ် ပင်ရင်းနိုင်ငံ သက်သေခံလက် မှတ်နှင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ်တို့ကို အောင်မြင်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

ယမန်နှစ်က ထိုင်းနိုင်ငံနှင့် CLMV နိုင်ငံ များ၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၉ ဘီလီယံ (ဘတ် ၁ ဒသမ ၀၃ ထရီလီယံ) ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံနှင့် အပြန်အလှန်ကုန် သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉ ဘီလီယံပါဝင်၍ အများဆုံးဖြစ်ကြောင်း၊ ၎င်း နောက်တွင် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ အသီးသီးရပ်တည်ခဲ့ကြောင်းသိရှိ ရပါသည်။ ထိုင်းနိုင်ငံဗဟိုဘဏ်၏ အစီရင်ခံစာ အရ ထိုင်းနိုင်ငံ၏ CLMV နိုင်ငံများ၌ ရင်းနှီးမြှုပ် နှံမှုတန်ဖိုးမှာ ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံရှိခဲ့ကြောင်း၊ ၎င်းတို့အနက် မြန်မာ၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၈ ဘီလီယံ၊ ဗီယက်နမ်၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉ ဘီလီယံ၊ လာအို၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၅ ဘီလီယံနှင့် ကမ္ဘောဒီးယားနိုင်ငံ၌ အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၄ ဘီလီယံ အသီးသီး ရင်းနှီး မြှုပ်နှံခဲ့ကြောင်း သိရှိရပါသည်။

CLMV နိုင်ငံများတွင် မတူညီသော စီးပွား ရေး ကွာဟချက်များနှင့် အခွင့်အလမ်းများ ရှိနေ ကြောင်း ကာစီကွန်း သုတေသနဌာနက ထုတ်ပြန် ထားပါသည်။ ကမ္ဘောဒီးယား နိုင်ငံသည် အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုလိုအပ် လျက်ရှိပြီး လူသုံးကုန်ပစ္စည်းနှင့် ဖက်ရှင်ကုန်စည် များ လိုအပ်နေချိန်တွင် လာအိုနိုင်ငံသည် နေ့စဉ် သုံး အရေးကြီးကုန်စည်များ၊ အချိန်မရွေး ဝယ် ယူနိုင်သော ကုန်စုံဆိုင်များ၊ နာမည်ကျော် အမှတ် တံဆိပ် အရောင်းဆိုင်များ၊ ဖက်ရှင်နှင့် အလှကုန် ပစ္စည်းများ လိုအပ်လျက်ရှိကြောင်း နှိုင်းယှဉ်ဖော်ပြ ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက် အဦ တိုးတက်ရေးအတွက် တည်ဆောက်ရေး ပစ္စည်းများအပေါ် ဝယ်လိုအား မြင့်တက်လျက် ရှိသည့်အပြင် ဆက်သွယ်ရေးကဏ္ဍနှင့်ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆောက် အဦများ များစွာလိုအပ်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၌မူ ခေတ်သစ်လူနေမှုဘဝ အတွက် အိမ်အလှဆင်ပစ္စည်းများ၊ အဆင့်မြင့် အလှကုန်ပစ္စည်းများနှင့် IT ကုန်စည်များ လိုအပ် နေကြောင်း ထပ်မံပြောကြားခဲ့ပါသည်။

အဆိုပါ ဈေးကွက်များအား လက်ဝါးကြီး အုပ် ထိန်းချုပ်နိုင်ရန်အတွက် ထိုင်းနိုင်ငံစွန့်ဦး တီထွင် လုပ်ငန်းရှင်များသို့ စီးပွားရေး မဟာဗျူဟာ များအား ဈေးကွက်တစ်ခုချင်းအလိုက် သီးသန့် ရေးဆွဲဆောင်ရွက်ကြရန် အကြံပြုလိုကြောင်း၊ ဥပမာအားဖြင့်-ကမ္ဘောဒီးယားနိုင်ငံရှိ စားသုံးသူ များအနေဖြင့် ထိုင်းကုန်စည်များအပေါ် နှစ် သက်မှုရှိသော်လည်း အရည်အသွေးကောင်းနှင့် ဈေးနှုန်းမျှတသည့် ကုန်ပစ္စည်းကိုသာ ပိုမိုလိုလား ကြောင်း၊ လာအိုနိုင်ငံရှိ စားသုံးသူများအနေဖြင့် ထုပ်ပိုးမှုကျစ်လစ်ပြီး အပြင်အဆင်လှပသည့် ကုန်ပစ္စည်းများကို ပိုမိုနှစ်သက်ကြောင်း မစ္စတာ နာရွန်က အကြံပြုပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -ဘန်ကောက်ပို့စ်**

# ဒေသတွင်းကုန်သွယ်ရေးသဘောတူညီချက်တွင် ပူးပေါင်းဆောင်ရွက်ရန် ထိုင်းဝန်ကြီးချုပ်က အိန္ဒိယနိုင်ငံအား တိုက်တွန်း

**သောင်းနိုင်(တာချီလိတ်)**

ထိုင်းနိုင်ငံ အနေဖြင့် အိန္ဒိယနိုင်ငံအား RCEP (Regional Comprehensive Economic Partnership) သဘောတူညီမှုတွင် ပူးပေါင်းကူညီဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်မှု ကြီးထွား ပြီး အားသာချက်များရရှိရေး ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ပါ သည်။ ဝန်ကြီးချုပ် မစ္စတာပရာယွဒ်ချန်အိုချာက (၂၅) နှစ်မြောက် အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေးအား ဩဂုတ်လ ၃ ရက်က ကျင်းပခဲ့ရာတွင် RCEP ညှိနှိုင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

RCEP ဆွေးနွေးပွဲအား နိုဝင်ဘာလအတွင်း မနီလာမြို့၌ ကျင်းပပြုလုပ်မည့် Asean Summit တွင် အသေးစိတ် ဆွေးနွေးနိုင်ရေး အတွက် ဝန်ကြီးချုပ်က အကြံပြုခဲ့ပါသည်။ RCEP သဘောတူညီ ချက်သည် ဒေသတွင်းနိုင်ငံအားလုံးကို စီးပွားရေး ဖွံ့ဖြိုးတိုးတက် စေမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံဒေသနှင့် ချိတ် ဆက်ဆောင်ရွက်ပြီး လွတ်လပ်သောကုန်သွယ်မှုဒေသတွင် ပါဝင် စေလိုကြောင်း ပြောကြားခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများ အနေဖြင့် အိန္ဒိယနိုင်ငံသို့ အဝေးပြေးလမ်းမကြီးများနှင့် သယ်ယူ ပို့ဆောင်မှုလမ်းကြောင်း အမျိုးမျိုးတို့မှတစ်ဆင့် နှစ်ဖက်အပြန် အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်ကြောင်း ဆက်လက်ပြောကြားပါ သည်။

RCEP သည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ နှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန် ခြောက် နိုင်ငံတို့ပေါင်းစပ်ပြီး လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီ ချက်ကို ဆောင်ရွက်ရန် အဆိုပြုထားကြောင်း ဖော်ပြထားပါသည်။

ဝန်ကြီးချုပ်မစ္စတာ ပရာယွဒ်ချန်အိုချာက အာဆီယံဒေသ အတွင်း၌ လူဦးရေ စုစုပေါင်း သန်း ၆၃၀ ရှိပြီး ဒေသတွင်း ကုန် သွယ်မှုကိုလည်း နှစ်ဆမြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည့် အခွင့်အလမ်း ကောင်းများရှိကြောင်း၊ ၂၀၀၇ ခုနှစ်က ကုန်သွယ်မှု တန်ဖိုး အမေ ရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံသို့ တိုးတက်လာပြီး ကမ္ဘာ့အကြီးဆုံး အဆင့်ခြောက်ရှိ စီးပွားရေးဇုန်တစ်ခုဖြစ်လာကြောင်း ပြောကြားခဲ့ ပါသည်။ အိန္ဒိယနိုင်ငံတွင်လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသည့်အတွက် ဝယ်လိုအား ကြီးမားသော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယနှင့် အာဆီယံကုန် သွယ်မှုမှာ ဒေါ်လာ ၆၅၉ ဘီလီယံအထိရောက်ရှိ ခဲ့ပြီး နှစ်စဉ် နှစ်ဆ တိုးတက်နေကြောင်း ဝန်ကြီးချုပ်က ပြောကြားပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စအာပီရာဒီ တန်ထရာပွန်က အာဆီယံနိုင်ငံ စီးပွားရေးဝန်ကြီးများအနေဖြင့် အိန္ဒိယနိုင်ငံနှင့် အလွတ်သဘော ဆွေးနွေးမှု ပြုလုပ်ရန် အသင့်ဖြစ် နေပြီဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်း၌ ပြုလုပ်မည့် တရားဝင် ဆွေးနွေး ပွဲမတိုင်မီ အားနည်းချက်များအား ကြိုတင် ညှိနှိုင်းဖြေရှင်းလိုကြောင်း၊ ယခု အလွတ်သဘောတွေ့ဆုံမှုသည် အာဆီယံ-အိန္ဒိယ ပူးပေါင်း ဆောင်ရွက်မည့်အစီအစဉ် ချမှတ်ရာတွင် တွေ့ကြုံရမည့်အခက်အခဲ များအား ကြိုတင်လေ့လာညှိနှိုင်းပြီး ဖြေရှင်းထားရန် ရည်ရွယ် ကြောင်း၊ Asean Summit တွင် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များ တက်ရောက်ပြီး အပြီးသတ်ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြော ကြားခဲ့ပါသည်။

RCEP ၏ ကနဦးဆောင်ရွက်မည့် အစီအစဉ်ကို ထုတ်ပြန်ခဲ့ သည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော်လည်း အဖွဲ့ဝင်များအနေဖြင့် ကုန်စည် စာရင်း ၉၂ ရာခိုင်နှုန်းအား အခွန်နှုန်း နည်းပါးသည့် စာရင်း တွင်ထည့်သွင်းရန် သဘောတူညီချက်ရရှိအောင် မဆောင်ရွက်နိုင်သေး ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန် သွယ်မှု ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ Mr.Boonyarit Kalayanamit က ပြောကြားခဲ့ပါသည်။

ယခုအဆင့်တွင် ကုန်စည်စာရင်း ၉၀ ရာခိုင်နှုန်းအား အခွန် နည်းပါးသည့် စာရင်းတွင် ထည့်သွင်းနိုင်ရေးအတွက် ကြိုးပမ်းသွား မည်ဖြစ်ကြောင်း၊ အခြားကဏ္ဍတွင် ဖြေလျှော့မှုများ မဆောင်ရွက်မီ အခွန်နှုန်းထားကို ဦးစွာလျှော့ချပြီး RCEP ရှေ့ဆက်ဆောင်ရွက်နိုင် ရေးအတွက် လုံလောက်မည်ဟု မျှော်လင့်ကြောင်း ရှင်းလင်းပြောကြား ခဲ့ပါသည်။

**သတင်းရင်းမြစ် -(၄-၈-၂၀၁၇) ရက်နေ့ ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "PM urges India to join regional trade pact" သတင်း**

# မိုးကောင်းစွာရရှိခဲ့မှုကြောင့် ယခုနှစ်သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်မည်ဟု Agromet ဆို

ယခုနှစ်မိုးရာသီအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မိုးကောင်းစွာ ရွာသွန်းခဲ့မှုကြောင့် ယခုနှစ်တွင် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်မည်ဟု အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မိုးလေ ဝသဗေဒဌာန (Agromet) မှ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေသည် သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန် ပံ့ပိုးပေးလျက်ရှိသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေသော်လည်း အခြားသော ဒေသများတွင် မိုးရွာသွန်းမှုများသည် ဆန်စပါး၊ ဝါ၊ ပဲပုပ်၊ ပြောင်း၊ ကြံနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိကြောင်း Agromet မှ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၏ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ကြေညာချက်များအရ လာမည့်ငါးရက်အတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းတွင် မိုးဆက်လက်ရွာသွန်းမည်ဖြစ်ပြီး အဆိုပါ မိုးရွာသွန်းမှုသည် လယ်ယာစိုက်ပျိုးရေးအတွက် အကောင်းမွန်ဆုံးသော အခြေအနေပင်ဖြစ်ကြောင်း၊ Daily & Analysts သတင်းတွင် ဖော်ပြထားသည်။

“ဟာရာနာ၊ ပန်ဂျပ်နဲ့ ရာဂျတ်စသန်ရဲ့ အချို့သောဒေသတွေကလွဲရင် အိန္ဒိယတစ်နိုင်ငံလုံးနီးပါးမှာ မိုးရွာသွန်းမယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီ မိုးရွာသွန်းမှုဟာ နိုင်ငံရဲ့စိုက်ပျိုးရေးအတွက် ကောင်းမွန်တဲ့ အထောက်အပံ့ဖြစ်လာနိုင်မှာပါ”ဟု Agromet မှ ကျွမ်းကျင်သူတစ်ဦးက Daily & Analysts သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

မုတ်သုံရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း မဟာရာသျှတ္တရာ၊ ဂူဂျာရတ်နှင့် မဒ္ဒရာပရာဒေ့ရှ်ကဲ့သို့သော ပြည်နယ်များတွင် လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်အတွင်းက ခြောက်သွေ့မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် အဆိုပါဒေသများရှိ လယ်သမားများမှာ သီးနှံများစိုက်ပျိုးရန်အတွက် မိုးရေချိန် အလုံအလောက်မရရှိမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။

သို့သော် ယခုအခါတွင် မိုးရွာသွန်းမှုအခြေအနေသည် အိန္ဒိယနိုင်ငံတစ်ဝန်းရှိလယ်ယာကဏ္ဍတစ်ခုလုံးနှင့် လယ်သမားများအတွက် အချိန်ကိုက်ရောက်ရှိလာခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ကီရာလာနှင့် ခွန်ခန်းကဲ့သို့သော ကမ်းခြေဒေသများတွင်မူ ဆန်စပါးစိုက်ပျိုးရန်အတွက်မိုးရေချိန်လုံလောက်စွာ ရရှိနေပြီဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ဗီဒါဘာ၊ ပန်ဂျပ်နှင့် ဟာရာနာဒေသတို့တွင် ရရှိခဲ့သည့်မိုးရေချိန်သည် ဝါစိုက်ပျိုးရန်အတွက် အကောင်းဆုံးဖြစ်သည်ဟု ဆိုသည်။

အလားတူ မဒ္ဒရာပရာဒေ့ရှ်နှင့် မဟာရသျှတ္တရာ၏အချို့သောဒေသများတွင် ပဲပုပ်စိုက်ပျိုးရန်အတွက် မိုးရေလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း၊ ရေ အမြောက်အများရရှိမှ စိုက်ပျိုး၍ရနိုင်သည့် ကြံစိုက်ပျိုးရာဒေသများဖြစ်သည့် မဟာရာသျှတ္တရာ၊ ဥတ္တရာပရာဒေ့ရှ်နှင့် ဟာရာနာဒေသတို့တွင် မိုးရွာသွန်းမှုမှာ ကျေနပ်လောက်ဖွယ်ရာပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်လုပ်မှု မြင့်တက်လာမှုကြောင့် ရေနံဈေးနှုန်းများ ကျဆင်း

အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်လုပ်မှု မြင့်တက်လာမှုကြောင့် ရေနံစိမ်း ဈေးနှုန်းများသည် ဩဂုတ်လ ၁၀ ရက်က ကျဆင်းလာခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက ရေးသား ဖော်ပြခဲ့သည်။

ရေနံထုတ်လုပ် တင်ပို့ရောင်းချသူများအဖွဲ့(အိုပက်)၏ ဇူလိုင်လအတွက် ရေနံထုတ်လုပ်မှု အခြေအနေကို ဖော်ပြရာတွင် ထုတ်လုပ်မှုမြင့်တက်လာသည့်အတွက် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာရခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ယခင်က ထုတ်လုပ်သည်ထက် တစ်နေ့လျှင် ရေနံစိမ်းစည် ၁၇၃၀၀၀ မြင့်တက်ပြီး ရေနံစိမ်းစည်ပေါင်း ၃၂ ဒသမ ၈၇ သန်းအထိထုတ်လုပ်လာခဲ့ကြောင်း အိုပက်အဖွဲ့၏ လစဉ်ထုတ်ပြန်လျက် ရှိသည့် အစီရင်ခံစာများတွင် ဖော်ပြခဲ့သည်။

ယခုကဲ့သို့ ရေနံစိမ်းထုတ်လုပ်မှု ရုတ်တရက် မြင့်တက်လာရခြင်းမှာ အမြတ်ထုတ်လိုသည့် စီးပွားရေးသမားများ၏ ရေနံစိမ်းထုတ်လုပ်မှုကို လျှော့ချရန် သဘောတူညီချက်အား ချိုးဖောက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

ဘရင့်ရေနံစိမ်းဈေးကွက်တွင် အောက်တိုဘာလအတွက် စာချုပ်ချုပ်ဆိုသည့်ဈေးနှုန်းသည် သုည ဒသမ ၈၀ အမေရိကန်ဒေါ်လာ ကျဆင်းပြီး ရေနံစိမ်းတစ်စည်လျှင် ၅၁ ဒသမ ၉၀ အမေရိကန်ဒေါ်လာရှိနေစဉ် အနောက်တက္ကဆက်ပြည်နယ်၏ စက်တင်ဘာလအတွက် ချုပ်ဆိုထားသည့် ရေနံစိမ်းဈေးနှုန်းသည် သုည ဒသမ ၉၇ အမေရိကန်ဒေါ်လာ ကျဆင်းခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် ၄၈ ဒသမ ၅၉ အမေရိကန်ဒေါ်လာရှိခဲ့ကြောင်း လန်ဒန်ရေနံစိမ်းကြိုရောင်းကြိုဝယ်ကုန်စည်ဒိုင်၏ ဖော်ပြချက်ကို ကိုးကား၍ အဆိုပါသတင်းတွင် ဖော်ပြထားသည်။

# ဂျာမနီနိုင်ငံ၏အကြီးဆုံးဆီမီးကွန်ဒတ်တာ လုပ်ငန်းက မလက်ကာရှိလျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းအတွက် ရင်းဂစ်သန်း ၂၄၀ ရင်းနှီးမြှုပ်နှံ

ဂျာမနီနိုင်ငံ၏ အကြီးဆုံးတစ်ပိုင်းလျှပ် ကူးပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Infineon နည်းပညာကုမ္ပဏီက မလက်ကာရှိ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းအတွက် ရင်းဂစ်သန်း ၂၄၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဂျာမနီနိုင်ငံမှ Infineon နည်းပညာကုမ္ပဏီသည် မလေးရှားနိုင်ငံတွင် ရုံးခွဲတစ်ခုလာရောက်ဖွင့်လှစ်ပြီး မလက်ကာရှိ လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကြောင့် မလေးရှားနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၈၄ ခုကို ထပ်မံဖန်တီးပေးနိုင်ခဲ့ပြီး အလုပ်အကိုင်သစ်ပေါင်း ၆၀၀ ခန့်ကိုလည်း ရရှိလာမည်ဖြစ်သည်ဟု ဆိုသည်။

“ Infineon ဟာ မလေးရှားနိုင်ငံသားတွေအတွက် အလုပ်အကိုင်ပေါင်းတစ်သောင်းကျော်ကို ဖန်တီးပေးနိုင်တော့မှာဖြစ်ပါတယ်။ မလက်ကာဒေသမှာရှိတဲ့ လုပ်သားထုစုစုပေါင်းရဲ့ နှစ် ရာခိုင်နှုန်းကို အဲဒီနည်းပညာကုမ္ပဏီက ပံ့ပိုးပေးနိုင်ခဲ့ပါတယ်”ဟု မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုရေးရာဝန်ကြီး ဒါတိုဆေရီ အွန်ခချန်းက Infineon ၏ အဆောက်အဦသစ်ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ Infineon ကုမ္ပဏီသည် မလေးရှားနိုင်ငံတွင် ၎င်း၏ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ခြင်းသည် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံမှုကိုထပ်မံတိုးချဲ့မည့် လမ်းစပင်ဖြစ်ကြောင်း၊ Infienon သည် ကျယ်ပြန့်လှသည့် အာဆီယံဈေးကွက်သို့ ၎င်း၏ထုတ်ကုန်ပစ္စည်းများဖြစ်သည့် လျှပ်စစ်နှင့်သက်ဆိုင်သော ထုတ်ကုန်များ၊ အီလက်ထရောနစ်ဆိုင်ရာ ထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်တင် ပို့နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။




# ယခုနှစ်အတွင်း ဗီယက်နမ်စီးပွားရေး ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မည်

ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီသည် ယခုနှစ်အတွင်း ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာဖွယ်ရှိကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ဆင်ဟွာ သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဗီယက်နမ်လူမျိုးများ၏စီးပွားရေး အခြေအနေသည် ယခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းကဏ္ဍတွင် ၇ ဒသမ ၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်လာမည်ဖြစ်ကြောင်း လူမှုစီးပွားရေးသတင်းပြန်ကြားရေးနှင့်ခန့်မှန်းရေးအမျိုးသားဌာနခွဲ၏ ခန့်မှန်းချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ငွေဖောင်းပွမှုတန်ဖိုးမှာ လေးရာခိုင်နှုန်းရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ကထက် ၂ ဒသမ ၆၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါဌာနခွဲက ထပ်မံဖော်ပြခဲ့သည်။

ကမ္ဘာ့ပထဝီ နိုင်ငံရေးအခြေအနေ မငြိမ်သက်မှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲနေမှုများကြောင့် ဗီယက်နမ်နိုင်ငံ၏ အလားအလာရှိသည့် အချို့သောကဏ္ဍများမှာ ခန့်မှန်းထားသည်ထက် နိမ့်ကျခဲ့ကြောင်း၊ ထို့ပြင် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀အောက် သို့ ကျဆင်းသွားခဲ့ခြင်းနှင့် အမေရိကန်နိုင်ငံ၏ကုန်သွယ်ရေးဆိုင်ရာ ကာကွယ်မှုများနှင့် မူဝါဒဆိုင်ရာ အတားအဆီးများကြောင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ပိုင်းတွင် ကျဆင်းခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

“ရေနံစိမ်းဈေးနှုန်းတွေ အခုထက်ပိုပြီး ကျဆင်းလာမယ်ဆိုရင်တော့ ဗီယက်နမ်နိုင်ငံအနေနဲ့ ရေနံစိမ်းထုတ်လုပ်မှုမြင့်တက်နေတာကို စဉ်းစားရပါလိမ့်မယ်”ဟု အဆိုပါဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေနံစိမ်းတန်ချိန်တစ်သန်းထုတ်လုပ်မှုသည် နိုင်ငံ၏စီးပွားရေးကို သုည ဒသမ ၂၅ ရာခိုင်နှုန်းမြင့်တက်လာအောင် ထောက်ပံ့ပေးနိုင်ကြောင်း ဗီယက်နမ်နိုင်ငံအမျိုးသားဘဏ္ဍာရေးအကြံပေးကော်မရှင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်လူမျိုးများ၏စီးပွားရေးသည် ၂၀၁၅ခုနှစ်က ၆ ဒသမ ၆၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၂၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ယခုနှစ်ပထမနှစ်ဝက်အတွင်း ၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

**မယ်သီတာ - စုစည်းတင်ပြသည်**

# ဝိုင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်




အမှတ် (၁၁၆)၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၀၉ ၅၁၅၄၁၆၆

## PPC
*Property People Connection*

**Under Management of Established Company " PPC Group of Companies" in Singapore**



### Property Services
- Property Management
- M & E Services
- Cleaning
- Security

### Renovation Service
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

### Real Estate Services
- Leasing, Purchasing & Selling

No.22, 1st Floor (Left Room), Thida Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.Tel : 09-260258485, 09-776432964

Email : ppcmyanmar@gmail.com | Website : www.ppcmyr.net




အမှတ် (၁၇၃)၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်(အ.ထ.က - ၄)အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁) - ၅၃၂၃၇၆
: ၀၉ - ၅၁၉၇၄၂၀၊ ၀၉ - ၇၃၀၈၆၃၆၄၊ ၀၉၄၅၄၁၉၈၂၈၂

**SuperFine 百芳傢俬 FURNITURE**

**SuperFine Manufacturing Co. Ltd.**




SuperFine Manufacturing Co. Ltd.

**SHOW ROOM**

**Yangon**

(1) No.97A, West Shwegondaing Road, Bahan Township. Tel : 95-1-548808, 543342 Fax : 95-1-543342

(2) Yuzana Plaza 4th Floor, Banyadala Road, Tamwe Township. Tel : 95-1-200747 (Ext :5544), 09-732 40414

**Mandalay**

A-12 To A-16,78th Street, Between 31st & 32nd Street, Under the Fantasy World, Mandalay.
Tel : 95-2-64589

ဗုဒ္ဓံ ဓမ္မံ သံဃံ

# စိန်သီဟ

## ပလတ်စတစ်ပုံနှိပ်လုပ်ငန်း

Since:1982

# SEIN THI HA PLASTIC PRINTING WORK



- အမှတ် (H.182)၊ (၆၁)လမ်း နှင့် ဓဝရတ်လမ်းထောင့်၊ (ကနောင်မင်းသားကြီးလမ်း-မြောက်ဘက်တစ်ပြ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)၊ မန္တလေးမြို့။
- Factory: 02-5154183, 5153788, Hot Line: 09-2005744, 792005744, 450050070
- Email:www.facebook.com/SEIN THIHA Plastic Printing,Cutting & Packing Co.,Ltd.

ခေတ်မီ လုပ သေသပ် နိုင်ခံ့သော ထုပ်ပိုးအိတ်နှင့် အလိပ်များကို အရည်အသွေးအကောင်းဆုံးနှင့် အလျင်မြန်ဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေပါသည်။

ရေသန့်ဗူးပလပ်စတစ်ပတ်များကိုလည်း ဆောင်ရွက်ပေးပါသည်။

COMMERCE
INTERNATIONAL

# သဘာဝဘေးအန္တရာယ်များကြောင့် ထိုင်းဆန်တင်ပို့မှု စံချိန်သစ်တင်နိုင်

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုနှစ် ဆန်တင်ပို့မှုအား တန်ချိန် ၁၁ သန်းအထိ ရောက်ရှိပြီး အမြင့်ဆုံး စံချိန်တင်နိုင်မည်ဖြစ်ကြောင်း၊ ဒုတိယနှစ်ဝက်အတွင်း သဘာဝဘေးအန္တရာယ် တွေ့ကြုံရသောနိုင်ငံများမှ ဝယ်လိုအားအသစ်များမြောက်မြားစွာရရှိခဲ့၍ဖြစ်ကြောင်း ဖော်ပြထားပါသည်။




ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စအပီရာဒီတန်တရာဘွန်းက ဝန်ကြီးဌာနအနေဖြင့် ယခင်ခန့်မှန်းထားသည့် တန်ချိန် ၁၀ သန်းအစား တိုးမြှင့်ခန့်မှန်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံအများစုမှ ထိုင်းဆန်ဝယ်ယူရန် ကမ်းလှမ်းခဲ့ကြကြောင်း ပြောကြားခဲ့ပါသည်။ အချို့သော ရိုးရာဓလေ့အရ ဝယ်ယူသူများမှာလည်း နှစ်သစ်ကူးပွဲတော်အတွက် ဆန်ဝယ်လိုအား တိုးမြှင့်လာကြောင်း၊ ယခင်ကဝယ်ယူမှုမရှိဘဲ ရပ်တန့်နေသည့် ဖောက်သည်ဟောင်းများကလည်း ဝယ်ယူရန် ပြန်လည်ဆက်သွယ်လာကြကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

ဆန်ဝယ်လိုအားသည် ကမ္ဘာ့တစ်ဝန်း တိုးတက်လျက်ရှိကြောင်း၊ အထူးသဖြင့် ထိုင်းဆန်လက်ကျန်ပယ်ဖျက်လိုက်ခြင်းကြောင့် ယခုနှစ်ကုန်ပိုင်းအတွက် ဆန်ရရှိနိုင်ရန် မသေချာသည့် အခြေအနေအပေါ် စိုးရိမ်ကြ၍ ဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းဝယ်လိုအားကို အပြည့်အဝ ဖြည့်တင်းထားကြရန် တိုက်တွန်းလျက်ရှိကြကြောင်း ထပ်မံပြောကြားပါသည်။

ယခုခန့်မှန်းသည့် တန်ချိန် ၁၁ သန်းမှာ ၂၀၁၆ ခုနှစ်က တင်ပို့ခဲ့သည့် တန်ချိန် ၉ ဒသမ ၉ သန်း၊ ၂၀၁၅ ခုနှစ်က တင်ပို့ခဲ့သည့် တန်ချိန် ၉ ဒသမ ၈ သန်းထက်များစွာ ပိုမိုသော်လည်း ၂၀၁၄ ခုနှစ်က တင်ပို့ခဲ့သည့် တန်ချိန် ၁၀ ဒသမ ၉ သန်းနှင့် ကွာခြားမှုမများပါကြောင်း၊ ဆန်ပို့ကုန် တန်ဖိုးသည် ယခုနှစ်တွင် တိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း၊ ဆန်ဝယ်လိုအား မြင့်မားခြင်းနှင့်အတူ ဆန်လက်ကျန် နည်းပါးနေ၍ ဈေးနှုန်းမြင့်တက်လာမည်ဟု ခန့်မှန်းကြောင်း၊ ထိုင်းဆန်ဖြူစံထားဈေးနှုန်းသည် ယခုအခါ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၁၀ သို့ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ် အစောပိုင်းကရှိခဲ့သည့် အမေရိကန် ဒေါ်လာ ၃၆၀ နှင့် ယမန်နှစ်က ဖြစ်ပေါ်ခဲ့သည့် အမေရိကန် ဒေါ်လာ ၃၅၀ တို့ထက် မြင့်တက်ခဲ့ကြောင်းဝန်ကြီးက ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် စုပုံနေသော ဆန်လက်ကျန်တန်ချိန် ၁၈ သန်းကျော်အား တဖြည်းဖြည်းချင်း ရှင်းလင်းပြီးနောက် ထိုင်းဆန်ဈေးနှုန်း မြင့်တက်ရန် ဖိအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာတို့မှ ဆန်တန်ချိန်လေးသိန်းကို အရေးတကြီး ဝယ်ယူလိုကြောင်း၊ ၎င်းတို့၏ လက်ကျန်ကို ဖြည့်ဆည်းလိုကြောင်း၊ တစ်နိုင်ငံလျှင်တန်ချိန်နှစ်သိန်းစီ လိုအပ်နေကြောင်း၊ ယခုနှစ်အတွင်း မိုးခေါင်မှုနှင့် ရေကြီးမှုတို့ခံစားခဲ့ရပြီး သီးနှံအထွက်နှုန်းကို ထိခိုက်စေခဲ့ကြောင်း၊ ၎င်းနိုင်ငံများသို့ ထိုင်းနိုင်ငံမှ ပုံမှန်ရောင်းချခဲ့ခြင်း မရှိသော်လည်း ယခုအခါဝယ်ယူရန် ချဉ်းကပ်လာကြောင်း၊ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မကြာမီက ရေကြီးမှုဖြစ်ပေါ်၍ သီးနှံပျက်စီးမှု ရှိခဲ့သော်လည်း ဆန်တန်ချိန် ၂၆ သန်းအတွက် စပါးစိုက်ပျိုးထားရှိပြီး ဧရိယာနှင့် နှိုင်းယှဉ်ပါက အင်မတန် နည်းပါးပါကြောင်း ဝန်ကြီးက ပြောကြားသွားပါသည်။

**သောင်းနိုင်(တာချီလိတ်)**
**သတင်းရင်းမြစ်-Bangkok Post**

# ဥရောပနိုင်ငံအနှံ့အပြားနှင့် ဟောင်ကောင်တို့တွင် ပိုးသတ်ဆေးသင့်ကြက်ဥများ ပျံ့နှံ့ရောက်ရှိနေ

ဥရောပနိုင်ငံအနှံ့အပြားနှင့် ဟောင်ကောင်တို့တွင် ပိုးသတ်ဆေးသင့်ကြက်ဥများ ပျံ့နှံ့ရောက်ရှိနေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



ဥရောပနိုင်ငံများတွင် ဖြန့်ချိလျက်ရှိသည့် ကြက်ဥများတွင် Fipronil ဟုခေါ်သည့် တိရစ္ဆာန်များတွင် တွယ်ကပ်တတ်သည့် သန်းများ သတ်ရာတွင် အသုံးပြုသည့် ပိုးသတ်ဆေးများကို ကြက်ဥပြုတ်များတွင် တွေ့ရှိရကြောင်း ဒိန်းမတ်နိုင်ငံမှ တာဝန်ရှိသူများကပြောကြားခဲ့သည်။ ဒိန်းမတ်နိုင်ငံတွင် အဆိုပါကြက်ဥ တန်ချိန် ၂၀ ကို ရောင်းချခဲ့ပြီးဖြစ်သည်ဟုဆိုသည်။

အဆိုပါပိုးသတ်ဆေးသင့်ကြက်ဥများသည် နယ်သာလန်နိုင်ငံမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့တွင်လည်း တွေ့ရှိခဲ့ရသည်။

ပြင်သစ်နိုင်ငံတွင် နယ်သာလန်နိုင်ငံမှ ဇူလိုင် ၁၁ ရက်မှ ၂၆ ရက်အတွင်း တင်သွင်းလာသည့် ကြက်ဥများတွင် ပိုးသတ်ဆေးသင့်ကြက်ဥများကို တွေ့ရှိခဲ့ရကြောင်း ပြင်သစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ကြက်ဥများတင်သွင်းလာမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး ပိုးသတ်ဆေးသင့်ကြက်ဥများ မည်သည့်နေရာသို့ရောက်ရှိနေသည်ကိုပါ စုံစမ်းရမည်ဖြစ်သည်ဟု ပြင်သစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဗြိတိန်နိုင်ငံတွင်လည်း နယ်သာလန်နိုင်ငံမှ တင်သွင်းလာသည့် ကြက်ဥခုနစ်သိန်းနီးပါးကို စစ်ဆေးခဲ့ရာ ပိုးသတ်ဆေးသင့်ကြက်ဥများ ပါဝင်နေသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ဗြိတိန် Food Standard Agency က ထုတ်ဖော်ပြောကြားခဲ့သည်။

ဥရောပကော်မရှင်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Anna-Kaisa Itkonen က ဆွီဒင်နှင့်ဆွစ်ဇာလန်နိုင်ငံတို့ရှိ ဈေးကွက်များတွင် ပိုးသတ်ဆေးသင့်ကြက်ဥများ မည်မျှရောက်ရှိနေပြီကို မသိရှိရသေးကြောင်း ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံမှ အာဏာပိုင်များက ၎င်းတို့၏နိုင်ငံများတွင် နယ်သာလန်နိုင်ငံမှ တင်သွင်းလာသည့် ကြက်ဥများတွင် Fipronil ပိုးသတ်ဆေးများ ပါဝင်နေကြောင်း ဇူလိုင် ၂၀ ရက် သိရှိခဲ့ပြီးနောက် ဇူလိုင် ၂၆ ရက်တွင် နယ်သာလန်နိုင်ငံသို့လည်းကောင်း၊ ဇူလိုင် ၃၁ ရက်တွင် ဂျာမနီနိုင်ငံသို့ လည်းကောင်း အကြောင်းကြားခဲ့ကြောင်း Itkonen က ပြောကြားခဲ့သည်။

အဆိုပါ ပိုးသတ်ဆေးသင့်ကြက်ဥများကို စားသုံးမိပါက အသည်းကင်ဆာဖြစ်ပွားနိုင်ပြီး လည်ပင်းကြီးရောဂါဖြစ်ပွားခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ ဖြစ်ပွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

နယ်သာလန်နိုင်ငံမှ အဆိုပါ ပိုးသတ်ဆေးသင့်ကြက်ဥများ တင်ပို့ခဲ့သည့် ကုမ္ပဏီပေါင်း ၁၄၇ ခုကို ပိတ်သိမ်းခဲ့ကြောင်း နယ်သာလန် Food and Consumer Product Safety က ကြေညာခဲ့သည်။

**မယ်သီတာ**



**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**